ကြေးမုံ
The Mirror Daily
၁၉၅၇ ဧပြီ ၁၆ တွင် စတင်တည်ထောင်သည်။
Established in 1957

e – paper ဖတ်ရှုရန်

၁၃၈၈ ခုနှစ်၊ ဒုတိယဝါဆိုလကွယ်၊ ကြာသပတေးနေ့။ Thursday, 13 August 2026 ၁၂၂၆၉

**အကုသိုလ်မဖြစ်အောင် စောင့်စည်းခြင်းသည် ကောင်း၏**

မျက်စိဖြင့် (အကုသိုလ်မဖြစ်အောင်) စောင့်စည်းခြင်းသည် ကောင်း၏၊ နားဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ နှာခေါင်းဖြင့် စောင့်စည်းခြင်းသည် ကောင်း၏၊ လျှာဖြင့် စောင့်စည်းခြင်းသည် ကောင်း၏။

ဘိက္ခုဝဂ်(ဓမ္မပဒ –၃၆၀)

# ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားကျင်းပ

နေပြည်တော် ဩဂုတ် ၁၂

"နောက်ခံမတူငြား၊ ရည်မှန်းတူထား၊ လူငယ်အား" ဟူသည့် ဆောင်ပုဒ်နှင့်အညီ ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ (International Youth Day–2026) အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာ အပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန–၁ (MICC–1) ၌ ကျင်းပရာ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် တက်ရောက်အမှာစကားပြောကြားပြီး အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများတွင် ထူးချွန်ဆုနှင့် ရွှေတံဆိပ်ဆုရ ထူးချွန်လူငယ်မောင်မယ်များအား ဆုများ ပေးအပ်ချီးမြှင့်သည်။

အဆိုပါအခမ်းအနားသို့ ဒုတိယသမ္မတများဖြစ်ကြသည့် ဦးညိုစောနှင့် ဒေါ်နန်းနီနီအေး၊ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ ဦးခင်ရီ၊ တပ်မတော် ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်ကြီး ရဲဝင်းဦး၊ ပြည်ထောင်စု ဝန်ကြီးများနှင့် ပြည်ထောင်စုအဆင့် ပုဂ္ဂိုလ်များ၊

စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆




နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ဂျပန်နိုင်ငံတွင် ကျင်းပသည့် (၂၇) ကြိမ်မြောက် အထက်တန်းကျောင်းသားများ အနုပညာပွဲတော်တွင် မြန်မာနိုင်ငံကိုယ်စားပြု ပန်းချီထူးချွန်ပညာရှင် (Winner ဆု) ရရှိခဲ့သည့် အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း (မုဒုံ)မှ Grade–11 ကျောင်းသူ မသော်တာဦးအား ဆုပေးအပ်ချီးမြှင့်စဉ်။



ဝဝန်တာ၏ အောက်ခံမြစ်ကျိုးအင်း သဲကြောမှ ထူးပေါက်၍ တာတမံနိမ့်ကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်မှုကို ပိတ်ဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်နေစဉ်။

# ဝဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ တာတမံနိမ့်ကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်မှုကို နေ့ဆိုင်း၊ ညဆိုင်းဖြင့် ပိတ်ဖို့ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ပုသိမ် ဩဂုတ် ၁၂

ဝဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ တာတမံနိမ့်ကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်မှုကို ပို့ဆောင်ရေးဝန်ကြီးဌာန၊ စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်းဝန်ကြီးဌာနနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနတို့မှ တာဝန်ရှိသူများ ပူးပေါင်းပြီး နေ့ဆိုင်း၊ ညဆိုင်းဖြင့် ပိတ်ဖို့ခြင်းလုပ်ငန်းများကို ဆောင်ရွက်လျက်ရှိကြောင်း ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော်က ယနေ့နံနက်ပိုင်းတွင် လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံစဉ် ပြောကြားသည်။

စာမျက်နှာ ၅ ကော်လံ ၄ သို့ ○

## လေဖိအားနည်းရပ်ဝန်းအခြေအနေ

နေပြည်တော် ဩဂုတ် ၁၂

ယနေ့မွန်းလွဲ ၃ နာရီခွဲတိုင်းထွာချက်များအရ ဘင်္ဂလားပင်လယ်အော်မြောက်ပိုင်းနှင့် အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ် ကမ်းလွန်–ဘင်္ဂလားဒေ့ရှ်နိုင်ငံ ကမ်းခြေတို့တွင် ဖြစ်ပေါ်နေသော လေဖိအားနည်းရပ်ဝန်းသည် ဆက်လက်တည်ရှိနေသည်။ အဆိုပါ လေဖိအားနည်းရပ်ဝန်းသည် နောက် ၁၂ နာရီအတွင်း ပိုမိုအားကောင်းလာပြီး အားကောင်းသော လေဖိအားနည်းရပ်ဝန်းအဖြစ်သို့လည်းကောင်း၊ နောက် ၃၆ နာရီအတွင်း အနောက်မြောက်ဘက်သို့ ရွေ့လျားနိုင်ပြီး မုန်တိုင်းငယ်အဖြစ်သို့လည်းကောင်း ပိုမိုအားကောင်းလာနိုင်ကာ အိန္ဒိယနိုင်ငံ အနောက်ဘင်္ဂလားပြည်နယ်နှင့် ယင်းနှင့်ဆက်စပ်လျက်ရှိသော ဘင်္ဂလားဒေ့ရှ်နိုင်ငံကမ်းခြေတို့ကို ဖြတ်ကျော်နိုင်သည်ဟု ခန့်မှန်းရသည်။ မိုး/ဇလ



စဉ့်ကိုင်မြို့နယ်၌ ဒုဋ္ဌဝတီမြစ်ရေ မြင့်တက်မှုကြောင့် ရေဝင်ရောက်ခဲ့သည့် ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ကူညီရွှေ့ပြောင်းပေးစဉ်။

# စဉ့်ကိုင်မြို့နယ်၌ ဒုဋ္ဌဝတီမြစ်ရေ မြင့်တက်မှုကြောင့် ရေဝင်ရောက်ခဲ့သည့် ကျေးရွာများမှ ရေဘေးသင့်ပြည်သူများအား ထောက်ပံ့ရေးပစ္စည်းများ ပေးအပ်

မန္တလေး ဩဂုတ် ၁၂

မိုးသည်းထန်စွာရွာသွန်းမှုဖြစ်စဉ်များကြောင့် ကျောက်ဆည်ခရိုင် စဉ့်ကိုင်မြို့နယ်အတွင်း ဒုဋ္ဌဝတီမြစ်ရေမြင့်တက်ခဲ့ပြီး ကျေးရွာအုပ်စု ရှစ်ခု၊ ကျေးရွာ ၂၄ ရွာတွင် မြစ်ရေ ဝင်ရောက်ခဲ့သဖြင့် ရေဝင်ရောက်နေမှု၊ မြစ်ရေများ ကျေးရွာများအတွင်းဖြတ်၍ အင်းအတွင်းစီးဆင်းနေမှု၊ အခြေခံပညာကျောင်းများ ယာယီပိတ်ထားရမှုတို့ကို

စာမျက်နှာ ၅ ကော်လံ ၁ သို့ ❒



ကြေးမုံ

# နိုင်ငံတည်ငြိမ်အေးချမ်းဖွံ့ဖြိုးရေး ငြိမ်းချမ်းရေးအကောင်အထည်ဖော်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးဆောင်သည့် အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှုဗဟိုကော်မတီသည် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များ ဖော်ဆောင်ရာတွင် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရန်နှင့် နိုင်ငံရေးပြဿနာကို နိုင်ငံရေးနည်းဖြင့်ဖြေရှင်းရန် အထူးလိုအပ်သည်ဟု ယုံကြည်ပြီး နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးနှင့် တည်ငြိမ်အေးချမ်းရေးတို့အတွက် ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအား အကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန် ကြိုတင်ကန့်သတ်ချက်များမထားသည့် ဆွေးနွေးပွဲများ ပြုလုပ်နိုင်ရန် ကြေညာချက်အမှတ် ၁/၂၀၂၆ ဖြင့် ၂၀၂၆ ခုနှစ် ဧပြီ ၂၁ ရက်က တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများကို ငြိမ်းချမ်းရေး ကမ်းလှမ်းဖိတ်ခေါ်ခဲ့သည်။

ထိုသို့ဖိတ်ခေါ်ချက်အရ အမျိုးသားစည်းလုံးညီညွတ်ရေးနှင့် ငြိမ်းချမ်းရေးဖော်ဆောင်မှု ညှိနှိုင်းရေးကော်မတီ(NSPNC)နှင့် ရှမ်းနီအမျိုးသားညီညွတ်ရေးအဖွဲ့၊ ရှမ်းပြည်ပြန်လည်ထူထောင်ရေးကောင်စီ(RCSS)၊ ရှမ်းပြည်တိုးတက်ရေးပါတီ(SSPP)၊ အမျိုးသားဒီမိုကရက်တစ်မဟာမိတ်အဖွဲ့(NDAA)၊ "ဝ"ပြည်သွေးစည်းညီညွတ်ရေးပါတီ (UWSA)၊ မွန်ပြည်သစ်ပါတီ(NMSP)၊ ကရင်အမျိုးသားအစည်းအရုံး/ကရင်အမျိုးသားလွတ်မြောက်ရေးတပ်မတော်- ငြိမ်းချမ်းရေးကောင်စီ(KNU/KNLA-PC)၊ ဒီမိုကရေစီအကျိုးပြု ကရင်တပ်မတော်(DKBA)၊ ပလောင်လွတ်မြောက်ရေးတပ်မတော်(TNLA)၊ ရခိုင်ပြည်လွတ်မြောက်ရေးပါတီ(ALP)၊ လားဟူ ဒီမိုကရက်တစ်အစည်းအရုံး (LDU)စသည့် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့အစည်းများနှင့် တွေ့ဆုံဆွေးနွေးနိုင်ခဲ့သည်။

မြန်မာနိုင်ငံသည် လွတ်လပ်ရေးရရှိပြီးသည့်အချိန်မှစ၍ ယနေ့အချိန်အထိ လက်နက်ကိုင်ပဋိပက္ခများကြောင့် ငြိမ်းချမ်းရေးနှင့် အလှမ်းဝေးနေဆဲဖြစ်သည်။ ခေတ်အဆက်ဆက်အစိုးရများနှင့် တပ်မတော်အနေဖြင့် လက်နက်ကိုင်ပဋိပက္ခများ ချုပ်ငြိမ်းရေးအတွက် အမျိုးမျိုးအဖုံဖုံ ကြိုးပမ်းဆောင်ရွက်ခဲ့သည်။ ယနေ့နိုင်ငံတော်အစိုးရသစ်လက်ထက်တွင် တိုင်းပြည်တည်ငြိမ်အေးချမ်းရေးနှင့် တစ်နိုင်ငံလုံး ထာဝရငြိမ်းချမ်းရေးရရှိရေးအတွက် ခိုင်မာသောသန္နိဋ္ဌာန်ချမှတ်ပြီး မဖြစ်မနေ ကြိုးပမ်းအကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိသည်။ ထာဝရငြိမ်းချမ်းရေး ရရှိရန်အတွက် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအားလုံးကို ဖိတ်ခေါ်ဆွေးနွေး ဆောင်ရွက်လျက်ရှိရာ ယခုအစိုးရသစ်လက်ထက်တွင် တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များနှင့် တွေ့ဆုံဆွေးနွေးမှုသည် နိုင်ငံတော်၏ အနာဂတ်အတွက် ကောင်းမွန်သည့် တိုးတက်ဖြစ်ထွန်းမှုများ ရရှိလာခဲ့သည်။

နိုင်ငံတော်အနေဖြင့် ပြည်သူများလိုလားသည့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် နိုင်ငံတော်သစ်ကို တည်ဆောက်ရာတွင် ထာဝရငြိမ်းချမ်းရေးရရှိရန် လိုအပ်သည့်အတွက် ဖွဲ့စည်းပုံအခြေခံဥပဒေ(၂၀၀၈ ခုနှစ်)နှင့်အညီ ဦးတည်လျှောက်လှမ်း ကြိုးပမ်းဆောင်ရွက်လျက်ရှိသည်။ မျက်မှောက်ကာလတွင် ကမ္ဘာပေါ်ရှိ ပြည်တွင်းပဋိပက္ခများဖြစ်ပွားခဲ့သော နိုင်ငံများကို လေ့လာကြည့်မည်ဆိုပါက လက်နက်ကိုင်ပဋိပက္ခများချုပ်ငြိမ်းပြီး တိုင်းပြည်တည်ငြိမ်အေးချမ်းသာယာဝပြောနေသည်ကို တွေ့ရမည်ဖြစ်သည်။ မြန်မာနိုင်ငံအနေဖြင့် ကမ္ဘာပေါ်တွင် လက်နက်ကိုင်ပဋိပက္ခများ အရှည်ကြာဆုံးနိုင်ငံအဖြစ် တွေ့ရမည်ဖြစ်ပြီး တိုင်းပြည်တိုးတက်ရေးအတွက် ရှေ့မတိုးသာအခြေအနေဖြစ်ပေါ်နေသည်မှာ လက်နက်ကိုင်ပဋိပက္ခများကြောင့်ပင်ဖြစ်သည်။

ထာဝရငြိမ်းချမ်းရေးရရှိရန်အတွက် ဆွေးနွေးညှိနှိုင်း ဆောင်ရွက်ကြရာတွင် မိမိတို့၏ ဖြစ်လိုသည်များထက် ပြည်ထောင်စုကြီးအတွက် ဖြစ်သင့်သည်များကို ဦးစားပေး ဆွေးနွေးညှိနှိုင်းဆောင်ရွက်ကြရမည်ဖြစ်သည်။ ယခု ဆွေးနွေးညှိနှိုင်းခဲ့ကြသော တိုင်းရင်းသားလက်နက်ကိုင်အဖွဲ့များအနေဖြင့် ထာဝရငြိမ်းချမ်းရေးရရှိရေးကို အမှန်တကယ်လိုလားလက်ခံကြသည်မှာ ပေါ်လွင်နေသည်။ နိုင်ငံတော်ကို မိဘကဲ့သို့ သဘောထားပြီး မိဘဖြစ်သည့် နိုင်ငံတော်၏ အရိပ်အာဝါသအောက်တွင် တိုင်းရင်းသားပြည်သူများက မိမိဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများတွင် ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်ကြရန် ခံယူထားကြသူများဖြစ်သည်။ နိုင်ငံတော်အစိုးရနှင့် မကြာခဏ တွေ့ဆုံဆွေးနွေးခဲ့ပြီး ပိုမိုရင်းနှီးသည့်ဆက်ဆံရေးမှ နှစ်ဖက်ယုံကြည်မှုကို မြှင့်တင်ဆောင်ရွက်နိုင်မည်ဟု လက်ခံထားကြသည်။ နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်နှင့် ဒေသဖွံ့ဖြိုးရေးလမ်းညွှန်မှုများကို ဒေသခံပြည်သူများအား ချပြဆောင်ရွက်မည်ဖြစ်ပြီး နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးနှင့် ဒေသတည်ငြိမ်ရေးအတွက် အလေးထား ပူးပေါင်းဆောင်ရွက်သွားမည်ဟု သဘောတူထားကြသည်။

နှစ်ဖက်ယုံကြည်မှုတည်ဆောက်ရေး အလားအလာကောင်းများနှင့် နိုင်ငံရေးဆွေးနွေးမှုရလဒ်များသည် နိုင်ငံတော်၏ ငြိမ်းချမ်းရေးလုပ်ငန်းစဉ်များအတွက် များစွာအထောက်အကူပြုပြီး ပညာရေး၊ ကျန်းမာရေး၊ ဒေသဖွံ့ဖြိုးရေးလိုအပ်ချက်များနှင့် နှစ်ဖက်တိုက်ရိုက်ဆက်ဆံရေးခိုင်မာစေသည့် တင်ပြဆွေးနွေးချက်များကို နိုင်ငံတော်အကြီးအကဲထံ ဆက်လက်တင်ပြပြီး ညွှန်ကြားချက်မူဝါဒများနှင့်အညီ သက်ဆိုင်ရာအဖွဲ့အစည်းများနှင့် ချိတ်ဆက်ဆောင်ရွက်သွားမည်ဖြစ်သည်။ နိုင်ငံတော်အနေဖြင့် ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် လိုအပ်သည့် အခြေခံအဆောက်အအုံများကို ဖြည့်ဆည်းဆောင်ရွက်ပေးသွားမည်ဖြစ်ပြီး အွန်လိုင်းလိမ်လည်မှု၊ လောင်းကစားမှုများပပျောက်ရေးနှင့် မူးယစ်ဆေးဝါးပပျောက်ရေးလုပ်ငန်းများကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သွားမည်ဖြစ်ရာ ဒေသတည်ငြိမ်အေးချမ်းရေး၊ ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ကြိုးပမ်းဆောင်ရွက်ပြီး ပြည်ထောင်စုကြီး ထာဝရငြိမ်းချမ်းရေးရရှိအောင် ဝိုင်းဝန်းပူးပေါင်းလက်တွဲဆောင်ရွက်ရမည်ဖြစ်ပါကြောင်း။ ။


## ၂၀၂၆-၂၀၂၇ ပညာသင်နှစ်
## ကျောင်းကျန်းမာရေးသီတင်းပတ်လှုပ်ရှားမှုများ
## (၁၀-၈-၂၀၂၆) ရက်နေ့မှ (၁၄-၈-၂၀၂၆) ရက်နေ့ထိ

၁။ ကျောင်းအခြေပြု ကျန်းမာရေး အသိပညာမြှင့်တင်ရေးလုပ်ငန်း၊
၂။ ကျောင်းပတ်ဝန်းကျင်သန့်ရှင်းရေးလုပ်ငန်း၊
၃။ ကျောင်းကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်း၊
၄။ ကျောင်းအခြေပြု ရောဂါကာကွယ်ရေးလုပ်ငန်း၊
၅။ ကာယပညာနှင့် အားကစားလုပ်ငန်း၊
၆။ ကျောင်းတွင်း အာဟာရဖွံ့ဖြိုးရေးနှင့် အစားအစာများ အန္တရာယ် ကင်းဝေးရေးလုပ်ငန်း၊
၇။ ပြည်သူလူထု၏ ပူးပေါင်းပါဝင်မှုနှင့် ကျောင်းမှပြည်သူတွင်းသို့ မှုမှန်လူနေမှုဘဝဟန်များ ရောက်ရှိရေးလုပ်ငန်း၊
၈။ နှစ်သိမ့်ပညာပေးဆွေးနွေးခြင်းနှင့် လူမှုရေးပံ့ပိုးမှုလုပ်ငန်း၊
၉။ သင်တန်းနှင့် သုတေသနလုပ်ငန်း။


## ၁၂ - ၈ - ၂၀၂၆ ရက်နေ့ ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေး

သိပ်သည်းဆ ၁၉.၂၅ ဂရမ်/ ကုဗစင်တီမီတာနှင့်အထက်ရှိ စံချိန်မီရွှေတစ်ကျပ်သား (၁၆.၃၂၉၃၂၅ ဂရမ်)၏ ဈေးနှုန်းမှာ ငွေကျပ် ၇၀၅၀၀၀၀ ဖြစ်သည်။

ဓာတ်သတ္တု(ရွှေ) ရည်ညွှန်းဈေးသတ်မှတ်ရေးကော်မတီ

## (၁၂-၈-၂၀၂၆) ရက်နေ့ရှိ နိုင်ငံခြားငွေကြေးဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏနှင့် ငွေလဲလှယ်နှုန်းများ

| | အမေရိကန်ဒေါ်လာ | တရုတ်ယွမ် | ထိုင်းဘတ် | အိန္ဒိယရူပီး |
|---|---|---|---|---|
| ငွေလဲလှယ်နှုန်း | ၃၆၄၈ ~ ၃၆၆၉ | ၅၅၅.၃ ~ ၅၅၈.၇ | ၁၂၅.၃ ~ ၁၂၅.၇ | ၄၃.၆ |
| ဈေးကွက်အတွင်း ရောင်းဝယ်သည့် ပမာဏ | ၈,၅၅၃,၉၁၃.၄၃ | ၁၀,၈၁၈,၂၆၆.၆၃ | ၃,၂၀၉,၁၉၅.၈၃ | - |

ဈေးကွက်အတွင်း ရောင်းဝယ်သည့်ပမာဏမှာ စားသုံးဆီ၊ ဆေးနှင့်ဆေးဝါးကုန်ကြမ်းပစ္စည်း၊ စက်မှုကုန်ကြမ်း၊ စားသုံးကုန်စည်၊ ကား/ဆိုင်ကယ်အပိုပစ္စည်း၊ ဆောက်လုပ်ရေးလုပ်ငန်းသုံးပစ္စည်း တင်သွင်းခြင်းတို့အတွက် ရောင်းချပေးခဲ့ခြင်းဖြစ်ပါသည်။ CMP ကဏ္ဍမှဝင်ရောက်ငွေကို စားသုံးဆီကဏ္ဍနှင့် CMP ကဏ္ဍတို့သို့ ရောင်းချပေးခဲ့ပါသည်။

မြန်မာနိုင်ငံတော်ဗဟိုဘဏ်

## ပန်းတောင်းမြို့နယ်အတွင်းရှိ ဆိတ်မွေးမြူရေးလုပ်ငန်းဆောင်ရွက်ထားရှိမှု ကွင်းဆင်းကြည့်ရှု

ပန်းတောင်း ဩဂုတ် ၁၂

ပဲခူးတိုင်းဒေသကြီး ပန်းတောင်းမြို့နယ်အတွင်းရှိ ဒေသတွင်းမွေးမြူရေးကဏ္ဍ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးအတွက် တိုင်းဒေသကြီးနိုင်ငံ့စီးပွားမြှင့်တင်ရေးရန်ပုံငွေဖြင့် ပံ့ပိုးငွေကျပ်သန်း ၂၀ ရယူ၍ ဆိတ်မွေးမြူရေးလုပ်ငန်း ဆောင်ရွက်သော ဒန့်ဒလွန်အုပ်စု ဒို့လယ်သမားသမဝါယမအသင်းသားတောင်သူသုံးဦး၏ ဆိတ်ကောင်ရေ ၁၀၀ မွေးမြူထားရှိမှုကို စနစ်ကျသော မွေးမြူရေးဖြစ်စေရေးအတွက် ပန်းတောင်းမြို့နယ်သမဝါယမဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများက ယမန်နေ့တွင် ကွင်းဆင်းကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

သတင်းစဉ်

## ရန်ကုန်စတော့အိတ်ချိန်းဈေးကွက်

၁၂ - ၈ - ၂၀၂၆

| ကုမ္ပဏီအမည် | အဖွင့်ဈေး (ကျပ်) | အပိတ်ဈေး (ကျပ်) | ရှယ်ယာစောင်ရေ | ရှယ်ယာတန်ဖိုး (ကျပ်) |
|---|---|---|---|---|
| FMI | ၁၈,၀၀၀ | ၁၈,၀၀၀ | ၈၆၁ | ၁၅,၄၉၈,၀၀၀ |
| MTSH | ၈,၅၀၀ | ၈,၆၀၀ | ၇,၇၁၆ | ၆၆,၀၂၇,၆၀၀ |
| MCB | ၁၃,၀၀၀ | ၁၃,၀၀၀ | ၀ | ၀ |
| FPB | ၆,၈၀၀ | ၆,၈၀၀ | ၂၀၃ | ၁,၃၈၀,၄၀၀ |
| TMH | ၃,၅၀၀ | ၃,၅၅၀ | ၁၀၇ | ၃၇၈,၅၀၀ |
| EFR | ၂,၀၀၀ | ၁,၉၅၀ | ၁,၆၇၈ | ၃,၂၇၅,၉၅၀ |
| AMATA | ၄,၁၀၀ | ၄,၁၀၀ | ၂၂၈ | ၉၃၄,၈၀၀ |
| MAEX | ၆,၆၀၀ | ၆,၇၀၀ | ၁,၄၀၅ | ၉,၂၇၃,၅၀၀ |
| MADPL(PLB) | ၆,၃၀၀ | ၆,၃၀၀ | ၁,၉၀၅ | ၁၂,၀၀၁,၅၀၀ |
| ASPGB(PLB) | ၆,၇၀၀ | ၆,၉၀၀ | ၆,၅၂၃ | ၄၃,၉၈၃,၁၀၀ |

ရန်ကုန်စတော့အိတ်ချိန်းမှရယူသည်။


ကြေးမုံ

စာတည်းမှူးချုပ် - ဝင်းနိုင်
စာတည်းမှူး - အေဝမ်းစိုး
စာတည်းများ - စန်းအောင်၊ ခင်ခင်သက်၊ ယုဝါဝါ၊ သီသီမင်း၊ ဟိန်းထက်လင်း၊ သက်ထွေး၊ စန်းယဉ်ဥ၊ နိုင်လင်းကြည်
ဘာသာပြန် - အောင်ကျော်ကျော်၊ စိုးသူရ
အကြီးတန်း သတင်းထောက်များ - ခင်မို့မို့အောင်၊ ခင်မျိုးနိုင်၊ မာမာစိုး၊ ခိုင်သန္တာရွှေ၊ ခင်ယုဆွေ၊ အိအိမွန်
အငယ်တန်း သတင်းထောက်များ - အောင်ကျော်ဦး၊ သန်းတင်အောင် ခင်သက်မွန်၊ မြသီတာ
သုတေသန - ဇင်မာဝင့်
စာပြင် - ခင်နှင်းယုနှင့်အဖွဲ့
စာမျက်နှာဖွဲ့စည်းမှုနှင့် ဒီဇိုင်း - နီလာစိုးနှင့်အဖွဲ့
အီးမေးလ်နှင့် အွန်လိုင်း - စိုးချစ်ဦးနှင့်အဖွဲ့



ပုံနှိပ်ခြင်းလုပ်ငန်းအမှတ် (၀၀၆၄၀)၊ ပုံနှိပ်ထုတ်ဝေခွင့်အမှတ်(၀၀၇၇၁)ဖြင့် ကြေးမုံသတင်းစာတိုက်က ထုတ်ဝေသည်။



themirror.npt@gmail.com
https://www.moi.gov.mm/km

နေပြည်တော် - စာတည်းမှူး ၀၆၇-၃၆၁၂၆၊ စာတည်းအဖွဲ့ ၀၆၇-၃၆၁၂၈၊ ၀၆၇-၃၆၁၃၀၊ ဖက်စ် ၀၆၇-၃၆၁၂၅
ရန်ကုန်ရုံးခွဲ - အမှတ် ၇၇၊ ၅၂ လမ်းနှင့် မဟာဗန္ဓုလလမ်းထောင့်၊ ပုဇွန်တောင်မြို့နယ်၊ ရန်ကုန်မြို့၊ စာတည်းဌာန ၀၁-၂၉၂၈၃၂
မန်နေဂျာ - ၀၁-၈၆၁၀၀၆၈၅၊ စီမံ/ငွေစာရင်း ၀၁-၂၉၁၄၅၄၊ ဖြန့်ချိရေး ၀၁-၂၉၂၈၃၀၊ ကြော်ငြာ ၀၁-၃၉၇၃၃၀၊ ဖက်စ် ၀၁-၂၀၃၃၅၁



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနားတွင် အမှာစကားပြောကြားစဉ်။

☆ ရှေ့ဖုံးမှ

ကာကွယ်ရေးဦးစီးချုပ်ရုံးမှ အဆင့်မြင့်တပ်မတော် အရာရှိကြီးများ၊ နေပြည်တော် ကောင်စီဥက္ကဋ္ဌ၊ နေပြည်တော် တိုင်းစစ်ဌာနချုပ် တိုင်းမှူး၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ လူမှုရေးရာဝန်ကြီးများ၊ မြန်မာနိုင်ငံလူငယ်ရေးရာ ဗဟိုကော်မတီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ လူငယ်ရေးရာ လုပ်ငန်းကော်မတီအဖွဲ့ဝင်များ၊ ပါမောက္ခချုပ်များ၊ ထူးချွန်လူငယ်မောင်မယ်များ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ လူငယ်ကိုယ်စားလှယ်များ၊ မသန်စွမ်းလူငယ် ကိုယ်စားလှယ်များ၊ ရေကြောင်းလူငယ်၊ လေကြောင်းလူငယ်၊ ကင်းထောက်လူငယ်နှင့် ကြက်ခြေနီလူငယ်များ၊ နေပြည်တော် ကောင်စီနယ်မြေအတွင်းရှိ တက္ကသိုလ်၊ ကောလိပ်၊ သိပ္ပံကျောင်းများမှ ဆရာ ဆရာမများနှင့် ကျောင်းသား ကျောင်းသူများ၊ အသင်းအဖွဲ့များမှ ကိုယ်စားလှယ်များနှင့် ဖိတ်ကြားထားသူများ တက်ရောက်ကြသည်။

ဦးစွာ အခမ်းအနားကို စတင်ကျင်းပရာ နိုင်ငံတော်သမ္မတနှင့် အခမ်းအနား တက်ရောက်လာကြသူများသည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အလံအား အလေးပြုကြသည်။

ထို့နောက် အမှတ်(၁၁) အခြေခံပညာ အထက်တန်းကျောင်း နေပြည်တော် ကောင်စီနယ်မြေမှ ကျောင်းသား ကျောင်းသူ လူငယ်မောင်မယ်လေးများက လူငယ်ဂုဏ်ပြု တေးသီချင်းဖြစ်သည့် “လူငယ့်စွမ်းရည်” တေးသီချင်းဖြင့် သရုပ်ဖော်ကပြ တင်ဆက်ကြသည်။

ယင်းနောက် နိုင်ငံတော်သမ္မတက အမှာစကားပြောကြားရာတွင် ၁၉၉၈ ခုနှစ် ပေါ်တူဂီနိုင်ငံတွင် ပထမအကြိမ်အဖြစ် ကျင်းပပြုလုပ်ခဲ့သည့် လူငယ်ဆိုင်ရာဝန်ကြီးများ၏ ကမ္ဘာ့ညီလာခံဆုံးဖြတ်ချက်အရ နှစ်စဉ်နှစ်တိုင်း ဩဂုတ် ၁၂ ရက်ကို အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အဖြစ် သတ်မှတ်ပြီး ကမ္ဘာ့နိုင်ငံ အသီးသီးတွင် ကျင်းပပြုလုပ်ခဲ့သည်မှာ ယခုနှစ်ဆိုပါက ၂၇ နှစ်တိုင်တိုင် ရှိခဲ့ပြီဖြစ်ကြောင်း။

ယနေ့ ကျင်းပပြုလုပ်သည့် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့သည် ကမ္ဘာတစ်ဝန်းလုံးတွင် ရှိသော လူငယ်များ၏ အရေးပါလှသည့် အခန်းကဏ္ဍနှင့် လူငယ်များ၏အင်အားနှင့် စွမ်းဆောင်ရည်များကို အသိအမှတ်ပြုဂုဏ်ပြုကြိုဆိုသည့် နေ့တစ်နေ့ဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်များ၏အသံ၊ သဘောထားအမြင်နှင့် အားမာန်များကို နိုင်ငံတော်၏ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပါဝင်နိုင်ကြရန် တိုက်တွန်းနှိုးဆော်အားပေးသည့်နေ့ ဖြစ်သည်ဟု ဆိုနိုင်မည်ဖြစ်ကြောင်း။

ယနေ့ကမ္ဘာကြီးသည် လျင်မြန်စွာ တိုးတက်ပြောင်းလဲနေသည်ကို အားလုံးအသိပင်ဖြစ်ကြောင်း၊ ထိုသို့ ရုပ်ပိုင်းဆိုင်ရာပြောင်းလဲမှုများ၊ ဒီဂျစ်တယ်နှင့် ဉာဏ်ရည်တုနည်းပညာများ ဖွံ့ဖြိုးတိုးတက်လာသည်နှင့်အတူ ရာသီဥတုဖောက်ပြန် ပြောင်းလဲမှုများ၊ သဘာဝဘေးအန္တရာယ် ရိုက်ခတ်မှုများ၊ လူမှုစီးပွား စိန်ခေါ်မှုများသည် နိုင်ငံတစ်နိုင်ငံချင်းစီ၏ နယ်နိမိတ်များကို ကျော်လွှန်ပြီး ကမ္ဘာလုံးဆိုင်ရာ ဘုံအရေးကိစ္စများအနေဖြင့် ပေါ်ပေါက်လျက်ရှိနေကြောင်း။

ယခုကဲ့သို့ စိန်ခေါ်မှုများဖြေရှင်းဆောင်ရွက်သည့် အခါတွင်လည်း မျိုးဆက်သစ် လူငယ်များ၏ တက်ကြွသည့် ပေါင်းစည်းအား၊ အခက်အခဲကို အခွင့်အရေးအဖြစ် အသွင်ပြောင်းလဲနိုင်မှု အရည်အသွေးနှင့် ဆန်းသစ်တီထွင်ဖန်တီးနိုင်မှုများသည် အဓိက မောင်းနှင်အားများအဖြစ် ပါဝင်နေကြကြောင်း။

ထိုသို့ အနာဂတ်အတွက်အရေးပါသည့် စွမ်းအားစုများဖြစ်သည့် လူငယ်များ၏ ရည်မှန်းချက်နှင့် အခွင့်အလမ်းများကို ပိုမိုဖော်ဆောင်ပေးနိုင်ရန်နှင့် လူငယ်များ ကြုံတွေ့နေရသည့် အခက်အခဲများကို ကျော်လွှားနိုင်ရန်အတွက် ထိရောက်သည့် ပံ့ပိုးကူညီမှုများနှင့် ရင်းနှီးမြှုပ်နှံမှုများကို စနစ်တကျ ချဉ်းကပ်ဆောင်ရွက်နိုင်ရေးသည်လည်း အလွန်ပင်အရေးကြီးလှကြောင်း။

ကုလသမဂ္ဂအဖွဲ့ကြီး၏ ၂၀၂၆ ခုနှစ်၊ ကမ္ဘာ့လူဦးရေဆိုင်ရာ အဓိက အချက်အလက်များကို ကောက်နုတ် ဖော်ပြချက်အရ ယနေ့ကမ္ဘာပေါ်တွင် အသက် (၁၅)နှစ်နှင့် (၂၄)နှစ်အကြား လူငယ်လူဦးရေသည် ၁ ဒသမ ၃ ဘီလီယံခန့်ရှိပြီး အဆိုပါလူငယ်လူဦးရေ၏ ထက်ဝက်ကျော်သည် ဝင်ငွေနည်းပါးသည့် နိုင်ငံများနှင့် ဝင်ငွေအလယ်အလတ်အောက်တွင်ရှိသည့် နိုင်ငံများတွင် နေထိုင်ကြသည်ကို တွေ့ရှိရကြောင်း။

ထို့ပြင် လူငယ်များ၏ ကျန်းမာရေး၊ လူမှုစီးပွားဘဝ ကောင်းမွန်စေရန် ရင်းနှီးမြှုပ်နှံပေးရေး၊ အရည်အသွေးရှိသည့် ပညာရေးနှင့် သင့်လျော်ကောင်းမွန်သည့် လုပ်ငန်းခွင်အခွင့်အလမ်းများ ဖန်တီးပေးရေး၊ လူ့အဖွဲ့အစည်းအတွင်း လူငယ်များ အပြည့်အဝ ပါဝင်နိုင်ရန် ဆောင်ရွက်ပေးရေးတို့ကို ဖြည့်ဆည်းပေးရန် လိုအပ်နေသည်ကိုလည်း အလေးပေး ဖော်ပြထားကြောင်း။

အဆိုပါ အခြေအနေများကို ထင်ဟပ်ဖော်ပြသည့် အနေဖြင့် ကုလသမဂ္ဂအဖွဲ့ကြီးက ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အတွက် ဆောင်ပုဒ်ကို **“နောက်ခံ မတူကြား၊ ရည်မှန်းတူထား၊ လူငယ်အား– Different Contexts, Common Aspirations”** အဖြစ် ရွေးချယ်သတ်မှတ်ထားသည်ကို တွေ့ရှိရကြောင်း၊ လူငယ်များနေထိုင်ရာ နိုင်ငံနယ်နိမိတ်များ၊ အဆင့်အတန်းများ သို့မဟုတ် နောက်ခံအခြေအနေ အကြောင်းအရာများက မတူကွဲပြားနေစေကာမူ လူငယ်အသီးသီး၏ ဂုဏ်သိက္ခာများ၊ အခွင့်အရေးများ၊ ပူးပေါင်းပါဝင်ခွင့်များကို မြှင့်တင်ရေးနှင့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်နေသည့် အနာဂတ်ကို ဖန်တီးရေးတို့သည် လူငယ်များ၏ တူညီသည့် မျှော်မှန်းချက်အဖြစ် တည်ရှိနေသည်ကို ယခုနှစ်ဆောင်ပုဒ်က မီးမောင်းထိုးပြနေကြောင်း။

ဆက်လက်ပြီး ယခုနှစ်ဆောင်ပုဒ်တွင် အခွင့်အလမ်းများ အပြည့်အဝ ရရှိနိုင်ရန်အတွက် စိန်ခေါ်မှုများနှင့် ရင်ဆိုင်နေကြရသည့် ဖွံ့ဖြိုးဆဲနိုင်ငံအသီးသီးက လူငယ်များအနေဖြင့် လူမှုအသိုက်အဝန်း ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်များတွင်ရှေ့တန်းမှ တက်တက်ကြွကြွဖြင့် ပါဝင်ဆောင်ရွက်နေကြသည့် စွမ်းအားတစ်ရပ်ဖြစ်သည်ကို ညွှန်းဆိုထားကြောင်း၊ အဆိုပါအချက်ကို နိုင်ငံအသီးသီးနှင့် လူ့အဖွဲ့အစည်းအသီးသီးက အသိအမှတ်ပြုပြီး လူငယ်များကို ပံ့ပိုးကူညီ ဖြည့်ဆည်းပေးရန်နှင့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး ကြိုးပမ်းမှုများတွင် လူငယ်တစ်ဦးတစ်ယောက်၏ စွမ်းအားကို နောက်ကျကျန်မနေစေရန်အတွက် အလေးထား တိုက်တွန်းထားသည်ကို တွေ့ရှိရကြောင်း။

ကမ္ဘာ့နိုင်ငံအသီးသီးကလည်း လူငယ်များ၏ အနာဂတ်အလားအလာကောင်းများကို အားပေးမြှင့်တင် ဆောင်ရွက်သည့်အခါတွင် ဘက်စုံဖွံ့ဖြိုးတိုးတက်မှုများအတွက် အဓိကအခြေခံအုတ်မြစ်များဖြစ်ကြသည့် ပညာသင်ကြားသင်ယူမှု အခွင့်အလမ်းများကို လက်လှမ်းမီရရှိစေရေး၊ ရုပ်ပိုင်းနှင့် စိတ်ပိုင်းဆိုင်ရာ ကျန်းမာရေးများကို မြှင့်တင်ဆောင်ရွက်ပေးနိုင်ရေးတို့ကို အလေးထားဆောင်ရွက်ပေးလျက်ရှိကြကြောင်း။

ထို့ပြင် အလုပ်အကိုင်အခွင့်အလမ်းများကို ပိုမိုဖန်တီးပေးနိုင်ရေးနှင့် လူငယ်များအတွက် လိုအပ်သည့် ၂၁ ရာစု တတ်ကျွမ်းမှုများကို သင်ယူနိုင်စေရေးတို့အတွက် ဦးတည်ဆောင်ရွက်နေကြသည်ကိုလည်း တွေ့ရှိရမည်ဖြစ်ကြောင်း။

စာမျက်နှာ ၄ သို့ ☆


နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းနိုင်ငံတွင် ကျင်းပသည့် UNESCAP Asia – Pacific Trade Facilitation Forum X Paperless Trade Week–2026 တွင် အဆိုပြုတင်သွင်းလွှာ အာရှအဆင့် အကောင်းဆုံးဆု(The Best Position Paper Award) ရရှိခဲ့သည့် Naypyitaw State Academy နိုင်ငံတကာဆက်ဆံရေးပညာ ဒုတိယနှစ်မှ မချမ်းမြေ့လဝန်းသန့်အား ဆုပေးအပ်ချီးမြှင့်စဉ်။


နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ထိုင်းနိုင်ငံတွင် ကျင်းပသည့် ၂၀၂၆ ခုနှစ်၊ (၁၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ထိုင်လျက်ဘော်လီဘောပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့သည့် ရဲတပ်ကြပ် သူရအောင်အား ဆုပေးအပ်ချီးမြှင့်စဉ်။

☆ စာမျက်နှာ ၃ မှ

အာဆီယံဒေသ အဆင့်တွင်လည်း အနာဂတ်အတွက် အသင့်ဖြစ်နေသည့် လူငယ်များဖြစ်လာစေရန် လူမှုစွန့်ဦးတီထွင်မှုများ၊ ဆန်းသစ်တီထွင်ဖန်တီးမှုများ အားလုံးပါဝင်နိုင်သည့် စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများနှင့် အလုပ်အကိုင် အခွင့်အလမ်းများကို အားပေးမြှင့်တင်နိုင်ရေး ဆောင်ရွက်ပေးလျက်ရှိနေကြကြောင်း၊ ထို့ပြင် အာဆီယံဒေသတွင်း လူငယ်များအနေဖြင့် ရာသီဥတု ပြောင်းလဲမှုများနှင့် သဘာဝဘေးအန္တရာယ် တားဆီးကာကွယ်ရေး ဆောင်ရွက်ချက်များ၊ ငြိမ်းချမ်းရေးတည်ဆောက်မှုနှင့် ဖွံ့ဖြိုးတိုးတက်မှုလုပ်ငန်းစဉ်များတွင် ပိုမိုပူးပေါင်း ပါဝင်လာနိုင်မည့် အခွင့်အလမ်းများ ဖော်ဆောင်ပေးနိုင်ရန် အာဆီယံအသိုက်အဝန်း မျှော်မှန်းချက် ၂၀၄၅ နှင့်အညီ အာဆီယံလူငယ်ဆိုင်ရာ လုပ်ငန်းအစီအစဉ် (၂၀၂၆-၂၀၃၀) ကို ချမှတ်ပြီး အကောင်အထည်ဖော် ဆောင်ရွက်လျက်ရှိကြောင်း။

၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအရ မြန်မာနိုင်ငံတွင် လူဦးရေစုစုပေါင်း ၅၁ ဒသမ ၃၇ သန်းကျော်အနက် ၁၆ ဒသမ ၇၈ သန်းခန့်သည် လူငယ်များဖြစ်သည့်အတွက် မိမိတို့နိုင်ငံသည် လူငယ်အင်အားအများအပြားကို ပိုင်ဆိုင်ထားသည့် နိုင်ငံတစ်နိုင်ငံဖြစ်ကြောင်း၊ အသက် ၁၅ နှစ်မှ ၂၄ နှစ်အတွင်း လူငယ်အရေအတွက်သည် ၈ ဒသမ ၄ သန်းကျော်၊ နိုင်ငံ့လူဦးရေစုစုပေါင်း၏ ၁၆ ရာခိုင်နှုန်းကျော် ပါဝင်လျက်ရှိကြောင်း၊ ၎င်းတို့အရွယ်သည် အခြေခံပညာအထက်တန်းနှင့် တက္ကသိုလ်ပညာသင်ကြားသည့်အရွယ်ဖြစ်သဖြင့် ကျောင်းနေရာခိုင်နှုန်းမြင့်မားအောင် ဆောင်ရွက်ပြီး စနစ်တကျသင်ကြားလေ့ကျင့်ပေးမည် ဆိုပါက အသိပညာ၊ အတတ်ပညာကြွယ်ဝသည့် လူငယ်များဖြစ်လာမည်ဖြစ်ကြောင်း၊ အဆိုပါ မျိုးဆက်သစ်လူငယ်အင်အားသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် တန်ဖိုးမဖြတ်နိုင်သည့် လူ့စွမ်းအားအရင်းအမြစ်များ ဖြစ်ကြသကဲ့သို့ ပိုမိုကောင်းမွန်သည့် အနာဂတ်ကို ပုံဖော်သည့်နေရာတွင်လည်း အဓိက မောင်းနှင်အားများပင်ဖြစ်ကြကြောင်း။

ထို့ကြောင့် လူငယ်များကို ဗလငါးတန်နှင့် ပြည့်ဝစေရေးနှင့် နိုင်ငံတော်ကို တန်ဖိုးထားချစ်မြတ်နိုးပြီး မြန်မာ့လူ့အဖွဲ့အစည်းကို မြှင့်တင်လိုစိတ်နှင့် မှန်ကန်သည့် အတွေးအခေါ်များ၊ အလေ့အကျင့် ကောင်းများနှင့် ပြည့်ဝနေသည့် မျိုးဆက်သစ်လူငယ်များအဖြစ် ပြုစုပျိုးထောင်ပေးရန် အလွန်အရေးကြီးကြောင်း။



နိုင်ငံတော်သမ္မတ ဦးမင်းအောင်လှိုင် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများနှင့် အသင်းအဖွဲ့များမှ လူငယ်စွန့်ဦးတီထွင်သူများ၏ ပြခန်းများကို လှည့်လည်ကြည့်ရှုစဉ်။

မြန်မာလူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးသည် နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေး၏ အခြေခံအုတ်မြစ်၊ အဓိကအင်အားဖြစ်သည့်အတွက် လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ရေးကို အလေးထားဦးတည် ဆောင်ရွက်ပေးနိုင်ရန် လိုအပ်ကြောင်း၊ ထို့ကြောင့် ယခုမိမိတို့အစိုးရသစ်လက်ထက်တွင် ယခင်အားကစားနှင့်လူငယ်ရေးရာဝန်ကြီးဌာနကို အားကစားရေးရာဝန်ကြီးဌာနနှင့် လူငယ်ရေးရာဝန်ကြီးဌာနဟူ၍ ဝန်ကြီးဌာနနှစ်ခုကို သီးခြားစီပြင်ဆင်ဖွဲ့စည်းဆောင်ရွက်ပေးခဲ့ခြင်းဖြစ်ကြောင်း။

အသစ်ဖွဲ့စည်းပေးခဲ့သည့်လူငယ်ရေးရာဝန်ကြီးဌာနအနေဖြင့်လည်း လူငယ်များ၏ ဘက်စုံဖွံ့ဖြိုးတိုးတက်မှု အခွင့်အလမ်းများကို ပိုမိုဖော်ဆောင်ပြီး စွမ်းရည်များနှင့် အလားအလာကောင်းများ တိုးတက် မြင့်မားလာစေရေး ဆောင်ရွက်သွားရမည်ဖြစ်ကြောင်း၊ လူမှုအသိုက်အဝန်း အတွင်းတွင် လူငယ်များအနေဖြင့် အကျိုးရှိရှိ ပါဝင်ဆောင်ရွက်ခွင့်များ ရရှိစေပြီး နိုင်ငံတည်ဆောက်ရေး၏ စွမ်းအားအသွင် ဖြစ်ထွန်းလာအောင် ဆောင်ရွက်ပေးရန်လိုအပ်သည်ကို တိုက်တွန်းပြောကြားလိုကြောင်း။

ယနေ့ခေတ်တွင် နည်းပညာများ တိုးတက်လာမှုနှင့် နိုင်ငံတကာပူးပေါင်း ဆောင်ရွက်မှုများသည် လူငယ်များ၏ ပညာရေး၊ အလုပ်အကိုင်နှင့် စွန့်ဦးတီထွင်မှု အခွင့်အလမ်းများ ပိုမိုကျယ်ပြန့်အားကောင်းလာသည်ကို တွေ့ရကြောင်း၊ လူငယ်များကို ဒေသတွင်းနှင့် ကမ္ဘာလုံးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းစဉ်များတွင် တက်ကြွစွာ ပါဝင်နိုင်ရန်အတွက် အရေးပါလှသည့် တွန်းအားတစ်ရပ်နှင့် အခွင့်အရေးပင်ဖြစ်ကြောင်း။

ခေတ်မီနည်းပညာနှင့် ဒီဂျစ်တယ်ကမ္ဘာကို ကျွမ်းကျင်ပိုင်နိုင်စွာ ကိုင်တွယ်နိုင်စွမ်းရှိသည့် လူငယ် မျိုးဆက်သစ်များသည် ကမ္ဘာ့အသိုက်အဝန်းနှင့် ရင်ပေါင်တန်းပြီး အပြုသဘောဆောင်သည့် ပြောင်းလဲမှုများကို ဖော်ဆောင်ပေးနိုင်ကြသူများ ဖြစ်ကြကြောင်း၊ ထို့ကြောင့် ၎င်းတို့၏ ဆန်းသစ်တီထွင်မှု၊ စွန့်ဦးတီထွင်နိုင်မှုနှင့် လွတ်လပ်သည့် အတွေးအခေါ်များကို နိုင်ငံတော်က အလေးအနက်ထား အသိအမှတ်ပြုပြီး အခွင့်အလမ်းများကို ပိုမိုဖန်တီးပေးရန် လိုအပ်လျက်ရှိကြောင်း။

ယနေ့ ဒီဂျစ်တယ်ကမ္ဘာတွင် သတင်းအချက်အလက်များသည် လျင်မြန်စွာ စီးဆင်းနေမှုနှင့်အတူ တိုးတက်မှုများ ရှိနေသကဲ့သို့ ဖြေရှင်းဆောင်ရွက်ရန် လိုအပ်နေသည့် စိန်ခေါ်မှုများကိုလည်း သတိပြုကြရမည် ဖြစ်ကြောင်း၊ ထို့ကြောင့် လူငယ်များအနေဖြင့် နည်းပညာများကို အသုံးပြုရာတွင် အမှားအမှန်ကို ခွဲခြားသိမြင်နိုင်သည့် ဝေဖန်ပိုင်းခြားနိုင်မှု (Critical Thinking) ရှိရန်၊ AI အသုံးပြုမှုကျင့်ဝတ်၊ ဆိုက်ဘာလုံခြုံရေးနှင့် ပတ်သက်ပြီး သတိရှိအလေးထားရန် လိုအပ်ကြောင်း၊ နိုင်ငံနှင့်လူမျိုး၏ ဖွံ့ဖြိုးမှုဂုဏ်သိက္ခာကို ထိခိုက်စေမည့်လုပ်ရပ်များကို ရှောင်ကြဉ်ပြီး တာဝန်သိသည့် ဒီဂျစ်တယ်နိုင်ငံသား (Responsible Digital Citizen) များအဖြစ် ရပ်တည်ကြရန် လိုအပ်သည်ကိုအလေးထား မှာကြားလိုကြောင်း။

ပြောင်းလဲ တိုးတက်နေသည့် ကမ္ဘာ့အသိုက်အဝန်းနှင့် လျော်ညီအောင် မိမိနိုင်ငံဖွံ့ဖြိုးတိုးတက်မှုကို ကြိုးစားလုပ်ဆောင်ကြရမည်ဖြစ်သကဲ့သို့မိမိတို့၏အမျိုးသားရေးစရိုက်လက္ခဏာများ၊ ရိုးရာယဉ်ကျေးမှု အမွေအနှစ်များနှင့် အမျိုးသားရေး စိတ်ဓာတ်များကို ထိန်းသိမ်းစောင့်ရှောက်ရန်လည်း အလွန် အရေးကြီးလှကြောင်း၊ ခေတ်မီ နည်းပညာများကို ကျွမ်းကျင်ပိုင်နိုင်စွာ အသုံးချရင်းဖြင့် မိမိတို့၏ ရိုးရာယဉ်ကျေးမှုစရိုက်လက္ခဏာများကို တန်ဖိုးထားပြီး နိုင်ငံ၏ဂုဏ်သိက္ခာနှင့် အဆင့်အတန်းကို ကမ္ဘာကသိအောင် မြှင့်တင်ပေးနိုင်သည့်၊ မျိုးချစ်စိတ်ဓာတ် ပြည့်ဝသည့် လူငယ်များ ဖြစ်လာအောင် ဆက်လက် ကြိုးပမ်းကြရန် တိုက်တွန်းပြောကြားလိုကြောင်း။

ယနေ့ခေတ်ကာလတွင် ကမ္ဘာတစ်ဝန်းဆက်သွယ်ဆောင်ရွက်မှုများနှင့် ကွန်ရက်ချိတ်ဆက်မှုများသည် အချိန်နှင့်အမျှ တိုးတက်နေခြင်းဖြစ်သဖြင့် လူငယ်များအနေဖြင့် နိုင်ငံတကာအသိုက်အဝန်းအတွင်းတွင် တက်တက်ကြွကြွ ပူးပေါင်းပါဝင်ကြရန် လိုအပ်ကြောင်း၊ မြန်မာလူငယ်များသည် နိုင်ငံတော်၏ အပြုသဘောဆောင်သည့် ကိုယ်စားလှယ်များအဖြစ် ကမ္ဘာ့အသိုက်အဝန်းနှင့် ရင်ပေါင်တန်း ဆောင်ရွက်နိုင်စေရန်အတွက် နိုင်ငံတော်က စဉ်ဆက်မပြတ် အားပေးဖြည့်ဆည်း ဆောင်ရွက်ပေးလျက် ရှိသည်ကိုလည်း အသိပေးပြောကြားလိုကြောင်း။

ယခုကဲ့သို့ ဖွံ့ဖြိုးတိုးတက်နေသည့်ခေတ်တွင် ပြောင်းလဲမှုများနှင့်အတူ တည်ငြိမ်အေးချမ်းပြီး သဟဇာတဖြစ်သည့် လူ့အဖွဲ့အစည်းတစ်ရပ်ကို တည်ဆောက်နိုင်ရန်လိုအပ်ကြောင်း၊ သို့မှသာ စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်သည့် အနာဂတ်အသီးအပွင့်များကို ဖော်ဆောင်နိုင်မည်ပင်ဖြစ်ကြောင်း၊ ငြိမ်းချမ်းရေး တည်ဆောက်မှု လုပ်ငန်းစဉ်များတွင်လည်း မျိုးဆက်သစ်လူငယ်များ၏ ရင့်ကျက်သည့်အတွေးအခေါ်၊ မှန်ကန်သည့်လုပ်ရပ် စသည့် ပေါင်းစည်းအားများနှင့် ဆောင်ရွက်ကြမည်ဆိုပါက အားလုံးလိုချင်သည့် ငြိမ်းချမ်းရေးနှင့် ဖွံ့ဖြိုးမှုပန်းတိုင်ကို ရောက်ရှိရန် အထောက်အပံ့များစွာ ရရှိနိုင်မည်ဖြစ်ကြောင်း။

ယခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့၏ ဆောင်ပုဒ်ဖြစ်သည့် **“နောက်ခံမတူငြား၊ ရည်မှန်းတူထား၊ လူငယ်အား – Different Contexts, Common Aspirat–ions”** နှင့်အညီ လူငယ်များ၏ မတူကွဲပြားသည့် အတွေးအမြင်များကို ပေါင်းစည်းပြီး နိုင်ငံတော်၏ လူမှုစီးပွားဖွံ့ဖြိုးတိုးတက်စေမည့် ချဉ်းကပ်ဆောင်ရွက်မှုနည်းလမ်းများကို ရှာဖွေဖော်ထုတ်ကြရန် လိုအပ်ကြောင်း၊ အားလုံးရင်ဆိုင်နေကြရသည့် စိန်ခေါ်မှုများကိုအတူတကွပူးပေါင်းဖြေရှင်းဆောင်ရွက်ကြရာတွင် လူငယ်များ၏ အရည်အချင်းနှင့် အရင်းအမြစ်များကို စုစည်းစွမ်းအားအဖြစ် အသုံးပြုကြရန်လည်း အလေးနက်ထား တိုက်တွန်းပြောကြားလိုကြောင်း။

ထို့ပြင် ယနေ့ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားမှတစ်ဆင့် မိမိတို့၏ ပတ်ဝန်းကျင်နှင့် နိုင်ငံတော်အတွက် အကျိုးပြုနိုင်ကြသည့် နိုင်ငံသားကောင်းများ၊ ခေတ်သစ်နည်းပညာများကို အကျိုးရှိစွာအသုံးချနိုင်သည့် လူငယ်များ၊ ဆန်းသစ်တီထွင်မှုများကို ဖန်တီးနိုင်သည့် ပညာရှင်များ၊ လူမှုစီးပွားအကျိုးပြုနည်းလမ်းများကို ရှာဖွေဖော်ထုတ်နိုင်သူများ ဖြစ်လာစေရန်အတွက် ကြိုးစားဆောင်ရွက်ကြရန် နိုင်ငံတစ်ဝန်းလုံးတွင်ရှိသည့် မျိုးဆက်သစ် လူငယ် မောင်မယ်အားလုံးကို အထူးတိုက်တွန်း မှာကြားလိုကြောင်း။

နိုင်ငံတစ်လွှားမှ လူငယ်မောင်မယ်များအားလုံး အသိပညာ၊ အတတ်ပညာများနှင့် ပြည့်ဝနေရုံသာမက ခေတ်မီနည်းပညာ တတ်ကျွမ်းမှုများနှင့် ပြည့်စုံအောင် ကြိုးစားကြရန်၊ မိမိတို့၏ အဖိုးတန်ထက်မြက်လှသည့် စွမ်းရည်များကို နိုင်ငံတော်တည်ဆောက်ရေးလုပ်ငန်းစဉ်များတွင် တာဝန်ယူမှု၊ တာဝန်ခံမှုအပြည့်ဖြင့် တက်ကြွစွာ ပါဝင်ဆောင်ရွက်ကြရန်၊ နိုင်ငံတော်၏ အနာဂတ်ဖွံ့ဖြိုးတိုးတက်မှု လုပ်ငန်းတာဝန်များကို လက်ဆင့်ကမ်းပခုံးပြောင်းတာဝန်ယူနိုင်သည့်၊ နိုင်ငံတော်က အားကိုး အားထားပြုနိုင်သည့် နိုင်ငံ့ရတနာ လူချွန်၊ လူကောင်းများဖြစ်လာအောင် ကြိုးစားလေ့ကျင့် ပျိုးထောင်ကြရန် တိုက်တွန်း မှာကြားလိုကြောင်း ပြောကြားသည်။



အမှတ်(၁၁) အခြေခံပညာအထက်တန်းကျောင်း နေပြည်တော် ကောင်စီနယ်မြေမှ ကျောင်းသားကျောင်းသူ လူငယ်မောင်မယ်လေးများက လူငယ်ဂုဏ်ပြုတေးသီချင်းဖြစ်သည့် “လူငယ့်စွမ်းရည်” တေးသီချင်းဖြင့် သရုပ်ဖော်ကပြ တင်ဆက်ကြစဉ်။

ဆက်လက်၍ နိုင်ငံတော်သမ္မတက အပြည်ပြည်ဆိုင်ရာပြိုင်ပွဲများတွင် ထူးချွန်ဆုနှင့် ရွှေတံဆိပ်ဆုရထူးချွန် လူငယ်မောင်မယ်များဖြစ်ကြသည့် ဂျပန်နိုင်ငံတွင် ကျင်းပပြုလုပ်သည့် (၂၇) ကြိမ်မြောက် အထက်တန်းကျောင်းသားများ အနုပညာပွဲတော်တွင် မြန်မာနိုင်ငံကိုယ်စားပြု ပန်းချီထူးချွန်ပညာရှင် (Winner ဆု) ရရှိခဲ့သည့်

စာမျက်နှာ ၅ သို့ ☆

❖ **လူငယ်များကို ဗလငါးတန်နှင့် ပြည့်ဝစေရေးနှင့် နိုင်ငံတော်ကို တန်ဖိုးထားချစ်မြတ်နိုးပြီး မြန်မာ့လူ့အဖွဲ့ အစည်းကို မြှင့်တင်လိုစိတ်နှင့် မှန်ကန်သည့် အတွေးအခေါ်များ၊ အလေ့အကျင့်ကောင်းများနှင့် ပြည့်ဝနေသည့် မျိုးဆက်သစ်လူငယ်များအဖြစ် ပြုစုပျိုးထောင်ပေးရန် အလွန်အရေးကြီး**

✰ စာမျက်နှာ ၄ မှ

အမှတ်(၂) အခြေခံပညာ အထက်တန်းကျောင်း (မုဒုံ)မှ Grade-11 ကျောင်းသူ မသော်တာဦး၊ ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်သည့် UNESCAP Asia – Pacific Trade Facilitation Forum X Paperless Trade Week-2026 တွင် အဆိုပြုတင်သွင်းလွှာ အာရှအဆင့် အကောင်းဆုံးဆု (The Best Position Paper Award) ရရှိခဲ့သည့် Naypyitaw State Academy နိုင်ငံတကာဆက်ဆံရေး ပညာဒုတိယနှစ်မှ မချမ်းမြေ့လဝန်းသန့်၊ ဂျပန်နိုင်ငံတွင် ကျင်းပပြုလုပ်သည့် HONDA Y.E.S (Young Engineer and Scientist's) Award 2025 တွင် မြန်မာနိုင်ငံကိုယ်စားပြု ထူးချွန်အင်ဂျင်နီယာကျောင်းသူ (Winner ဆု) ရရှိခဲ့သော ME (Arch) (Coursework)မှ မခြူးကေခိုင်ကျော်၊ အင်ဒိုနီးရှားနိုင်ငံတွင် ကျင်းပပြုလုပ်သည့် 17th SEA U 18 & U 20 Athletics Championships လုံတံပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ ဘရူနိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်သည့် 14th ASEAN School Game လုံတံပစ်ပြိုင်ပွဲတွင် ရွှေတံဆိပ်တစ်ခု၊ စင်ကာပူနိုင်ငံတွင် ကျင်းပပြုလုပ်သည့် 68th Singapore Open Track & Field Championships လုံတံပစ်ပြိုင်ပွဲတွင် ကြေးတံဆိပ်တစ်ခုတို့ရရှိခဲ့သည့် အားကစားနှင့် ကာယပညာသိပ္ပံ(မုံရွာ)မှ Grade-12 ကျောင်းသား မောင်ချစ်မင်းအောင်၊ ထိုင်းနိုင်ငံတွင် ကျင်းပပြုလုပ်သည့် ၂၀၂၆ ခုနှစ် (၃၃)ကြိမ်မြောက် အာဆီယံမသန်စွမ်းအားကစားပြိုင်ပွဲ ထိုင်လျက်ဘော်လီဘော ပြိုင်ပွဲတွင် ရွှေတံဆိပ်ရရှိခဲ့သည့် ရဲတပ်ကြပ်သူရအောင်တို့အား ဆုများပေးအပ်ချီးမြှင့်သည်။

ထို့နောက် ကုလသမဂ္ဂအထွေထွေအတွင်းရေးမှူးချုပ်၏ ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အတွက် ပေးပို့သည့် သဝဏ်လွှာကို လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာမောင်သင်းက ဖတ်ကြားတင်ပြသည်။

**ဂါရဝပြုပေးအပ်**

ယင်းနောက် နိုင်ငံတော်သမ္မတထံ မြန်မာနိုင်ငံလူငယ်ရေးရာဗဟိုကော်မတီ ဒုတိယဥက္ကဋ္ဌ(၁)၊ လူငယ်ရေးရာဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးက အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ်လက်ဆောင်ကို နေရာအရောက်ဂါရဝပြုပေးအပ်သည်။

ဆက်လက်၍ နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်း Video Clip ကို ကြည့်ရှုကြသည်။

ထို့နောက် လူငယ်ကိုယ်စားလှယ်တစ်ဦးဖြစ်သည့် မချမ်းမြေ့လဝန်းသန့်က ကျေးဇူးတင်စကားပြောကြားပြီး ဟိုတယ်၊ ခရီးသွားလာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာနမှ အနုပညာရှင်များက "အနာဂတ်လူငယ် ထွန်းတောက်ကြယ်" တေးသီချင်းဖြင့် သီဆိုကပြဖျော်ဖြေတင်ဆက်၍ နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် စုပေါင်းမှတ်တမ်းတင် ဓာတ်ပုံရိုက်ကြကာ နိုင်ငံတော်သမ္မတက တက်ရောက်လာကြသူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်သည်။

အခမ်းအနားအပြီးတွင် နိုင်ငံတော်သမ္မတနှင့် အခမ်းအနားတက်ရောက်လာကြသူများသည် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် တိုင်းဒေသကြီးနှင့် ပြည်နယ်များ၊ ဝန်ကြီးဌာနများနှင့် အသင်းအဖွဲ့များမှ လူငယ်စွန့်ဦးတီထွင်သူများ၏ပြခန်းများကို စိတ်ပါဝင်စားစွာဖြင့် လှည့်လည်ကြည့်ရှုခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေး လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Xaysomphone PHOMVIHANE ကွယ်လွန်ခဲ့သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရကိုယ်စား ဝမ်းနည်းကြောင်းမှတ်တမ်းစာအုပ်တွင် လက်မှတ်ရေးထိုး



ရန်ကုန် ဩဂုတ် ၁၂

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Xaysomphone PHOMVIHANE သည် ၂၀၂၆ ခုနှစ် ဩဂုတ် ၈ ရက်တွင် ကွယ်လွန်ခဲ့သည့်အတွက် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရကိုယ်စား ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော် ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် ဝမ်းနည်းကြောင်း လက်မှတ်ရေးထိုးရန် ရန်ကုန်မြို့ ဒဂုံမြို့နယ် တော်ဝင်လမ်း အမှတ်(၁-အေ) မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံရုံးသို့ ယနေ့မွန်းလွဲ ၂ နာရီတွင် သွားရောက်ခဲ့သည်။

ဦးစွာ ပြည်ထောင်စုလွှတ်တော်နာယက အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးအောင်လင်းဒွေးသည် မြန်မာနိုင်ငံဆိုင်ရာ လာအိုနိုင်ငံသံရုံးမှ သံအမတ်ကြီးနှင့် တာဝန်ရှိသူများအား သံရုံးဧည့်ခန်းမတွင် တွေ့ဆုံနှုတ်ဆက်၍ လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Xaysomphone PHOMVIHANE ကွယ်လွန်သွားခဲ့ခြင်း အပေါ် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် အစိုးရကိုယ်စား ဝမ်းနည်းကြောင်းနှင့် စာနာထောက်ထားပါကြောင်း သတင်းစကားပြောကြားပြီး ဝမ်းနည်းကြောင်း မှတ်တမ်းစာအုပ်တွင်လက်မှတ်ရေးထိုးသည်။

လာအိုပြည်သူ့ဒီမိုကရက်တစ်သမ္မတနိုင်ငံ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ H.E. Mr. Xaysomphone PHOMVIHANE သည် ၂၀၂၁ ခုနှစ် မတ်လမှ ၂၀၂၅ ခုနှစ် ဒီဇင်ဘာလအထိ (၉)ကြိမ်မြောက်နှင့် ၂၀၂၆ ခုနှစ် မတ်လတွင် (၁၀)ကြိမ်မြောက် လာအို အမျိုးသားလွှတ်တော် ဥက္ကဋ္ဌအဖြစ် ရွေးကောက်တင်မြှောက်ခံရပြီး ကွယ်လွန်ချိန်အထိ တာဝန်ထမ်းဆောင်ခဲ့သူဖြစ်ပါသည်။ ယခုကွယ်လွန်ချိန်တွင် အသက် ၇၀ ရှိပြီဖြစ်ကြောင်း သိရသည်။ **သတင်းစဉ်**

**❒ စဉ့်ကိုင်မြို့နယ်မှ**

ယနေ့မွန်းလွဲပိုင်းတွင် မန္တလေးတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးမျိုးအောင်သည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။

ထို့ပြင် စဉ့်ကိုင်မြို့နယ် မြောက်ကိုင်း ကျေးရွာအုပ်စု ဆယ့်နှစ်ကိုင်းကျေးရွာ၊ ပလိပ်ကျေးရွာအုပ်စု အင်းလျား(န)ကျေးရွာ၊ တံတားဦးလေး+သာယာကျွန်းကျေးရွာများသို့ သွားရောက်ကြည့်ရှုစစ်ဆေးပြီး ပလိပ်ကျေးရွာအုပ်စုရှိ ရတနာလာဘမုနိဆုတောင်းပြည့် မြွေဘုရားဓမ္မာရုံ၌ ရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံ၍ တိုင်းဒေသကြီး ဝန်ကြီးချုပ်က ကျန်းမာရေးဆိုင်ရာ အသိပေးချက်များကို အထူးဂရုပြုလိုက်နာနေထိုင်ကြရန်၊ ရေဝင်နစ်မြုပ်ထိခိုက်ခဲ့သည့် စိုက်ပျိုးမြေများတွင် စနစ်တကျပြန်လည်စိုက်ပျိုးနိုင်ရေး လိုအပ်သည့်စက်ကိရိယာများ၊ နည်းပညာများ၊ သွင်းအားစုများကို ဖြည့်ဆည်းဆောင်ရွက်ပေးမည် ဖြစ်ကြောင်း၊ ရေပြန်လည်ကျဆင်း၍ ပုံမှန်အခြေအနေသို့ ပြန်လည်ရောက်ရှိပါက နေရပ်အသီးသီးသို့ပြန်လည်နေထိုင်နိုင်ရေး၊ ယာယီပိတ်ထားခဲ့ရသည့် အခြေခံပညာကျောင်းများ အမြန်ဆုံး ပြန်လည်ဖွင့်လှစ်သင်ကြားနိုင်ရေး စီမံဆောင်ရွက်ထားရှိကြောင်း ပြောကြားပြီး ရေဘေးသင့် ပြည်သူများအား ထောက်ပံ့ရေး ပစ္စည်းများ၊ ထောက်ပံ့ငွေများနှင့် ဌာနဆိုင်ရာများနှင့် လူမှုရေးအသင်းအဖွဲ့တို့မှ တာဝန်ရှိသူများအား ချီးမြှင့်ငွေများ ပေးအပ်သည်။(**အောက်ဝဲပုံ**)



ဒုဋ္ဌဝတီမြစ်ရေ မြင့်တက်မှုကြောင့် မြစ်ရေဝင်ရောက်ခဲ့သည့် အိမ်ခြေ ၁၄၉၇ အိမ်၊ အိမ်ထောင်စု ၁၆၀၉ စုမှ လူဦးရေ ၅၈၀၅ ဦး ရေဘေးသင့်ခဲ့ပြီး မိုးစပါး ၂၈၆ဧက၊ နေကြာ ၅၇ ဧက၊ ပဲမြစ် ၇၃ ဧက၊ ဟင်းသီးဟင်းရွက် ၁၉၁ ဧက၊ အခြားပဲ ၇၄ ဧက၊ ငှက်ပျော ၁၀ ဧက၊ ဖူးစားပြောင်း ခုနစ်ဧက စုစုပေါင်း ၆၉၈ ဧက ရေဝင်နစ်မြုပ်ခဲ့ကြောင်း၊ အခြေခံပညာအလယ်တန်းကျောင်း(ခွဲ) တစ်ကျောင်း၊ မူလတန်းလွန် ကျောင်းတစ်ကျောင်းနှင့် မူလတန်းကျောင်းငါးကျောင်းတို့ ယာယီပိတ်ထားခဲ့ကြောင်း၊ ရေဝင်ရောက်ရာဒေသများတွင် နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံပြည်သူများစုပေါင်း၍ ရေဘေးသင့်ပြည်သူများအား ရှာဖွေကူညီရွှေ့ပြောင်းခြင်းများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



ဧရာဝတီတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးအေးကျော် ငဝန်တာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ တာတမံနိမ့်ကျမှုဖြစ်ပွားပြီး ရေကျော်စီးဝင်မှုကို ပိတ်ဖို့ခြင်းလုပ်ငန်းဆောင်ရွက်နေမှုကို ကြည့်ရှုစစ်ဆေးစဉ်။

**❍ ငဝန်တာမှ**

အဆိုပါရေဘေးသင့်ပြည်သူများနှင့် တွေ့ဆုံစဉ် ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများကို ပေးအပ်ပြီး ပြည်သူများ၏ တင်ပြမှုများကို ပေါင်းစပ်ညှိနှိုင်း ဖြည့်ဆည်းပေးသည်။

ထို့အပြင် လေးမျက်နှာမြို့နယ် ဘိသလွန်ကျေးရွာ လောကချမ်းသာဘုရားကြီးကျောင်းတိုက်ရှိ ရေဘေးသင့်ပြည်သူများအား သွားရောက်တွေ့ဆုံအားပေးစကားပြောကြားကာ ဆန်ရိက္ခာနှင့် ထောက်ပံ့ပစ္စည်းများ ပေးအပ်ပြီး ရေဘေးသင့်ပြည်သူများအား ကျန်းမာရေးဝန်ကြီးဌာနမှ ဝန်ထမ်းများက မြွေအန္တရာယ်၊ တစ်ကိုယ်ရေသန့်ရှင်းမှု၊ ဝမ်းပျက်ဝမ်းလျှောရောဂါများ မဖြစ်ပွားစေရေးနှင့်ပတ်သက်၍ ကျန်းမာရေးဆိုင်ရာ အသိပညာပေးဆွေးနွေးမှု၊ စားသုံးသူရေးရာဦးစီးဌာနက စားဆီများ သက်သာသောဈေးနှုန်းဖြင့် ရောင်းချပေးနေမှုကို ကြည့်ရှုအားပေးသည်။

ယင်းအပြင် အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ တာတမံနိမ့်ကျကာ ရေကျော်စီးဝင်သည့် ငဝန်တာနေရာကို တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ဌာနဆိုင်ရာများနှင့် ပြည်သူများ စုပေါင်း၍ပြန်လည်တည်ဆောက်ရေးလုပ်ငန်းဆောင်ရွက်နေမှု၊ မျောတုတ်တန်း၏ အပြင်ဘက်ခြမ်း ပိုမိုတောင့်တင်းခိုင်မာစေရေးအတွက် နိုင်လွန်ပိုက်ကြိုးဖြင့် စုစည်းထုပ်ပိုးထားသည့် သဲအိတ်များဖြည့်သွင်း၍ ကာကွယ်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ဆောက်လုပ်ရေးဝန်ကြီးဌာနမှ Steel Sheet Pile ရိုက်သည့် စက်ရေယာဉ်တွဲများဖြင့် Pile ရိုက်ခြင်းလုပ်ငန်းဆောင်ရွက်နေမှု၊ ပန်းတာရေဝင်လမ်း ပိတ်ဆို့ကာကွယ်ရန် Geo-bags ချသည့် ရေယာဉ်များနှင့် သဲယာဉ်များ၊ ရေအရင်းအမြစ်နှင့် မြစ်ချောင်းများဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ရေယာဉ်ငယ်များ၊ သဲစက်လှေတွဲများဖြင့် လုပ်ငန်းဆောင်ရွက်နေမှုတို့ကို ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။ **တိုင်းဒေသကြီး(ပြန်/ဆက်)**

# ဒေသအခြေပြုဖွံ့ဖြိုးတိုးတက်မှုမှ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးသို့.....

သိန်းထွန်း (IR)

**ယနေ့ကာလတွင် ဖြစ်ပေါ်နေသည့် နည်းပညာတိုးတက်ပြောင်းလဲမှု၊ ဂလိုဘယ်လိုက်ဇေးရှင်း၊ လူဦးရေပြောင်းရွှေ့မှု၊ ကမ္ဘာ့စီးပွားရေးပြောင်းလဲမှု၊ ရာသီဥတုပြောင်းလဲမှု စသည့် ကြီးမားသော စိန်ခေါ်မှုများသည် နိုင်ငံအဆင့်သာမက သက်ဆိုင်ရာနိုင်ငံအတွင်းရှိ ဒေသများအပေါ်သို့လည်း သက်ရောက်လျက်ရှိပါသည်။**

ထိုသက်ရောက်မှုတို့သည် ဒေသတစ်ခုနှင့်တစ်ခုအပေါ် သက်ရောက်မှုခြင်း မတူညီကြသဖြင့် ဒေသဖွံ့ဖြိုးရေး၊ နိုင်ငံဖွံ့ဖြိုးရေးဆောင်ရွက်ရာတွင် မတူညီသည့်အခြေအနေများကို ဟန်ချက်ညီကိုင်တွယ်ဖြေရှင်းရန် လိုအပ်လာပါသည်။ ဒေသတစ်ခုနှင့်တစ်ခုသည် လူဦးရေ၊ နေရာတည်ရှိမှု၊ သဘာဝအရင်းအမြစ်များ၊ ရာသီဥတုများ မတူညီကြသကဲ့သို့ ဒေသအလိုက် ဝင်ငွေ၊ အလုပ်အကိုင်၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေး၊ အခြေခံအဆောက်အအုံနှင့် အလုပ်အကိုင်အခွင့်အလမ်းစသည့် ကဏ္ဍနယ်ပယ်အသီးသီးတွင်လည်း ကွာဟချက်များ ရှိနေကြပါသည်။

အချို့သောဒေသများတွင် စီးပွားရေးလုပ်ကိုင်ရန် အခွင့်အလမ်းများနှင့် သဘာဝအရင်းအမြစ်များစွာ ပိုင်ဆိုင်ထားကြသဖြင့် ဖွံ့ဖြိုးတိုးတက်ရေး လုပ်ဆောင်နိုင်ကြသော်လည်း အချို့ဒေသများတွင် လူသားအရင်းအမြစ်၊ သဘာဝအရင်းအမြစ်နှင့် အခြားအခွင့်အလမ်းများနည်းပါးမှုကြောင့် ဖွံ့ဖြိုးတိုးတက်မှုနိမ့်ကျနေကြပါသည်။

ကမ္ဘာ့ဘဏ်၏ ၂၀၂၂ ခုနှစ်လေ့လာမှုအရ ဒေသများ၏စီးပွားရေးအခွင့်အလမ်း ကွာဟချက်များကြောင့် ဒေသများ၏လူနေမှုအဆင့်အတန်းများ ကွာခြားစေပြီး ဒေသတစ်ခုချင်းစီ၏ ကုန်ထုတ်စွမ်းအားကို လျော့ကျစေလျက်ရှိသည်ဟု ဆိုပါသည်။ ဒေသတစ်ခုချင်းစီ၏ ကုန်ထုတ်စွမ်းအား၊ ဝင်ငွေ၊ စီးပွားရေးအခွင့်အလမ်းတိုးတက်စေရန်မှာ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးအတွက် အရေးပါသည့် အစိတ်အပိုင်းတစ်ရပ်ဖြစ်ပါသည်။

ဒေသအခြေပြုမူဝါဒသည် ယနေ့ခေတ်မှ ပေါ်ပေါက်လာသည့် အယူအဆတစ်ရပ်မဟုတ်ဘဲ နိုင်ငံဖွံ့ဖြိုးတိုးတက်ရေးလုပ်ဆောင်ရာတွင် လူနှင့် နေရာဒေသတို့အကြား ဆက်နွယ်မှုကို သိရှိနားလည်ရန် စီးပွားရေး၊ လူမှုရေးနှင့် ပထဝီဝင်ဆိုင်ရာ ဆွေးနွေးမှုများမှတစ်ဆင့် ဆယ်စုနှစ်များစွာအတွင်း တဖြည်းဖြည်းဖွံ့ဖြိုးလာခဲ့သည့် အယူအဆတစ်ရပ်ဖြစ်ပါသည်။

### တူညီသောစီးပွားရေး အခွင့်အလမ်းတစ်ခုကိုပင် မတူညီစွာတုံ့ပြန်

နိုင်ငံအတွင်းရှိ ဒေသတစ်ခုချင်းစီတွင် စီးပွားရေးလုပ်ငန်းရှင်များ၏ အခန်းကဏ္ဍ၊ အလုပ်သမားရရှိနိုင်မှု၊ ပြင်ပစီးပွားရေးအကျိုးသက်ရောက်မှုများနှင့် စီးပွားရေးဖွဲ့စည်းပုံတို့ မတူညီသောကြောင့် ဒေသတစ်ခုနှင့်တစ်ခုသည် တူညီသောစီးပွားရေးအခွင့်အလမ်းတစ်ခုကိုပင် မတူညီစွာတုံ့ပြန်နိုင်ကြပါသည်။ ထို့ကြောင့် ဒေသအခြေအနေများကို မထည့်သွင်းဘဲ နိုင်ငံတစ်ဝန်းလုံးအတွက် တစ်ပြေးညီ စီးပွားရေးမူဝါဒချမှတ်ခြင်းသည် အမြဲတမ်းမှန်ကန်မည်မဟုတ်ကြောင်း Chinitz (1961) က ဆိုပါသည်။

အကြောင်းမှာ ဒေသတစ်ခု၏ စီးပွားရေးတိုးတက်မှုသည် ပြင်ပမှဝယ်လိုအား သို့မဟုတ် အရင်းအနှီးများ ဝင်ရောက်လာခြင်းတစ်ခုတည်းဖြင့် ဆုံးဖြတ်ခြင်းမဟုတ်ဘဲ ဒေသအတွင်းရှိ စီးပွားရေးဖွဲ့စည်းပုံ၊ လုပ်ငန်းရှင်များ၊ အလုပ်သမားဈေးကွက်နှင့် အဖွဲ့အစည်းများ၏အခြေအနေများနှင့်ပါ ဆက်စပ်နေသောကြောင့်ဖြစ်ပါသည်။ ထို့အပြင် ဒေသဆိုင်ရာအစိုးရများ၏ စီမံခန့်ခွဲမှုနှင့် ဖွံ့ဖြိုးရေးလုပ်ဆောင်ချက်များသည် ဒေသတစ်ခုချင်းစီအတွက်သာ အကျိုးရှိစေသည်မဟုတ်ဘဲ နိုင်ငံတော်တစ်ခုလုံး၏ လူမှုစီးပွားရေးအကျိုးကိုလည်း ပေါင်းစပ်မြှင့်တင်နိုင်သည်ဟု Chinitz က ဆိုပါသည်။

အလားတူပင် Clark (1983)၊ Agnew (1984) နှင့် Bolton (1992) တို့၏ အယူအဆများအရ နေရာဒေသတစ်ခုချင်းစီတွင် မတူညီသောစီးပွားရေးဖွဲ့စည်းပုံ၊ အဖွဲ့အစည်းများ၊ လူမှုကွန်ရက်များ၊ infrastructure၊ community integrity နှင့် place attachment များ ရှိနေကြောင်း McCann (2023) က သုံးသပ်ခဲ့ပါသည်။ McCann ၏ သုံးသပ်ချက်အရ place-based policies သည် လူများကိုသာကူညီခြင်း သို့မဟုတ် နေရာများကိုသာကူညီခြင်းဟူသော နှစ်ခုထဲမှ တစ်ခုကိုရွေးချယ်ခြင်းမဟုတ်ဘဲ လူများနေထိုင်သည့် နေရာ၏အခြေအနေများကို ပြုပြင်ပေးခြင်းအားဖြင့် ယင်းဒေသမှ ပြည်သူတို့၏ စီးပွားရေးနှင့် လူမှုရေးအခွင့်အလမ်းများတိုးတက်စေရန် ကြိုးပမ်းသည့် နည်းလမ်းဖြစ်ကြောင်း ဆိုပါသည်။

သို့ဖြစ်ရာ ဒေသအခြေပြုမူဝါဒသည် ဒေသအလိုက် စီးပွားရေးတုံ့ပြန်မှုမတူညီခြင်းများ၊ လူမှုအသိုက်အဝန်းနှင့် ဒေသအပေါ်တန်ဖိုးထားမှုများကို အသိအမှတ်ပြုခြင်း၊ လူမှုရေးဆိုင်ရာတန်ဖိုးနှင့် ဒေသအဖွဲ့အစည်းတို့၏အရေးပါမှုကို အလေးထား အကောင်အထည်ဖော်ခြင်းဖြစ်ပါသည်။ ယင်းသို့သော ဒေသအခြေပြုမူဝါဒသည် ဒေသတစ်ခုကိုသာ သီးခြားအခွင့်အရေးပေးခြင်းမဟုတ်ဘဲ ယင်းဒေသတစ်ခုချင်းစီ၏ စီးပွားရေး၊ လူမှုရေး၊ အဖွဲ့အစည်းဆိုင်ရာနှင့် ပထဝီဝင်ဆိုင်ရာ ထူးခြားချက်များကို ထည့်သွင်းစဉ်းစား၍ ပြည်သူလူထုအတွက် ရေရှည်ဖွံ့ဖြိုးတိုးတက်မှုကိုမြှင့်တင်ပေးသည့် နည်းလမ်းလည်း ဖြစ်ပါသည်။

> **ယနေ့ခေတ် ဒေသဖွံ့ဖြိုးရေးအယူအဆများအရလည်း Place-based Development သည် အထူးအရေးပါလာပါသည်။ ထိုအယူအဆအရ ဒေသတစ်ခုချင်းစီ၏ ပထဝီဝင်အနေအထား၊ သဘာဝသယံဇာတ၊ လူမှုယဉ်ကျေးမှု၊ လူသားအရင်းအမြစ်နှင့် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်များ မတူညီသောကြောင့် “One-size-fits-all” မူဝါဒဖြင့် ဖွံ့ဖြိုးရေးမဆောင်ရွက်သင့်ဘဲ ဒေသတစ်ခုချင်းစီ၏ အားသာချက်နှင့် အားနည်းချက်များကိုအခြေခံ၍ မူဝါဒများ ချမှတ်ရန် အလေးထားလာကြ**

ယနေ့ခေတ် ဒေသဖွံ့ဖြိုးရေးအယူအဆများအရလည်း Place-based Development သည် အထူးအရေးပါလာပါသည်။ ထိုအယူအဆအရ ဒေသတစ်ခုချင်းစီ၏ ပထဝီဝင်အနေအထား၊ သဘာဝသယံဇာတ၊ လူမှုယဉ်ကျေးမှု၊ လူသားအရင်းအမြစ်နှင့် အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်များ မတူညီသောကြောင့် "One-size-fits-all" မူဝါဒဖြင့် ဖွံ့ဖြိုးရေး မဆောင်ရွက်သင့်ဘဲ ဒေသတစ်ခုချင်းစီ၏ အားသာချက်နှင့် အားနည်းချက်များကို အခြေခံ၍ မူဝါဒများချမှတ်ရန် အလေးထားလာကြပါသည်။

နှစ်ဆယ်ရာစု၏ ဒုတိယနှစ်ဝက်ကာလ၌ ဒေသတွင်းအခြေပြု ဖွံ့ဖြိုးတိုးတက်မှုဆိုင်ရာ သီအိုရီများ ပေါ်ပေါက်လာခြင်းသည် ဒေသဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်ကို ရှုမြင်သုံးသပ်သည့် နည်းလမ်းအသစ်တစ်ရပ် ပေါ်ပေါက်လာစေခဲ့ပါသည်။ ယင်းသီအိုရီများအရ ဒေသများအကြား ဖွံ့ဖြိုးတိုးတက်မှုကွာဟမှုဖြစ်ပေါ်ရခြင်းမှာ ဒေသတစ်ခုနှင့်တစ်ခု၏ အတွင်းပိုင်း ဖွံ့ဖြိုးတိုးတက်နိုင်စွမ်းအလားအလာ မတူညီခြင်းကြောင့်ဖြစ်သည်ဟု ဆိုပါသည်။

ထိုအတွင်းပိုင်း ဖွံ့ဖြိုးတိုးတက်နိုင်စွမ်းတွင် ဒေသတစ်ခု၏ ယခင်ရှိပြီးသား ဖွံ့ဖြိုးတိုးတက်မှုအဆင့်၊ လူသားအရင်းအနှီးနှင့် လူမှုရေးအရင်းအနှီးတို့၏ အရည်အသွေး၊ ဒေသတွင်းရှိ စီးပွားရေးလုပ်ငန်းများအကြား ပူးပေါင်းဆောင်ရွက်မှုစနစ်များနှင့် ဆန်းသစ်တီထွင်မှုကို အားပေးနိုင်သည့် ပတ်ဝန်းကျင်တို့ ပါဝင်သည်။ Endogenous Growth Theory သည် ဒေသဖွံ့ဖြိုးတိုးတက်မှု၏ အဓိကမောင်းနှင်အားမှာ ဒေသတွင်းရှိ လူသားအရင်းအမြစ်၊ အသိပညာ၊ သုတေသန၊ နည်းပညာဆန်းသစ်တီထွင်မှုနှင့် စီးပွားရေးကွန်ရက်များဖြစ်ကြောင်း၊ ဒေသတစ်ခု၏ ရေရှည်ယှဉ်ပြိုင်နိုင်စွမ်းသည် ပြင်ပရင်းနှီးမြှုပ်နှံမှုတစ်ခုတည်းအပေါ် မူမတည်ဘဲ ဒေသအတွင်းရှိ စွမ်းဆောင်ရည်များကို မည်မျှထိရောက်စွာ ဖွံ့ဖြိုးတိုးတက်အောင် ဆောင်ရွက်နိုင်သည်ဆိုသည့်အချက်ပေါ်တွင် များစွာမူတည်ကြောင်း ဆိုပါသည်။

ဒေသအခြေပြုဖွံ့ဖြိုးရေးသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံအတွက် နိုင်ငံ့စီးပွားရေး တိုးတက်မှုကိုသာ မြှင့်တင်ပေးသည့် မူဝါဒတစ်ရပ်မဟုတ်ဘဲ ဒေသအလိုက် မညီမျှမှုများကို လျှော့ချနိုင်ရန် အထောက်အကူပေးနိုင်ခြင်း၊ ပြည်သူလူထုအတွက် အခြေခံဝန်ဆောင်မှုနှင့် အလုပ်အကိုင် အခွင့်အလမ်းများ တိုးမြှင့်ပေးနိုင်ခြင်း၊ ဒေသ၏ အရင်းအမြစ်များကို ထိရောက်စွာအသုံးချနိုင်ခြင်းနှင့် လူမှုရေးစည်းလုံးညီညွတ်မှုကို ခိုင်မာစေခြင်းတို့အတွက် အရေးပါသည့် ဖွံ့ဖြိုးရေးမဟာဗျူဟာတစ်ရပ်ဖြစ်ပါသည်။

ဖွံ့ဖြိုးဆဲနိုင်ငံများတွင် မြို့ပြနှင့် ကျေးလက်ဒေသများအကြား ဝင်ငွေကွာဟမှု၊ အလုပ်အကိုင်အခွင့်အလမ်း၊ ပညာရေး၊ ကျန်းမာရေး၊ လမ်းပန်းဆက်သွယ်ရေးနှင့် အခြေခံအဆောက်အအုံစသည့် လိုအပ်ချက်များတွင် ကွာဟမှုများရှိနေကြပါသည်။ အချို့ဒေသများတွင် လူဦးရေ၊ သယံဇာတ၊ ပထဝီဝင်အနေအထား စသည့်အားသာချက်များ ပိုင်ဆိုင်ထားကြသဖြင့် စီးပွားရေးအခွင့်အလမ်းကောင်းများ ရရှိကြသော်လည်း အချို့ဒေသများသည် ဒေသဆိုင်ရာအားနည်းချက်များကြောင့် လူသားအရင်းအမြစ်နှင့် သဘာဝအရင်းအမြစ်များကို ထိရောက်စွာ အသုံးချနိုင်စွမ်းမရှိသဖြင့် စီးပွားရေးအခွင့်အလမ်းကောင်းများ နည်းပါးကြပါသည်။

ကမ္ဘာ့ဘဏ်၏ ၂၀၂၂ ခုနှစ်လေ့လာချက်များအရ ဖွံ့ဖြိုးဆဲစီးပွားရေးအခြေအနေများတွင် လူထု၏ လူနေမှုအဆင့်အတန်းသည် နေရာဒေသအလိုက် သိသိသာသာကွာခြားနေပြီး ထိုကွာခြားမှုများ၏ အခြေခံအကြောင်းတစ်ခုမှာ ဒေသများ၏ ကုန်ထုတ်စွမ်းအားကွာခြားမှုကြောင့်ဖြစ်ကြောင်း ဖော်ပြထားပါသည်။ ထိုသို့ ဒေသတစ်ခုနှင့်တစ်ခု ကွာခြားချက်ကြီးမားလာသည်နှင့်အမျှ အကျိုးဆက်အနေဖြင့် ရွှေ့ပြောင်းနေထိုင်ခြင်းများ ဖြစ်ပေါ်စေပါသည်။ သို့ဖြစ်ရာ ဒေသဖွံ့ဖြိုးရေးမူဝါဒများ အကောင်အထည်ဖော်ရာ၌ အများပြည်သူဝန်ဆောင်မှုများ၊ အခြေခံအဆောက်အအုံ၊ ကျွမ်းကျင်မှု၊ ဆန်းသစ်တီထွင်မှုနှင့် ဒေသအုပ်ချုပ်ရေးစွမ်းရည်များ ပေါင်းစပ်မြှင့်တင်ပေး၍ ကုန်ထုတ်စွမ်းအားမြှင့်တင်ပေးရန် လိုအပ်ကြောင်း OECD က ဆိုပါသည်။

ထို့အပြင် ဒေသအခြေပြုဖွံ့ဖြိုးတိုးတက်ရေးသည် ဖွံ့ဖြိုးဆဲနိုင်ငံတစ်နိုင်ငံ၏ နိုင်ငံတော်ဖွံ့ဖြိုးတိုးတက်ရေးကို အောက်ခြေမှအထောက်အကူပြုပေးသည့် အခြေခံမဏ္ဍိုင်တစ်ရပ်ဖြစ်ပြီး ဗဟိုအခြေပြုဖွံ့ဖြိုးတိုးတက်မှုရရှိရန်အတွက် ဖွံ့ဖြိုးရေးမူဝါဒချမှတ်ခြင်းနှင့် အကောင်အထည်ဖော်ခြင်း၏ မတူညီသောအဆင့်များ ဖြစ်ကြပါသည်။ Central-based development ၏ သဘောသည် နိုင်ငံတော်ဗဟိုအစိုးရက ဖွံ့ဖြိုးရေးဦးစားပေးကဏ္ဍများ၊ ဘတ်ဂျက်ခွဲဝေမှု၊ အခြေခံအဆောက်အအုံစီမံကိန်းများနှင့် နိုင်ငံတော်အဆင့်မူဝါဒများကို အဓိကဆုံးဖြတ်၍ ဒေသများတွင် အကောင်အထည်ဖော်စေသည့် top-down approach ဖြစ်ပါသည်။

၎င်းနည်းလမ်း၏ အားသာချက်မှာ နိုင်ငံတစ်ဝန်းတူညီသောစံနှုန်းများ ချမှတ်နိုင်ခြင်း၊ အမျိုးသားအဆင့် အခြေခံအဆောက်အအုံကြီးများကို အရင်းအမြစ်များ စုစည်း၍ အကောင်အထည်ဖော်နိုင်ခြင်းနှင့် ဒေသများအကြား ဘဏ္ဍာငွေပြန်လည် ခွဲဝေပေးနိုင်ခြင်းတို့ ဖြစ်ပါသည်။

အထူးသဖြင့် ဖွံ့ဖြိုးဆဲနိုင်ငံများတွင် ဒေသအစိုးရများ၏ ဘဏ္ဍာရေးနှင့် စီမံခန့်ခွဲရေးစွမ်းရည်များ လိုအပ်နေသေးသည့် အခြေအနေ၌ ဗဟိုအစိုးရ၏ ဦးဆောင်မှုလိုအပ်ပါသည်။ အချို့နိုင်ငံများတွင် ဒေသအစိုးရများသည် ဝန်ဆောင်မှုများကိုထိရောက်စွာပေးနိုင်ရန် ဘဏ္ဍာရေးနှင့် အဖွဲ့အစည်းဆိုင်ရာ စွမ်းရည်မလုံလောက်သည့်အခြေအနေတွင် ဗဟိုအစိုးရနှင့် ဒေသအစိုးရအကြား တာဝန်နှင့် အရင်းအမြစ် ခွဲဝေအကောင်အထည်ဖော်မှုမှာ အရေးကြီးကြောင်း UNDP က ဆိုပါသည်။

သို့သော်လည်း central-based approach ကို အလွန်အကျွံအသုံးပြုခြင်းကြောင့် အားနည်းချက်အနေဖြင့် နိုင်ငံတစ်ခုအတွင်း ဒေသတစ်ခုနှင့်တစ်ခု၏ ပထဝီဝင်အခြေအနေ၊ သဘာဝသယံဇာတ၊ လူဦးရေဖွဲ့စည်းပုံ၊ စီးပွားရေးအခြေခံ၊ ယဉ်ကျေးမှုနှင့် ဒေသခံများ၏ လိုအပ်ချက်များ မတူညီခြင်းကြောင့် ဗဟိုမှ တစ်ပြေးညီချမှတ်သောမူဝါဒသည် ဒေသအားလုံးအတွက် တူညီသောထိရောက်မှုမပေးနိုင်သည်ကို တွေ့ရပါသည်။

OECD ၏ 2023 Regional Outlook အရ နိုင်ငံတစ်ခုအတွင်း ဒေသများ၏ အခြေအနေများ မတူညီခြင်းကြောင့် မူဝါဒများကို ဒေသအလိုက် သီးခြားလိုအပ်ချက်နှင့် အခွင့်အလမ်းများ ပြင်ဆင်ပေးရန် လိုအပ်ကြောင်းဆိုပါသည်။ place-based approach သည် central-based approach နှင့် မတူဘဲ ဒေသတစ်ခုချင်းစီတွင်ရှိသည့် စီးပွားရေးအခြေအနေ၊ လူဦးရေ၊ ယဉ်ကျေးမှု၊ ဆင်းရဲနွမ်းပါးမှု၊ အခြေခံအဆောက်အအုံနှင့် ဒေသခံပြည်သူများ၏ လိုအပ်ချက်အပေါ်မူတည်၍ ဖွံ့ဖြိုးရေးအစီအစဉ်ချမှတ်ခြင်းဖြစ်ပါသည်။

တစ်နည်းအားဖြင့် ဒေသတစ်ခုချင်းစီ၏ ထူးခြားသည့်အခြေအနေနှင့် အားသာချက်များကိုအခြေခံ၍ ဖွံ့ဖြိုးရေးမဟာဗျူဟာများချမှတ်သည့် နည်းလမ်းဖြစ်ပါသည်။ place-based development သည် နိုင်ငံ၏ ဒေသအားလုံးကို တစ်ပုံစံတည်း ဖွံ့ဖြိုးစေရန် အကောင်အထည်ဖော်ခြင်းမဟုတ်ဘဲ ဒေသတစ်ခုချင်းစီ၏ comparative advantages ကို အသုံးချ အကောင်အထည်ဖော်ခြင်းဖြစ်ပါသည်။

ဥပမာအားဖြင့် စိုက်ပျိုးရေးလုပ်ကိုင်ရန် ရေခံမြေခံ၊ ရာသီဥတု၊ အခြားဆက်စပ်သည့်အရင်းအမြစ်များရှိသည့်ဒေသတွင် လယ်ယာထုတ်လုပ်မှု၊ ရေသွင်းစနစ်နှင့် agricultural value chains ကို ဦးစားပေး အကောင်အထည်ဖော်သကဲ့သို့ သဘာဝအလှအပနှင့် ယဉ်ကျေးမှုအမွေအနှစ်များ ပေါများသည့်ဒေသတွင် ခရီးသွားလုပ်ငန်းနှင့် ဒေသထွက်ကုန်များကို အခြေခံသည့် ဖွံ့ဖြိုးရေးမဟာဗျူဟာကို အသုံးပြုခြင်းဖြစ်ပါသည်။ ယင်းသည် ဒေသအားလုံးကို တစ်ပုံစံတည်း ဖွံ့ဖြိုးစေခြင်းထက် ဒေသတစ်ခုချင်းစီ၏ comparative advantages များကို ဖော်ထုတ်အသုံးချသည့် နည်းလမ်းဖြစ်ပါသည်။ OECD ၏ လက်ရှိမူဝါဒအမြင်အရလည်း ဒေသတစ်ခုချင်းစီ၏ စီးပွားရေးနှင့် လူမှုရေးဖွဲ့စည်းပုံမတူညီသောကြောင့် place-based approach သည် ပိုမိုသင့်လျော်သော မူဝါဒချမှတ်မှုအတွက် အရေးပါကြောင်း ဆိုပါသည်။

(ဆက်လက်ဖော်ပြပါမည်)

# အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များသို့ အသိပေးကြေညာချက်

၁။ အသေးစား၊ အငယ်စားနှင့်အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးအတွက် နိုင်ငံတော်၏ မတည်ထောက်ပံ့ငွေဖြင့် အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေကို ထူထောင်ထားရှိပြီး အဆိုပါရန်ပုံငွေမှ ပြည်ထောင်စုနယ်မြေ နေပြည်တော်နှင့် တိုင်းဒေသကြီး၊ ပြည်နယ်များရှိ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများအား သက်သာသောအတိုးနှုန်းဖြင့် မြန်မာ့စီးပွားရေးဘဏ်၊ မြန်မာ့လယ်ယာ ဖွံ့ဖြိုးရေးဘဏ်နှင့် ပုဂ္ဂလိကဘဏ် (၁၆) ဘဏ်တို့မှတစ်ဆင့် အာမခံပစ္စည်းပေးအပ်၍ဖြစ်စေ၊ ချေးငွေအာမခံ Credit Guarantee Insurance–CGI စနစ်ဖြင့်ဖြစ်စေ ချေးငွေများ ထုတ်ချေးပေးလျက်ရှိပါသည်။

၂။ MSME ချေးငွေ ရယူလိုသည့် လုပ်ငန်းရှင်များအနေဖြင့် သက်ဆိုင်ရာ မြို့နယ်/ခရိုင် MSME အေဂျင်စီများတွင် ချေးငွေလျှောက်ထားရမည်ဖြစ်ပြီး MSME ချေးငွေစည်းကမ်းသတ်မှတ်ချက်များမှာ အောက်ပါအတိုင်းဖြစ်ပါသည်–

**(က) MSME လုပ်ငန်းတစ်ခုသို့ အများဆုံးထုတ်ချေးမည့်ပမာဏ**

- ✶ အသေးစားနှင့်အငယ်စားစီးပွားရေးလုပ်ငန်းများ – ကျပ် (၅၀) သန်းအထိ
- ✶ အလတ်စားစီးပွားရေးလုပ်ငန်းများ – ကျပ် (၁၀၀) သန်းအထိ
- ✶ CGI စနစ်ဖြင့် ထုတ်ချေးခြင်း – ကျပ် (၅၀) သန်းအထိ
  (မြန်မာ့အာမခံလုပ်ငန်း၊ ပုဂ္ဂလိက ဖက်စပ်အထွေထွေ အာမခံကုမ္ပဏီ(၃)ခု၊ ပြည်တွင်းပုဂ္ဂလိက အထွေထွေ အာမခံကုမ္ပဏီ (၆) ခုတို့မှ ဆောင်ရွက်ပေးမည်။)

**(ခ) ချေးငွေအမျိုးအစားနှင့်အတိုးနှုန်း**

- ✶ ပုံသေပစ္စည်း (Fixed Capital) အနည်းဆုံး ( ၃၀% )နှင့်အထက် အသုံးပြုမည့် ချေးငွေတွင် ချေးငွေသက်တမ်း အများဆုံး (၃) နှစ်၊ အတိုးနှုန်း– ၃%
- ✶ လှည့်ပတ်ငွေ (Working Capital) (၁၀၀%) အသုံးပြုမည့်ချေးငွေတွင် ချေးငွေသက်တမ်း အများဆုံး(၁)နှစ်(၆)လ၊ အတိုးနှုန်း– ၄%
- ✶ CGI စနစ်ဖြင့် ထုတ်ချေးမည့်ချေးငွေ၊ အတိုးနှုန်း– ၅%
  (CGI စနစ်ဖြင့် ငွေချေးယူသူသည် အထက်ပါအတိုးနှုန်း ၅% အပြင် ချေးငွေအာမခံ (CGI) ပရီမီယံကြေးကို ထပ်ဆောင်းကျခံရမည်ဖြစ်ပါသည်။)

**(ဂ) ချေးငွေအတွက် တင်ပြနိုင်သည့် အာမခံပစ္စည်းများ**

- ✶ မြေနှင့် အဆောက်အဦ၊
- ✶ စက်၊ ယာဉ်ယန္တရား၊
- ✶ ငွေစုလက်မှတ်၊
- ✶ အစိုးရငွေတိုက်စာချုပ်၊
- ✶ စာရင်းသေအပ်ငွေ (အချိန်ပိုင်းအပ်ငွေ)၊
- ✶ အပေါင်ပြုနိုင်သည့် ငွေချေးသက်သေခံလက်မှတ်များ၊
- ✶ ချေးငွေအာမခံ Credit Guarantee ။

**(ဃ) အာမခံအဖြစ် လက်ခံဆောင်ရွက်ပေးမည့် မြေအမျိုးအစား**

- ✶ ဘိုးဘွားပိုင်မြေ၊ ဂရန်မြေ၊ လန (၃၉)မြေ၊ (၃)(ခ)မြေ၊ လယ (၃၀)(က) (ခ)မြေ၊ လယ်ယာမြေလုပ်ပိုင်ခွင့်လက်မှတ်ပုံစံ (၇)၊ စက်မှုစီးပွားဂရန်။

**(င) အာမခံအဖြစ် လက်ခံဆောင်ရွက်ပေးမည့် အဆောက်အဦအမျိုးအစား**

- ✶ ကွန်ကရစ်တိုက် (RC)၊ အုတ်ညှပ်အဆောက်အဦ၊ တိုက်ခံအိမ်၊ အုတ်ပတ် ကားတိုက် အဆောက်အဦ၊ Steel Structure ၊ (၆)ထပ်နှင့်အထက်ကွန်ဒိုတိုက်ခန်း။

၃။ သို့ဖြစ်ပါ၍ အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေမှ ချေးငွေရယူလိုသူ MSME လုပ်ငန်းရှင်များအနေဖြင့် အာမခံပစ္စည်းများတင်ပြ၍ ချေးငွေလျှောက်ထားနိုင်ပါကြောင်းနှင့် အာမခံပစ္စည်းပေးအပ်နိုင်ခြင်းမရှိပါက ချေးငွေအာမခံ Credit Guarantee Insurance – CGI စနစ်ဖြင့် ချေးငွေပမာဏ အများဆုံး ကျပ် (၅၀) သန်းအထိ လျှောက်ထားနိုင်ကြောင်း အသိပေး ကြေညာအပ်ပါသည်။

**အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းများ**
**ဖွံ့ဖြိုးတိုးတက်ရေး ရန်ပုံငွေစီမံခန့်ခွဲမှုအဖွဲ့**

# ဆေးဝါးစက်ရုံ(အင်းစိန်)ရှိ စက်ပစ္စည်းများ သက်တမ်းပြည့်သုံးစွဲနိုင်ရေး ကြိုတင်စစ်ဆေးထိန်းသိမ်းမှု လုပ်ငန်းအစီအမံများ ရေးဆွဲဆောင်ရွက်ရန် ပြည်ထောင်စုဝန်ကြီး ဒေါက်တာချာလီသန်း မှာကြား



နေပြည်တော် ဩဂုတ် ၁၂

ဆေးဝါးစက်ရုံ(အင်းစိန်)ရှိ စက်ပစ္စည်းများကို စွမ်းအားပြည့် သုံးစွဲနိုင်ရေးနှင့် သက်တမ်းပြည့် သုံးစွဲနိုင်ရေးအတွက် ကြိုတင်စစ်ဆေး ထိန်းသိမ်းမှုလုပ်ငန်း အစီအမံများ ရေးဆွဲဆောင်ရွက်ရန် စက်မှုနှင့် အသေးစား၊ အငယ်စား၊ အလတ်စားနှင့် စီးပွားရေး လုပ်ငန်းများ ဖွံ့ဖြိုးတိုးတက်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဒေါက်တာ ချာလီသန်းက ယနေ့ ညနေပိုင်းက အဆိုပါ စက်ရုံအစည်းအဝေးခန်းမ၌ မြန်မာ့ဆေးဝါးလုပ်ငန်း ဦးဆောင်ညွှန်ကြားရေးမှူး၊ အထွေထွေမန်နေဂျာများ၊ စက်ရုံမှူး၊ ဌာနတာဝန်ခံများ၊ အရာထမ်းများနှင့် တွေ့ဆုံစဉ် မှာကြားသည်။

**မှာကြား**

ထို့ပြင် ကုန်ထုတ်လုပ်မှုလုပ်ငန်းများ စဉ်ဆက်မပြတ် ဆောင်ရွက်နိုင်ရေးအတွက် လိုအပ်သော ကုန်ကြမ်း၊စက်အရန်ပစ္စည်းများကို ကြိုတင်စုဆောင်းထားရှိရန်၊ ကုန်ကြမ်း၊ ကုန်ချောများကို စနစ်တကျထားသိုနိုင်ရေးအတွက် စတိုစီမံခန့်ခွဲမှုစနစ်များကို ခိုင်မာအားကောင်းအောင် ဆောင်ရွက်ရန် မှာကြားခဲ့သည်။

ထိုသို့ တွေ့ဆုံစဉ် ဘဏ္ဍာရေးနှစ်အတွင်း လုပ်ငန်းအကောင်အထည်ဖော် ဆောင်ရွက်နေမှု၊ ဌာနကြီးများ၏ အမှာစာရရှိမှုနှင့် ဖြန့်ဖြူးပေးနေမှု၊ ဆက်လက်ဆောင်ရွက်မည့် အစီအမံများ၊ ဆေးဝါးစက်ရုံ(အင်းစိန်)တွင် အစိုးရ-ပုဂ္ဂလိက ပူးပေါင်းဆောင်ရွက်နိုင်ရေး ကိစ္စရပ်များကို ဆွေးနွေးခဲ့ကြကြောင်း သိရသည်။

**သတင်းစဉ်**

# စနစ်ကျသော သမဝါယမစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြစ်စေရေး ထုတ်ကုန်များတိုးမြှင့်ထုတ်လုပ်ရေး၊ ကျေးလက်လမ်း၊ တံတား၊ ရေ၊ မီး ရရှိရေး တက်ညီလက်ညီ ပူးပေါင်းချိတ်ဆက် ဆောင်ရွက်ရန်လိုအပ်

နေပြည်တော် ဩဂုတ် ၁၂

စနစ်ကျသော သမဝါယမစိုက်ပျိုးမွေးမြူရေးလုပ်ငန်းများဖြစ်စေရေး၊ ထုတ်ကုန်များ တိုးမြှင့်ထုတ်လုပ်ရေး၊ ကျေးလက်လမ်း၊ တံတား၊ ရေ၊ မီး ရရှိရေးနှင့် ဘက်စုံဖွံ့ဖြိုးရေးလုပ်ငန်းများကို ဦးစီးဌာနအချင်းချင်း တက်ညီလက်ညီ ပူးပေါင်းချိတ်ဆက်ဆောင်ရွက်ရန် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးသိုက်စိုးက ပြောကြားသည်။

ယမန်နေ့နံနက်ပိုင်းက မန္တလေးတိုင်းဒေသကြီး ပြင်ဦးလွင်ခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာနရုံး၌ ဝန်ကြီးဌာနအောက်ခရိုင်၊မြို့နယ်အဆင့် ဝန်ထမ်းများနှင့်တွေ့ဆုံစဉ် ယင်းသို့ ပြောကြားခဲ့ခြင်းဖြစ်သည်။



ဆက်လက်၍ ပြင်ဦးလွင်မြို့နယ် နောင်ဝယ်ကျေးရွာ၌ ကောင်းမြန်မာ နို့စားနွား မွေးမြူရေးလုပ်ငန်း သမဝါယမအသင်းမှ အသင်းဥက္ကဋ္ဌ၊ အသင်းသားများနှင့် တွေ့ဆုံ၍ ဒေသနွား ၂၇ ကောင်၊ ဖရီရှန်နို့စားနွား ၉၇ ကောင် မွေးမြူထားမှု၊ စက်ဖြင့် နွားနို့ညှစ်ခန်း၊ နွားစာသိုလှောင်ရုံတို့ကို ကြည့်ရှုအားပေးသည်။

ထို့ပြင် ပြည်ကြီးတံခွန်မြို့နယ်ရှိ မန္တလေးတိုင်းဒေသကြီးသမဝါယမအသင်းစုချုပ်နှင့် Agri Sun ကုမ္ပဏီတို့ အကျိုးတူပူးပေါင်းဆောင်ရွက်နေသည့် Royal Ruby Flower တန် ၁၅၀ ဆန်စက်၌ ကြိတ်ခွဲထုတ်လုပ်နေမှု၊ ထုပ်ပိုးမှုစနစ်များကို ကြည့်ရှုစစ်ဆေးပြီး တိုင်းဒေသကြီး သမဝါယမအသင်းစုချုပ်နှင့် Agri Sun ကုမ္ပဏီမှ တာဝန်ရှိသူများ၊ မန္တလေးတိုင်းဒေသကြီး ဆန်စက်လုပ်ငန်းရှင်များအသင်းဥက္ကဋ္ဌနှင့် ဆန်စက်လုပ်ငန်းရှင်များနှင့် တွေ့ဆုံသည်။

ဆက်လက်၍ စဉ့်ကိုင်မျိုးစေ့ထုတ် သမဝါယမအသင်းမှ အမှုဆောင်များ၊ အသင်းသားများ၊ ကျေးရွာသူကျေးရွာသားများနှင့် တွေ့ဆုံ၍ မျိုးစေ့ထုတ်သမဝါယမအသင်းများ ပိုမိုပေါ်ပေါက်လာစေရေး၊ မျိုးကောင်းမျိုးသန့်များ ထုတ်လုပ်၍ အခြားသော စိုက်ပျိုးရေးသမဝါယမအသင်းများသို့ ပံ့ပိုးပေးနိုင်ရေး ဆောင်ရွက်ရန် မှာကြားပြီး အသင်းသားတောင်သူတစ်ဦး၏ လယ်မြေ ငါးကေတွင် ရောပဒေသာ မျိုးစပါးစိုက်ပျိုးနေမှုကို ကြည့်ရှုအားပေးသည်။

ယမန်နေ့ညနေပိုင်းကလည်း ပုသိမ်ကြီးမြို့နယ် သမဝါယမကောလိပ်၌ ကျောင်းသား ကျောင်းသူများနှင့် တွေ့ဆုံ အားပေးစကားပြောကြားပြီး ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာဆရာမများ၏ တင်ပြချက်များအပေါ် လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**

# လျှပ်စစ်ဓာတ်အား လေလွင့်ဆုံးရှုံးမှုမရှိစေရေးအတွက် ဓာတ်အားဖြန့်ဖြူးရေးစနစ်အား Digital စနစ်သို့ ကူးပြောင်းနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်လျက်ရှိ

နေပြည်တော် ဩဂုတ် ၁၂

လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာနသည် လျှပ်စစ်ဓာတ်အား လေလွင့်ဆုံးရှုံးမှုလျော့နည်းပပျောက်စေရန်အတွက် ဓာတ်အားဖြန့်ဖြူးရေးစနစ်အား Digital စနစ်သို့ ကူးပြောင်းနိုင်ရေး အကောင်အထည်ဖော်ဆောင်ရွက်မှုလုပ်ငန်းဖြစ်သည့် စွမ်းဆောင်ရည်ကျဆင်းနေသည့် မီတာများနှင့် အသုံးပြုသက်တမ်းနှစ် ၂၀ ကျော်နေသည့် မီတာများအား လဲလှယ်ပေးခြင်း၊ မီတာအသစ် သုံးစွဲလိုသူများအား မီတာများလျင်မြန်စွာ တပ်ဆင်ပေးခြင်းတို့ကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်လျက်ရှိသည်။

**ကြည့်ရှုစစ်ဆေး**

ယနေ့နံနက်ပိုင်းက လျှပ်စစ်နှင့် စွမ်းအင်ဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးကိုကိုလွင်သည် နေပြည်တော်ကောင်စီနယ်မြေ ဒက္ခိဏသီရိမြို့နယ် လျှပ်စစ်ဓာတ်အားဖြန့်ဖြူးရေးလုပ်ငန်းရှိ မီတာစမ်းသပ်စစ်ဆေးရေးဌာနခွဲနှင့် ပစ္စည်းစီမံခန့်ခွဲရေးဌာနခွဲစတိုအတွင်း Digital Smart Meter အသစ်များကို စနစ်တကျထိန်းသိမ်းထားရှိမှု၊ မီတာများ Test



Bench ဖြင့် စမ်းသပ်စစ်ဆေးပြီး လုံခြုံရေး Seal ခတ်နှိပ်ကာ Bar Code Scanner ဖြင့် မီတာနံပါတ်၊ Serial နံပါတ်များ စာရင်းမှတ်၍ Server နှင့်ချိတ်ဆက်ဆောင်ရွက်နေမှု၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များသို့ မီတာအသစ်များ ပေးပို့ရေးဆောင်ရွက်နေမှု၊ ဒက္ခိဏသီရိမြို့နယ်နှင့် ဇမ္ဗူသီရိမြို့နယ်တို့အတွင်း မီတာအသစ်တပ်ဆင်ဆောင်ရွက်နေမှုကို သွားရောက်ကြည့်ရှုစစ်ဆေးသည်။

ထို့အတူ လျှပ်စစ်နှင့်စွမ်းအင်ဝန်ကြီးဌာန ရုံးအမှတ် (၂၇) ၌ တွင် အွန်လိုင်းမှ မီတာ လျှောက်ထားလာပါက လွယ်ကူစွာ ဝန်ဆောင်မှုပေးနိုင်ရန် e-Meter Application Software လက်တွေ့အသုံးပြုခြင်း သင်တန်းပို့ချနေမှုကို ကြည့်ရှုအားပေးပြီး ပြည်သူများ မီတာကို အွန်လိုင်းမှ အလွယ်တကူ လျှောက်ထားနိုင်ရေး၊ ဌာနမှသတ်မှတ်ထားသော ကျသင့်ငွေဖြင့်သာ မီတာတပ်ဆင်ပေးနိုင်ရေး၊ ဝန်ထမ်းများအနေဖြင့် ပြည်သူသို့ ဝန်ဆောင်မှုအပြည့်အဝပေးပြီး မသမာမှုများမရှိစေရေး ဆောင်ရွက်ရန် မှာကြားသည်။

ရန်ကုန်လျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်းနှင့် မန္တလေးလျှပ်စစ်ဓာတ်အားပေးရေး ကော်ပိုရေးရှင်းတို့အနေဖြင့် ယခင်မီတာလျှောက်ထားမှုများကို အမြန်ပြီးစီးအောင် တပ်ဆင်ပေးနိုင်ရန် သက်ဆိုင်ရာမြို့နယ်များသို့ အိမ်သုံးမီတာများ လုံလောက်စွာ ထုတ်ပေးပြီး စတင်တပ်ဆင်ပေးလျက်ရှိကြောင်း၊ အွန်လိုင်းစနစ်ဖြင့် မီတာလျှောက်ထားမှုများအတွက် မြို့နယ်များတွင် မီတာများ လုံလောက်စွာထားရှိပြီး အချိန်တိုအတွင်း တပ်ဆင်ပေးနိုင်ရန် ကြိုတင်ပြင်ဆင်ထားရှိကြောင်း သိရသည်။

**သတင်းစဉ်**



# ကော့သောင်းမြို့နယ်မှ အသက် ၁၂၁ နှစ် အဘွားဒေါ်ပန်းနွယ်အား အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့အတွက် မြန်မာတစ်နိုင်ငံလုံး အသက်အကြီးဆုံးဘိုးဘွားအဖြစ် ဂုဏ်ပြုချီးမြှင့်

ကော့သောင်း ဩဂုတ် ၁၂

၂၀၂၅ ခုနှစ် အောက်တိုဘာ ၁ ရက်တွင် ကျရောက်ခဲ့သည့် အပြည်ပြည်ဆိုင်ရာ သက်ကြီးပုဂ္ဂိုလ်များနေ့အတွက် အသက် ၁၂၁ နှစ်ဖြင့် မြန်မာတစ်နိုင်ငံလုံး အသက်အကြီးဆုံး ဘိုးဘွားအဖြစ် ဂုဏ်ပြုချီးမြှင့်ခံခဲ့ရသူ ကော့သောင်းခရိုင် ကော့သောင်းမြို့နယ်မှအဘွား ဒေါ်ပန်းနွယ်အား တနင်္သာရီတိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးဇော်နိုင်ဦးသည် ယနေ့မွန်းလွဲပိုင်းတွင် အဆိုပါအဘွား၏နေအိမ်သို့ သွားရောက်ဂါရဝပြုတွေ့ဆုံပြီး အလှူငွေကျပ် ၁၂ သိန်းနှင့် ဆန်၊ ဆီ၊ ကြက်ဥစသည့် အခြေခံစားသောက်ကုန် ပစ္စည်းများ ပေးအပ်လှူဒါန်းကာ လိုအပ်သော ကျန်းမာရေး စောင့်ရှောက်မှုများ ဆောင်ရွက်ပေးသည်။

ထို့ပြင် ကော့သောင်းမြို့နယ် ချမ်းဖန်းကျေးရွာအုပ်စု သီရိမြိုင်ရပ်ကွက်၊ ရွှေပြည်သာရပ်ကွက်နှင့် အေးရိပ်ငြိမ်ရပ်ကွက်တို့မှ အသက် ၁၀၀ နှင့်အထက် သက်ကြီးဘိုးဘွား ခုနစ်ဦးအား ခရိုင်အထွေထွေအုပ်ချုပ်ရေး ဦးစီးဌာန ဧည့်ရိပ်သာ၌ တွေ့ဆုံဂါရဝပြုပြီး ဘိုးဘွားတစ်ဦးလျှင် အလှူငွေကျပ် ၁၀ သိန်းနှင့် ဆန်၊ ဆီ စသည့် အခြေခံ စားသောက်ကုန်ပစ္စည်းများ ပေးအပ်လှူဒါန်းကာ လိုအပ်သော ကျန်းမာရေးစောင့်ရှောက်မှုများ ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# သမဝါယမကောလိပ် (မန္တလေး)၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြော



မန္တလေး ဩဂုတ် ၁၂

မန္တလေးတိုင်းဒေသကြီး ပုသိမ်ကြီးမြို့နယ် သမဝါယမကောလိပ် (မန္တလေး) ၌ ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်း အသိပညာပေးဟောပြောပွဲကို ယနေ့နံနက်ပိုင်းက ကျင်းပသည်။

အခမ်းအနားတွင် အမှတ်(၈၆) ယာဉ်ထိန်းရဲတပ်ဖွဲ့စုမှ တပ်ဖွဲ့စုမှူး ဒုတိယရဲမှူး ကံညွန့်နှင့် အမှတ်(၈၈) ယာဉ်ထိန်းရဲတပ်ဖွဲ့စု (အမရပူရ) မှ ရဲအုပ်ဒွေးလွင်တို့က ယာဉ်စည်းကမ်း၊ လမ်းစည်းကမ်းဆိုင်ရာ လိုက်နာရမည့် စည်းကမ်းချက်များ၊ လမ်းအန္တရာယ်ကင်းရှင်းရေးဆိုင်ရာ နည်းလမ်းများနှင့် စနစ်တကျလမ်းကူးသန်းသွားလာရေးဆိုင်ရာ သိကောင်းစရာများကို အသိပညာပေးဟောပြောပို့ချခဲ့ကြောင်း သိရသည်။

**မင်းထက်အောင်(မန်းကိုယ်ပွား)**

# ချင်းပြည်နယ်အတွင်းရှိ ခရိုင်နှင့် မြို့နယ်အဆင့် ဌာနဆိုင်ရာများအား ဆီနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

ဖလမ်း ဩဂုတ် ၁၂

ချင်းပြည်နယ်အတွင်းရှိ ခရိုင်နှင့်မြို့နယ်အဆင့် ဌာနဆိုင်ရာများအတွက် အမျိုးသားသဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုကော်မတီက ထောက်ပံ့ပေးအပ်သည့် ဆီနှင့် အခြေခံစားသောက်ကုန်ပစ္စည်းများ၊ ယာယီပြည်သူ့ဆေးရုံ၌ ဆေးဝါးကုသမှုခံယူနေသည့် လူနာများအား အာဟာရဖြည့်စွက်စာများနှင့် ဆေးရုံအတွက် လိုအပ်သောဆေးဝါးများကို ယနေ့နံနက်ပိုင်းတွင် နယ်စပ်ရေးရာဝန်ကြီးဌာန ဒုတိယဝန်ကြီး ဗိုလ်ချုပ်ကျော်စွာဦးက ဖလမ်းမြို့တော်ခန်းမနှင့် ဆေးရုံ၌ ထောက်ပံ့ပေးအပ်သည်။

ထို့ပြင် ပြန်လည်တည်ဆောက်ရေးလုပ်ငန်းများဖြစ်သည့် မြို့နယ်ဆည်မြောင်းဦးစီးဌာန အတွင်းရှိ တစ်စိတ်တစ်ပိုင်း ပျက်စီးခဲ့သည့် ဌာနဆိုင်ရာရုံးနှင့် ဝန်ထမ်းအိမ်ရာများ ပြုပြင်နေမှုကို လည်းကောင်း၊ ပြန်လည်ပြုပြင်နေသည့် ရက်ကန်းနှင့် အသက်မွေးပညာသင်တန်းကျောင်း ရုံးအဆောက်အအုံများ၊ ဝန်ထမ်းအိမ်ရာများနှင့် သင်တန်းသား သင်တန်းသူ အိပ်ဆောင်များကို လည်းကောင်း၊ အကြမ်းဖက်ဖြစ်စဉ်များကြောင့် ပျက်စီးခဲ့ရသည့် သင်ထောက်ကူပစ္စည်းများနှင့် စက်ကိရိယာများကိုလည်းကောင်း၊ မြို့နယ်စည်ပင်သာယာရေးကော်မတီပိုင် ဝန်ထမ်းအိမ်ရာ ပြုပြင်နေမှုများကို လည်းကောင်း လှည့်လည်ကြည့်ရှု စစ်ဆေးကာ လိုအပ်ချက်များကို ပေါင်းစပ်ညှိနှိုင်းပေးသည်။

ထို့အတူ တီးတိန်မြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ ဦးဇော်နိုင်ဦးနှင့် အဖွဲ့သည် ယနေ့နံနက်ပိုင်းတွင် တီးတိန်မြို့နယ်အတွင်း ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး လုပ်ငန်းများ ဆောင်ရွက်နေမှုကိုလည်းကောင်း၊ အမျိုးသမီး အိမ်တွင်းမှုသက်မွေးလုပ်ငန်းပညာသင်တန်းကျောင်း၊ ခုတင်(၁၀၀)ဆံ့ ပြည်သူ့ဆေးရုံ၊ မြို့နယ် သမဝါယမဦးစီးဌာန ဝန်ထမ်းအိမ်ရာ နှစ်ခန်းတွဲ၊ RC တစ်ထပ်ပြုပြင်ပြီးစီးမှုနှင့် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ ရန်ပုံငွေဖြင့် ဆောင်ရွက်လျက်ရှိသည့် လမ်းလယ်ပန်းခြံနှင့် မြေထိန်းနံရံ တည်ဆောက်ရေးလုပ်ငန်းများကိုလည်းကောင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးသည်။

အလားတူ တွန်းဇံမြို့ ပြန်လည်ထူထောင်ရေးနှင့် ပြန်လည်တည်ဆောက်ရေး ကော်မတီအတွင်းရေးမှူးသည် တစ်စိတ်တစ်ပိုင်းပျက်စီးသည့် မြန်မာ့အသံနှင့်ရုပ်မြင်သံကြား ထပ်ဆင့်လွှင့်စက်ရုံ၊ ဝန်ထမ်းအိမ်ရာ ပြန်လည်ပြုပြင်နေမှုကို လည်းကောင်း၊ အခြေခံပညာအလယ်တန်းကျောင်းခွဲ ကျောင်းဆောင် ပြန်လည် ပြုပြင်နေမှုကိုလည်းကောင်း၊ မြို့နယ်မီးသတ်ဦးစီးဌာန ရေကန် ပြန်လည်ပြုပြင်နေမှုကို လည်းကောင်း ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**သတင်းစဉ်**



**ပြည့်ဝဆီများကို တတ်နိုင်သမျှ လျှော့စား၍ အသွင်ပြောင်းဆီများ စားသုံးခြင်းကို လုံးဝရှောင်ကြဉ်ကြပါစို့**

# သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်း အမှတ်စဉ်(၄/၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ထိုက်တန်စွာချီးမြှင့်ပေးအပ်

နေပြည်တော် ဩဂုတ် ၁၂

ပြည်သူ့စစ်မှုထမ်းဥပဒေအရ ပြည်သူစစ်မှုထမ်း အမှတ်စဉ် (၄/၂၀၂၄)တွင် မိမိဆန္ဒအလျောက် စိတ်အားထက်သန်စွာ ပါဝင်စာရင်းပေးသွင်းပြီး နိုင်ငံတော်ကာကွယ်ရေးနှင့် နယ်မြေတည်ငြိမ် အေးချမ်းရေးတာဝန်များကို နိုင်ငံ့သားကောင်းများပီသစွာ စွမ်းစွမ်းတမံထမ်းဆောင်ခဲ့ကြသော ပြည်သူ့စစ်မှုထမ်းများသည် ယခုအခါ သတ်မှတ်စစ်မှုထမ်းကာလ ပြည့်မြောက်ခဲ့ပြီဖြစ်သည်။

ထိုသို့ တာဝန်ကျေပွန်စွာ ထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်ချီးမြှင့်ပေးအပ်ခြင်းနှင့် ပြည်သူ့စစ်မှုထမ်းတံဆိပ် ဂုဏ်ပြုချီးမြှင့်ခြင်းအခမ်းအနားများကို ယနေ့တွင် တိုင်းစစ်ဌာနချုပ်အသီးသီး၌ ကျင်းပပြုလုပ်ရာ နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်များမှ ဝန်ကြီးချုပ်များ၊ သက်ဆိုင်ရာ တိုင်းစစ်ဌာနချုပ် အသီးသီးမှ တိုင်းမှူးများနှင့် တာဝန်ရှိသူများ၊ ဌာနဆိုင်ရာတာဝန်ရှိသူများနှင့် သတ်မှတ် စစ်မှုထမ်းကာလကို တာဝန်ကျေပွန်စွာ ထမ်းဆောင်ပြီးမြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းများနှင့် ၎င်းတို့၏ မိသားစုဝင်များ တက်ရောက်ကြသည်။





အခမ်းအနားများတွင် တိုင်းဒေသကြီးနှင့် ပြည်နယ်ဝန်ကြီးချုပ်များနှင့် တိုင်းမှူးများက ဂုဏ်ပြုအမှာစကားများ ပြောကြားကြသည်။ ထို့နောက် နေပြည်တော်ကောင်စီဥက္ကဋ္ဌ၊ တိုင်းဒေသကြီးနှင့်ပြည်နယ်ဝန်ကြီးချုပ်များ၊ တိုင်းမှူးများနှင့် တာဝန်ရှိသူများက နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းဆောင်ပြီးကြောင်း လက်မှတ်၊ ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ပေးအပ်ချီးမြှင့်ကြပြီး အခမ်းအနားသို့ တက်ရောက်လာကြသူများအား လက်ဖက်ရည်ဝိုင်းများ၊ ဂုဏ်ပြု နေ့လယ်စာများဖြင့် တည်ခင်းဧည့်ခံ၍ နိုင်ငံ့သားကောင်းစစ်သည်များအား ရင်းရင်း နှီးနှီး လိုက်လံနှုတ်ဆက်ကြသည်။

ပြည်သူ့စစ်မှုထမ်းများသည် သတ်မှတ်စစ်မှုထမ်းကာလပြီးဆုံးပါက မိမိသဘောဆန္ဒအလျောက် တပ်မတော်တွင် ဆက်လက်အမှုထမ်းဆောင် လိုပါက ထမ်းဆောင်နိုင်ခြင်း၊ ကုမ္ပဏီဝန်ထမ်းဖြစ်ပါက ယခင်အလုပ်အကိုင်(သို့) အလားတူ ရာထူးအတိုင်း ပြန်လည်ခန့်အပ်ခံရခြင်းနှင့် နိုင်ငံတော်ကပေးအပ်ချီးမြှင့်သည့် ထိုက်သင့်သော အကျိုးခံစားခွင့်များကို ရရှိမည်ဖြစ်သည်။ ထို့ပြင် သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ပြီးသူများအနေဖြင့် အလုပ်အကိုင်ရရှိရေးနှင့်ပတ်သက်၍လည်း ၎င်းတို့ဆန္ဒရှိပါက သက်ဆိုင်ရာ ဝန်ကြီးဌာနများတွင် ဖွင့်လှစ်လျက်ရှိသော အသက်မွေးဝမ်းကျောင်း သင်တန်းများသို့ တက်ရောက်နိုင်ရေး၊ အစိုးရဝန်ထမ်းအပါအဝင် ပြည်တွင်း/ပြည်ပ ကုမ္ပဏီဝန်ထမ်းအဖြစ် လုပ်ကိုင်နိုင်ရေးနှင့် ၎င်းတို့၏ရပ်ရွာများ၌ ကိုယ်ပိုင်စီးပွားရေးလုပ်ကိုင်နိုင်ရေးတို့အတွက် "စစ်မှုထမ်းတာဝန် ကျေပွန်စွာ ထမ်းဆောင်ခဲ့သူများ အလုပ်အကိုင်ရရှိရေး စီမံခန့်ခွဲမှုကော်မတီ"က သက်ဆိုင်ရာဝန်ကြီးဌာနများ၊ မြန်မာနိုင်ငံ ကုန်သည်ကြီးများနှင့် စက်မှုလက်မှုလုပ်ငန်းရှင်များအသင်းချုပ် (UMFCCI) နှင့် ပြည်ပအလုပ်အကိုင်ရှာဖွေရေး အေဂျင်စီများနှင့် ချိတ်ဆက်ဆောင်ရွက်ပေးလျက်ရှိရာ ပြည်သူ့စစ်မှုထမ်းအချို့အနေဖြင့် သက်ဆိုင်ရာ ရုံး၊ ဌာနများနှင့် လုပ်ငန်းခွင်များတွင် ဝင်ရောက်အလုပ်လုပ်ကိုင်လျက်ရှိသည်။

ထို့ပြင် နိုင်ငံ့တာဝန်ကို ကျေပွန်စွာထမ်းဆောင်ခဲ့ကြသည့် နိုင်ငံ့သားကောင်း ပြည်သူ့စစ်မှုထမ်းအချို့သည်လည်း နိုင်ငံတော်ကာကွယ်ရေးနှင့် လုံခြုံရေးတာဝန်များကို ဆက်လက်ထမ်းဆောင်လိုသည့်အတွက် ကိုယ်တိုင်ဆန္ဒပြု၍ တပ်မတော်တွင် ဆက်လက်တာဝန်ထမ်းဆောင်ကြသည်များလည်းရှိကြကြောင်း သိရသည်။ **သတင်းစဉ်**

# နိုင်ငံတော်တည်ငြိမ်ရေးနှင့် နယ်မြေအေးချမ်းသာယာရေးအတွက် စစ်ဆင်ရေးတာဝန်များကို ထမ်းဆောင်ခဲ့ပြီး ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆို



**နေပြည်တော် ဩဂုတ် ၁၂**

နိုင်ငံတော် တည်ငြိမ်ရေးနှင့် နယ်မြေ အေးချမ်းသာယာရေး အတွက် လုံခြုံရေးတာဝန်များကို ထမ်းဆောင်ပြီး ပြန်လည်ရောက်ရှိလာသော ရှေ့တန်းပြန် နိုင်ငံ့သားကောင်း တပ်မတော်သားများအား ဂုဏ်ပြုကြိုဆိုခြင်း အခမ်းအနားကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး မှော်ဘီမြို့နယ်ရှိ နယ်မြေခံတပ်ရင်း၌ ပြုလုပ်ရာ ရန်ကုန်တိုင်းစစ်ဌာနချုပ် တိုင်းမှူး ဗိုလ်မှူးချုပ်တင်မင်းလတ်နှင့် ဌာနဆိုင်ရာ တာဝန်ရှိသူများ၊ အနုပညာရှင်များ၊ မြန်မာနိုင်ငံ ရဲတပ်ဖွဲ့ဝင်များ၊ မြန်မာနိုင်ငံ စစ်မှုထမ်းဟောင်း အဖွဲ့ဝင်များ၊ ကျောင်းသား ကျောင်းသူများနှင့် ဒေသခံပြည်သူများ တက်ရောက်ကြသည်။

**ဂုဏ်ပြုကြိုဆို**

တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီးရှိ တိုင်းရင်းသားပြည်သူများ စိတ်အေးချမ်းသာစွာ နေထိုင်လုပ်ကိုင်စားသောက်နိုင်ရေးနှင့် အသက်အိုးအိမ် စည်းစိမ်ဥစ္စာ လုံခြုံမှုရှိစေရေး၊ နိုင်ငံတော်တည်ငြိမ်ရေး၊ နယ်မြေအေးချမ်းသာယာရေးအတွက် ရှေ့တန်းစစ်မျက်နှာများတွင် စစ်ဆင်ရေးတာဝန်များကို မိဝေးဖဝေး၊ မိသားစုများနှင့် ဝေးကွာ၍ နေ့မအား၊ ညမနား စွမ်းစွမ်းတမံ တာဝန် ထမ်းဆောင်ခဲ့သော ရှေ့တန်းပြန် တပ်မတော်သားများအား တက်ရောက်လာကြသူများက အောင်သပြေခက်ကမ်း၍လည်းကောင်း၊ အတီးအမှုတ်၊ အကအခုန်များဖြင့်လည်းကောင်း သောင်းသောင်းဖြဖြ ဂုဏ်ပြုကြိုဆိုကြသည်။

ယင်းနောက် တိုင်းမှူးက အောင်ပွဲရ ရှေ့တန်းပြန် တပ်မတော်သားများအား ဂုဏ်ပြုအမှာစကား ပြောကြားပြီး ဂုဏ်ပြုချီးမြှင့်ငွေများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သတင်းစဉ်**



# တောင်ကြီးမြို့၌ အခွန်ဆိုင်ရာအသိပညာပေးဆွေးနွေး

တောင်ကြီး ဩဂုတ် ၁၂

ရှမ်းပြည်နယ် တောင်ကြီးမြို့ မြို့နယ်အခွန်ဦးစီးဌာနမှူးရုံး စုပေါင်းခန်းမ၌ ကုန်သွယ်လုပ်ငန်းခွန်နှင့်ပတ်သက်သော ပြေစာများအပေါ်၌ အခွန်အမှတ်တံဆိပ် ကပ်နှိပ်ခြင်းဆိုင်ရာ အခွန်ပညာပေး ရှင်းလင်းဆွေးနွေးပွဲကို ဩဂုတ် ၁၁ ရက်က ပြုလုပ်ရာ မြို့နယ်အခွန်ဦးစီးဌာနမှူး ဦးဆွေသက်က ပြေစာပေါ်တွင် အခွန်တံဆိပ်ကပ်နှိပ်ခြင်းဆိုင်ရာ ကိစ္စရပ်များနှင့်စပ်လျဉ်းသည့် အခွန်ဆိုင်ရာသိကောင်းစရာများကို ရှင်းလင်းဆွေးနွေးသည်။

**ဆွေးနွေး**

ထို့နောက် တက်ရောက်လာသည့် ကံကြီးရပ်ကွက်၊ ကျောင်းကြီးစုရပ်ကွက်နှင့် သစ်တောရပ်ကွက်တို့ရှိ စားသောက်ဆိုင်လုပ်ငန်းရှင်များက သိလိုသည်များကို မေးမြန်းရာ မြို့နယ်အခွန်ဦးစီးဌာနမှူးက ပြန်လည်ဖြေကြား ဆွေးနွေးပေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**



# ကန့်ကြီးထောင့်မြို့နယ်၌ စုပေါင်းလယ်ယာဆောင်ရွက်သော တောင်သူများအား သွင်းအားစုပေးအပ်

ကန့်ကြီးထောင့် ဩဂုတ် ၁၂

ဧရာဝတီတိုင်းဒေသကြီး ကန့်ကြီးထောင့်မြို့နယ်တွင် တိုင်းဒေသကြီး ဘတ်ဂျက်ရန်ပုံငွေဖြင့် စုပေါင်းလယ်ယာဆောင်ရွက်သော တောင်သူများအား သွင်းအားစုပေးအပ်ပွဲကို ဩဂုတ် ၁၁ ရက်က ဝါးဒူးကျေးရွာအုပ်စု အနောက်စုကြီး(စံပြ)ကျေးရွာ ဘက်စုံသုံးခန်းမ၌ ကျင်းပသည်။

အခမ်းအနားတွင် တိုင်းဒေသကြီးသမဝါယမဦးစီးမှူး ဦးကျော်စိုးမင်းက ဒေသအတွင်းနှင့် အနောက်စုကြီးကျေးရွာရှိ (သမဝါယမကဏ္ဍ) စိုက်ပျိုးရေး၊ မွေးမြူရေးလုပ်ငန်းဆောင်ရွက်မှု အခြေအနေများကို တင်ပြခဲ့ပြီး မိုးစပါးအချိန်မီ စိုက်ပျိုးနိုင်ရေး၊ လယ်တစ်ဧကအထွက်နှုန်းတိုးစေရေး၊ တောင်သူများ၏ လိုအပ်ချက်များနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးပြောကြားသည်။

ဆက်လက်၍ မိုးစပါးစိုက်ပျိုးဆောင်ရွက်မည့် ပြည့်စုံစိုက်ပျိုးရေးနှင့် အထွေထွေလုပ်ငန်းသမဝါယမအသင်းသား တောင်သူ ၂၁ ဦးထံသို့ ကျပ် ၄၁၃ ဒသမ ၃၃၂ သိန်းနှင့် ညီမျှသော မျိုးနှင့်သွင်းအားစုများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **ကျော်ဇင်စိုး(ပြန်/ဆက်)**

## ရေဝတီမြစ်ရေမြင့်တက်လာမှုကြောင့် ရေဝင်ရောက်ခဲ့သည့် စစ်ကိုင်းမြို့ ရပ်ကွက်များအတွင်းရှိ ဒေသခံပြည်သူများအား စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

မုံရွာ ဩဂုတ် ၁၂

ရေဝတီမြစ်ရေမြင့်တက်လာမှုကြောင့် စစ်ကိုင်းမြို့ ကမ်းနားရှိ အနိမ့်ပိုင်းရပ်ကွက်များ ရေဝင်ရောက်ခဲ့သဖြင့် ဒေသခံပြည်သူများအား ယာယီရေဘေးရှောင်စခန်းများသို့ ပြောင်းရွှေ့ခဲ့ရပြီး ရေဘေးသင့်ပြည်သူများအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်များ ထောက်ပံ့ပေးအပ်သည်။

ယနေ့နံနက်ပိုင်းတွင် စစ်ကိုင်းမြို့ ထုံးဘိုရပ်ကွက် သစ်ကနက်ဘုရားဝင်းအတွင်းရှိ ယာယီရေဘေးရှောင်စခန်းအား စစ်ကိုင်းတိုင်းဒေသကြီးဝန်ကြီးချုပ် ဦးကိုလေးသည် တိုင်းဒေသကြီးဝန်ကြီးများနှင့်အတူ ကြည့်ရှုစစ်ဆေးပြီး ဒေသခံပြည်သူများအတွက် စားသောက်ရေး၊ နေထိုင်ရေးနှင့် ကျန်းမာရေး စောင့်ရှောက်မှုများ ရရှိအဆင်ပြေစေရန် ပူးပေါင်းဆောင်ရွက်လျက်ရှိကြောင်းနှင့် ပြည်သူများအနေဖြင့် ကျန်းမာရေးအထူးဂရုပြုနေထိုင်ကြရန် မှာကြားကာ ရေဘေးရှောင်ပြည်သူများအား ဆန်၊ ဆီနှင့် စားသောက်ဖွယ်များ ထောက်ပံ့ပေးအပ်ကာ လူနေအိမ်များအတွင်း ရေဝင်ရောက်မှုအခြေအနေကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ စစ်ကိုင်းမြို့ သောတပန်ရပ်ကွက်ရှိ လေးကျွန်းမာရ်အောင်ဘုရားဝင်းအတွင်း ဖွင့်လှစ်ထားရှိသည့် ယာယီရေဘေးရှောင်စခန်း၊ ပန်းပဲတန်းရပ်ကွက် နဂါးရုံဘုရားဝင်းအတွင်းရှိ ယာယီရေဘေးရှောင်စခန်း၊ နန္ဒဝန်ရပ်ကွက် အောင်ချမ်းသာဘုရားဝင်းအတွင်းရှိ ယာယီရေဘေးရှောင်စခန်းနှင့် ဓမ္မဝတီရပ်ကွက် ရေဘေးရှောင်စခန်းများရှိ ဒေသခံပြည်သူများအား အားပေးစကားပြောကြားပြီး ဆန်၊ ဆီနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်ကာ လူနေအိမ်များအတွင်း မြစ်ရေဝင်ရောက်မှုအခြေအနေများကို ကြည့်ရှုစစ်ဆေးသည်။

အဆိုပါယာယီရေဘေးရှောင်စခန်းများ၌ ခရိုင်/မြို့နယ် ကုသရေးဦးစီးဌာနက ကျန်းမာရေးစောင့်ရှောက်ပေးနေမှုကို ကြည့်ရှုအားပေးပြီး စစ်ကိုင်းမြို့ ရေဝတီမြစ်ရေထိန်းတာပေါင်များ ကြံ့ခိုင်မှုနှင့် ရေဝတီမြစ်ရေရောက်ရှိမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးသည်။

မွန်းလွဲပိုင်းတွင် ရေဝတီမြစ်ရေတိုက်စားမှုကြောင့် ထိခိုက်ပျက်စီးခဲ့သည့် စစ်ကိုင်း-မင်းကွန်းကားလမ်းပေါ်ရှိအလျား ၅၅ ပေ၊ အမြင့် ကိုးပေ ရေထိန်းနံရံပြိုကျပျက်စီးမှုကို ယာယီသဲအိတ်များဖြင့် ကာရံခြင်းလုပ်ငန်းဆောင်ရွက်ပြီးစီးမှုနှင့် ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်ပြီးစီးခဲ့သည့် စစ်ကိုင်း-မင်းကွန်းကားလမ်း ရေတိုက်စားကမ်းပြိုမှုကာကွယ်ရေးလုပ်ငန်း သံကူကွန်ကရစ်ရေထိန်းနံရံများ တည်ဆောက်ပြီးစီးမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး လိုအပ်သည်များပေါင်းစပ်ညှိနှိုင်း ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**






## ဘားအံမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ယာယီရေဘေးကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေရာချထားပေးပြီး ဆန်ရိက္ခာဖိုးနှင့် ဆန်၊ ဆီ၊ ကြက်ဥ အစရှိသောစားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်

ဘားအံ ဩဂုတ် ၁၂

ကရင်ပြည်နယ် ဘားအံမြို့တွင် သံလွင်မြစ်ရေမြင့်တက်လာမှုကြောင့် အနိမ့်ပိုင်းလူနေရပ်ကွက်များအတွင်း မြစ်ရေများစီးဝင်ပြီး နေအိမ်တွင် ဆက်လက်နေထိုင်ရန် မသင့်တော်တော့သည့် အိမ်ထောင်စုများအား ဘေးလွတ်ရာ ယာယီရေဘေးကယ်ဆယ်ရေးစခန်းများသို့ ပြောင်းရွှေ့နေရာချထားပေးကာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ဆန်ရိက္ခာဖိုးနှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့က ဆန်၊ ဆီ၊ ကြက်ဥ အစရှိသော စားသောက်ကုန်ပစ္စည်းများ ထောက်ပံ့ပေးအပ်သည်။

ကရင်ပြည်နယ်ဝန်ကြီးချုပ် ဦးစောမြင့်ဦးသည် ယနေ့မွန်းလွဲပိုင်းတွင် ဘားအံမြို့ အမှတ်(၁)ရပ်ကွက် ပဒုမ္မာလမ်းရှိ မိုးလုံလေလုံအားကစားရုံ ယာယီရေဘေးကယ်ဆယ်ရေးစခန်း၌ ပြောင်းရွှေ့နေရာချထားပေးသော အိမ်ထောင်စုများအား တွေ့ဆုံအားပေးစကားပြောကြားပြီး အရှေ့တောင်တိုင်းစစ်ဌာနချုပ် ဒုတိယတိုင်းမှူး၊ ပြည်နယ်ဝန်ကြီးများနှင့်အတူ ရေဘေးသင့်အိမ်ထောင်စုများအတွက် လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှုဦးစီးဌာနက ဆန်ရိက္ခာဖိုးငွေ ၃၈၅၅၀၀၀ နှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့က ဆန်၊ ဆီ၊ ကြက်ဥ အစရှိသော စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်သည်။

ထို့အတူ ဘားအံမြို့ အမှတ်(၂)ရပ်ကွက်ရှိ လေသာကျောင်း ယာယီရေဘေးကယ်ဆယ်ရေးစခန်းရှိ ရေဘေးသင့်အိမ်ထောင်စုများအား တွေ့ဆုံအားပေးစကားပြောကြားကာ လူမှုဝန်ထမ်း၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေးဝန်ကြီးဌာန ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနက ဆန်ရိက္ခာဖိုးငွေ ၁၁၇၀၀၀၀ နှင့် ကရင်ပြည်နယ်အစိုးရအဖွဲ့က ထောက်ပံ့သော ဆန်၊ ဆီ၊ ကြက်ဥ အစရှိသော စားသောက်ကုန်ပစ္စည်းများကို ထောက်ပံ့ပေးအပ်ခဲ့ကြောင်း သိရသည်။

**စောမျိုးမင်းသိန်း(ပြန်/ဆက်)**

## လေးမျက်နှာမြို့နယ်အတွင်းရှိ ရေဘေးသင့်ပြည်သူများအား ဆေးဝါး၊ သောက်သုံးရေနှင့် စားသောက်ဖွယ်ရာများ ထောက်ပံ့ပေးအပ်

ပုသိမ် ဩဂုတ် ၁၂

ရေဘေးသင့်ပြည်သူများအား လိုအပ်သည့် ကူညီထောက်ပံ့မှုများ ပေးအပ်နိုင်ရေးအတွက် ဧရာဝတီတိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌ၊ ဒုတိယဥက္ကဋ္ဌနှင့် လွှတ်တော်ကိုယ်စားလှယ်များသည် ယမန်နေ့နံနက် ပိုင်းက လေးမျက်နှာမြို့နယ်အတွင်းရှိ ထူပါရုံဘုရား ရေရှောင်စခန်း၊ ချမ်းသာကြီးဘုရား ရေရှောင်စခန်း၊ ခမောက်စုအုပ်စု အသောကရာမကျောင်း ရေရှောင်စခန်း၊ ဖိုးသာညိုရိုးကျေးရွာနှင့် ကိုးနဝင်းကျောင်း ရေရှောင်စခန်းများသို့ သွားရောက်ကြည့်ရှုကြသည်။

ထိုသို့သွားရောက်စဉ် ရေဘေးသင့်ပြည်သူများအတွက် လိုအပ်သည့် ဆေးဝါးများ၊ သောက်သုံးရေနှင့် စားသောက်ဖွယ်ရာများကို ထောက်ပံ့ပေးအပ်ကြပြီး ယာယီရေဘေးရှောင်စခန်းများတွင် ခေတ္တနေထိုင်လျက်ရှိသည့် ဒေသခံပြည်သူများအား အားပေးစကားပြောကြားသည်။

ရေဘေးအန္တရာယ်ကြောင့် အခက်အခဲကြုံတွေ့နေရသည့် ဒေသခံပြည်သူများ၏ အခြေခံလိုအပ်ချက်များကို တစ်ဖက်တစ်လမ်းမှဖြည့်ဆည်းပေးနိုင်ရန် ဖြည့်ဆည်းပေးနိုင်ရန် လိုအပ်သည်များကို ကြည့်ရှုစစ်ဆေး ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။



နှင့် ရေဘေးကာလအတွင်း စားဝတ်နေရေးနှင့် ကျန်းမာရေးဆိုင်ရာလိုအပ်ချက်များကို ကူညီ

**တိုင်းဒေသကြီး(ပြန်/ဆက်)**




## ညောင်ဦးမြို့နယ်၌ ရေဘေးရှောင်စခန်းများမှ ရေဘေးသင့်ပြည်သူများအား ဆန်ရိက္ခာနှင့် ထောက်ပံ့ငွေများ ပေးအပ်

ညောင်ဦး ဩဂုတ် ၁၂

မန္တလေးတိုင်းဒေသကြီး ညောင်ဦးမြို့နယ်၌ ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ် ၂၁၂၀ စင်တီမီတာအထက် ဆက်လက်မြင့်တက်နေပြီး မြစ်ရေဝင်ရောက်နေသည့် မြေနိမ့်ပိုင်းရပ်ကွက်များမှ အိမ်ထောင်စုများအား ရေဘေးရှောင်စခန်းများသို့ ပြောင်းရွှေ့ပေးလျက်ရှိကာ ရေဘေးသင့်ပြည်သူ အိမ်ထောင်စု ၁၅၂ စု၊ လူဦးရေ ၅၉၄ ဦးတို့ကို ဆန်ရိက္ခာနှင့် ငွေကျပ် ၂၉ သိန်းကျော် ထောက်ပံ့ပေးအပ်သည်။

ရေဘေးရှောင်စခန်း ဖွင့်လှစ်ထားရှိသည့် အမှတ်(၁) ဆုတောင်းပြည့်ဘုရားဓမ္မာရုံ၊ အမှတ်(၂) ယွန်းတန်းဓမ္မာရုံ၊ အမှတ်(၄) ရှစ်မျက်နှာကျောင်းဓမ္မာရုံ၊ အမှတ်(၅) မြသိန်းတန်ဓမ္မာရုံ၊ အမှတ်(၇) မြသိန်းတန်ဘုရားဓမ္မာရုံများရှိ ယာယီရေဘေးရှောင်ပြည်သူများအား ညောင်ဦးခရိုင် စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌနှင့် အဖွဲ့ဝင်များက ကြည့်ရှုအားပေးကြပြီး ထောက်ပံ့ပေးအပ်သည်။

ဆက်လက်၍ ဧရာဝတီမြစ်ရေဝင်ရောက်လျက်ရှိသည့် အမှတ်(၁)၊ အမှတ်(၂)၊ အမှတ်(၄)၊ အမှတ်(၅)နှင့် အမှတ်(၇)ရပ်ကွက်တို့ရှိ ရေဝင်ရောက်ရာနေရာများ၊ သာယာဝတီစက်လှေဆိပ်၊ ဧရာစက်လှေဆိပ်နှင့် လောကနန္ဒာဘုရားသွား ကားလမ်းရေကျော်မှု ရှိ၊ မရှိတို့ကို ကြည့်ရှုစစ်ဆေးသည်။

အလားတူ ခရိုင်ပြည်သူ့ဆေးရုံအုပ်ကြီး၊ ခရိုင်ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနမှ တာဝန်ရှိသူများက ဆေးဝါးပစ္စည်းများ ထောက်ပံ့ပေးအပ်ကာ ရေဘေးရှောင်စခန်းများတွင် ကျန်းမာရေးစောင့်ရှောက်မှု ပေးလျက်ရှိကြောင်း သိရသည်။

**ဒီပါလင်း**

## မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့် နေရာကွက်၍ မိုးကြီးနိုင်

နေပြည်တော် ဩဂုတ် ၁၂

ယနေ့နံနက် ၆ နာရီခွဲ တိုင်းထွာချက်များအရ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့်လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် လေထုမငြိမ်မသက်မှုများဖြစ်ပေါ်နေခြင်းကြောင့် လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့် လည်းကောင်း ယနေ့နံနက်မှ ဩဂုတ် ၁၅ ရက်အတွင်း နေပြည်တော်၊ ရန်ကုန်တိုင်းဒေသကြီး၊ မန္တလေးတိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ မကွေးတိုင်းဒေသကြီး၊ စစ်ကိုင်းတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကယားပြည်နယ်၊ ကရင်ပြည်နယ်၊ ချင်းပြည်နယ်၊ မွန်ပြည်နယ်၊ ရခိုင်ပြည်နယ်နှင့် ရှမ်းပြည်နယ်တို့တွင် နေရာစိပ်စိပ်မှ နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး ရန်ကုန်တိုင်းဒေသကြီး၊ ပဲခူးတိုင်းဒေသကြီး၊ ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ကချင်ပြည်နယ်၊ ကရင်ပြည်နယ်၊ မွန်ပြည်နယ်နှင့် ရခိုင်ပြည်နယ်တို့တွင် နေရာကွက်၍မိုးကြီးနိုင်သည်။

မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ရံဖန်ရံခါမိုးသက်လေပြင်းများကျရောက်ပြီး လှိုင်းကြီးမည်။ မိုးသက်လေပြင်းကျစဉ် ရေပြင်/မြေပြင်လေသည် တစ်နာရီလျှင် ၃၅ မိုင်အထိ တိုက်ခတ်နိုင်သည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် ၁၀ ပေမှ ၁၂ ပေခန့် ရှိနိုင်သည်။

သို့ဖြစ်ပါ၍ ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေအားကောင်းနေခြင်းကြောင့် လည်းကောင်း၊ ဘင်္ဂလားပင်လယ်အော်အနောက်မြောက်ပိုင်းတွင် လေထုမငြိမ်မသက်မှုများ ဖြစ်ပေါ်နေခြင်းကြောင့်လည်းကောင်း၊ မိုးတိမ်တောင်များဖြစ်ထွန်းမှု အားကောင်းနေခြင်းကြောင့်လည်းကောင်း မိုးသည်းထန်စွာရွာသွန်းခြင်းနှင့်အတူ လေပြင်းတိုက်ခတ်ခြင်း၊ ရုတ်တရက်ရေကြီးခြင်းနှင့် မြေပြိုခြင်းစသည့် သဘာဝဘေးအန္တရာယ်များ ဖြစ်ပေါ်နိုင်သဖြင့် ကုန်းမြင့်ဒေသအနီးတွင် နေထိုင်ကြသူများအနေဖြင့် မြေပြိုမှုအန္တရာယ်နှင့် မြစ်ငယ်၊ ချောင်းငယ်များအနီးတွင် နေထိုင်ကြသူများအနေဖြင့် ရေကြီး၊ ရေလျှံမှုများကို ကြိုတင်သတိပြုနိုင်ပါရန်နှင့် ပြည်တွင်းလေကြောင်းပျံသန်းရေး၊ မြန်မာ့ကမ်းရိုးတန်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့ရှိ ကမ်းနီး၊ ကမ်းဝေးငါးဖမ်းရေယာဉ်များ၊ သင်္ဘောများအနေဖြင့်လည်း ကြိုတင်သတိပြုနိုင်ရန် အသိပေးနှိုးဆော်အပ်ပါသည်။

မိုး/ဇလ

## လေးမျက်နှာမြို့ပေါ်ရပ်ကွက်များနှင့် ပတ်ဝန်းကျင်ကျေးရွာများ၊ ဟင်္သာတမြို့နယ်၊ ရေကြည်မြို့နယ်၊ ငသိုင်းချောင်းမြို့၊ ကျုံပျော်မြို့နှင့် ပတ်ဝန်းကျင်ကျေးရွာများတွင် ရေဘေးကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆက်လက်ဆောင်ရွက်၊ ရေကျဆင်းသွားသည့်နေရာများအား သန့်ရှင်းရေးဆောင်ရွက်

နေပြည်တော် ဩဂုတ် ၁၂

ဧရာဝတီတိုင်းဒေသကြီး လေးမျက်နှာမြို့နယ်တွင် ဇူလိုင် ၃၀ ရက် ညပိုင်းတွင် မိုးသည်းထန်စွာရွာသွန်းမှုနှင့် မြစ်ရေတိုက်စားမှုကြောင့် ငဝန်မြစ်ရေကာတာ၏ အောက်ခံမြစ်ကျိုးအင်းသဲကြောမှ ထူးပေါက်၍ ရေဖြတ်သန်းစီးဆင်းမှုဖြစ်ပွားခဲ့ရာ ယနေ့အထိ လေးမျက်နှာမြို့ မြို့ပေါ်ရပ်ကွက်ငါးခု၊ မြို့တွင်းလမ်းမကြီးများနှင့် ပတ်ဝန်းကျင်ကျေးရွာ ၁၂၁ ရွာ၊ ဟင်္သာတမြို့နယ် ၃၇ ရွာ၊ ရေကြည်မြို့ပေါ်ရပ်ကွက် နှစ်ခုနှင့် ပတ်ဝန်းကျင်ကျေးရွာ ၂၄ ရွာ၊ ရေကြည်မြို့နယ် ငသိုင်းချောင်းမြို့ မြို့ပေါ်ရပ်ကွက် နှစ်ခုနှင့် ကျုံပျော်မြို့ မြို့ပေါ်ရပ်ကွက် နှစ်ခု၊ ပတ်ဝန်းကျင်ကျေးရွာ ခုနစ်ရွာ စုစုပေါင်းမြို့ပေါ်ရပ်ကွက် ၁၁ ခုနှင့် ကျေးရွာ ၁၈၉ ရွာတို့သို့ ရေဝင်ရောက်မှုများ ဖြစ်ပွားခဲ့သည်။



**အချိန်အဟုန်မြှင့်ဆောင်ရွက်**

ထို့ကြောင့် အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ လူမှုကယ်ဆယ်ရေးအဖွဲ့များ၊ ပရဟိတအဖွဲ့များနှင့် ဒေသခံတိုင်းရင်းသားများစုပေါင်း၍ ရေဘေးကယ်ဆယ်ရေးစခန်းများ ဖွင့်လှစ်ကာ ရေဘေးသင့်ပြည်သူများအား ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ စားသောက်ဖွယ်ရာများ လိုက်လံပို့ဆောင်ပေးခြင်း၊ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းများ ဆောင်ရွက်ပေးခြင်း၊ ငဝန်ပန်းတာမှ ရေဝင်လမ်းထိန်းချုပ်ကာကွယ်နိုင်ရန်အတွက် ငဝန်ပန်းတာရေဝင်လမ်းအား (Geobags) အိတ်များချခြင်း၊ မျောတုတ်တန်းများအတွင်း သဲအိတ်များဖြည့်၍ ကာကွယ်ခြင်း၊ Steel Sheet Pile ရိုက်သွင်းခြင်းလုပ်ငန်းများကို အချိန်အဟုန်မြှင့် ဆက်လက်ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရေပြန်လည်ကျဆင်းသွားသည့်နေရာများရှိ စာသင်ကျောင်းများ၊ လမ်းများတွင် တင်ကျန်ခဲ့သည့် နုန်းမြေများ၊ အမှိုက်များအား နယ်မြေခံတပ်မတော်သားများ၊ မြန်မာနိုင်ငံရဲတပ်ဖွဲ့ဝင်များ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ ပရဟိတအသင်းအဖွဲ့များက စုပေါင်းသန့်ရှင်းရေးလုပ်ငန်းများ ဆောင်ရွက်ပေးလျက်ရှိသည်။

ထိုသို့ဆောင်ရွက်နေမှုများကို အနောက်တောင်တိုင်းစစ်ဌာနချုပ်မှ တာဝန်ရှိသူများက သွားရောက်ကြည့်ရှုပြီး လိုအပ်သည်များ ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

သတင်းစဉ်



## သန်လျင် အမှတ်(၁) ရေနံချက်စက်ရုံဝင်းအတွင်းရှိ စက်ကန်(ရေလှောင်ကန်) တာပေါက်မှုဖြစ်ပွားခဲ့ပြီး သဲအိတ်များ၊ ကျောက်အိတ်များချ၍ တုတ်ရိုက်ခြင်းလုပ်ငန်းများ ဆောင်ရွက်လျက်ရှိ

ရန်ကုန် ဩဂုတ် ၁၂

ရန်ကုန်တိုင်းဒေသကြီး သန်လျင်မြို့နယ် ရေနံရပ်ကွက် အမှတ်(၁) ရေနံချက်စက်ရုံဝင်း အတွင်းရှိ စက်ကန် (ရေလှောင်ကန်)သည် ဩဂုတ် ၁၀ ရက် ညနေပိုင်းက တာပေါက်မှုဖြစ်ပွားခဲ့ပြီး ဖြစ်ပွားသည့်အချိန်မှစတင်ကာ သဲအိတ်များ၊ ကျောက်အိတ်များချ၍ တုတ်ရိုက်ခြင်း လုပ်ငန်းများကို ဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ရေပမာဏလျှော့ချနိုင်ရန်အတွက် Hydrosub 60 ရေစုပ်စက်အကြီး သုံးလုံး၊ အပေါ့စားမီးသတ်စက် ခြောက်လုံး၊ (22 hp) Incline Submersible pump နှစ်လုံး၊ YCDC မှ pump တစ်လုံးတို့ဖြင့် ရေစုပ်ထုတ်ခြင်း လုပ်ငန်းများကိုလည်း ဆောင်ရွက်လျက်ရှိသည်။

အဆိုပါလုပ်ငန်းများကို ရန်ကုန်တိုင်းဒေသကြီး သဘာဝဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုအဖွဲ့၏ ကြီးကြပ်မှုဖြင့် တပ်မတော်သားများ၊ မီးသတ်တပ်ဖွဲ့ဝင်များ၊ရဲတပ်ဖွဲ့ဝင်များ၊ စက်ရုံဝန်ထမ်းများနှင့် ရပ်ကွက်နေပြည်သူများ စုပေါင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)

## ပခုက္ကူမြို့၌ ရေဘေးရှောင်ကယ်ဆယ်ရေးစခန်း ခုနစ်ခုဖွင့်လှစ်ထားရှိပြီး ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့် အရေးပေါ်ထောက်ပံ့ပစ္စည်းများ စီစဉ်ပေးလျက်ရှိ

ပခုက္ကူ ဩဂုတ် ၁၂

မကွေးတိုင်းဒေသကြီး ပခုက္ကူမြို့၌ ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ် အထက်သို့ ကျော်လွန်ရောက်ရှိနေပြီး မြစ်ကမ်းနံဘေးနှင့် မြေနိမ့်ပိုင်းရပ်ကွက်များ၊ ကျေးရွာများရှိ လူနေအိမ်များတွင် ရေဝင်ရောက်လျက်ရှိရာ ရေဘေးသင့် ပြည်သူများအတွက် ရေဘေးရှောင် ကယ်ဆယ်ရေး စခန်းနေရာ ခုနစ်ခု ဖွင့်လှစ်ထားရှိ၍ ကျန်းမာရေးစောင့်ရှောက်မှုလုပ်ငန်းနှင့် အရေးပေါ်ထောက်ပံ့ပစ္စည်းများ စီစဉ်ဆောင်ရွက်ပေးလျက်ရှိသည်။



ပခုက္ကူမြို့တွင် ဧရာဝတီမြစ်ရေ စိုးရိမ်ရေမှတ်ထက် ကျော်လွန်ရောက်ရှိနေဆဲဖြစ်ရာ ရေဝင်ရောက်သည့်လူနေအိမ် များပြားလာခြင်းကြောင့် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးမြင့်နိုင်နှင့် အဖွဲ့ဝင်များ၊ မြို့နယ်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌ ဦးအောင်စိုးမိုးနှင့် အဖွဲ့ဝင်များ၊ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးလှဝင်းဦး၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုဦးစီးဌာနနှင့် မြို့နယ်မီးသတ်ဦးစီးဌာန၊ ပြည်သူ့ကျန်းမာရေးဦးစီးဌာန၊ စည်ပင်သာယာရေးအဖွဲ့တို့မှ ဝန်ထမ်းများ၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများစုပေါင်းပြီး ကျောက်စေတီဘုရားဝင်း၊ အမက(၁၅)နှင့် အမက(၁၆)၊ သီဟိုဠ်ရှင် ဘုရားတန်ဆောင်းနှင့် သီဟိုဠ်ရှင် ကဇာတ်ရုံခန်းမ၊ သဘာဝဘေးဒဏ်ခံ အဆောက်အအုံ၊ လောကမာရ်ကင်း ဘုရားဝင်း စသည့် ရေဘေးရှောင်ကယ်ဆယ်ရေးစခန်း ခုနစ်နေရာ ဖွင့်လှစ်ထားပြီး အမှတ်(၁၊ ၉၊ ၁၀၊ ၁၃၊ ၁၄) ရပ်ကွက်များနှင့် ရွှေချောင်းကျေးရွာရှိ ရေဘေးသင့် အိမ်ထောင်စု ၃၅၂ စု၊ လူဦးရေ ၁၃၆၁ ဦးတို့အား ကူညီပြောင်းရွှေ့ပေးခြင်း၊ ကျန်းမာရေး စောင့်ရှောက်မှုလုပ်ငန်း ဆောင်ရွက်ပေးခြင်း၊ အိမ်ထောင်စုများအလိုက် အရေးပေါ်သုံး ထောက်ပံ့ပစ္စည်းများ၊ ဆန်ရိက္ခာဖိုးနှင့်အခြေခံစားသောက်ဖွယ်ရာများ ပေးအပ်ခြင်းတို့ကို စီစဉ်ဆောင်ရွက်ပေးခဲ့ကြကြောင်း သိရသည်။

ဘာမီသာ(ပခုက္ကူ)



## မော်လမြိုင်မြို့၌ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနားကျင်းပ

မော်လမြိုင် ဩဂုတ် ၁၂

လူငယ်များအတွက် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းများကို တာဝန်ရှိသူများအပါအဝင် မျိုးဆက်သစ်လူငယ်များ၏ စုစည်းညီညွတ်မှုဖြင့် ဘက်ပေါင်းစုံမှ ဟန်ချက်ညီညီ ဝိုင်းဝန်းပူးပေါင်း ပါဝင်ပြီး စဉ်ဆက်မပြတ် ဖွံ့ဖြိုးတိုးတက်မှုများကို ဖော်ဆောင်ရမည်ဖြစ်ကြောင်း မွန်ပြည်နယ် ဝန်ကြီးချုပ် ဦးအောင်ဝင်းသန်းက ယနေ့မွန်းလွဲပိုင်းတွင် မော်လမြိုင်မြို့ ပြည်နယ်ခန်းမ၌ ကျင်းပသည့် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အခမ်းအနားတွင် တိုက်တွန်းမှာကြားသည်။

အဆိုပါ အခမ်းအနားတွင် ပြည်နယ်ဝန်ကြီးချုပ်၊ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော်တရားသူကြီးချုပ်၊ ပြည်နယ်အမျိုးသမီး အားကစားအဖွဲ့နာယက၊ ပြည်နယ်လွှတ်တော် ဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်ဝန်ကြီးများ၊ ပြည်နယ် ဥပဒေချုပ်၊ ပြည်နယ်စာရင်းစစ်ချုပ်နှင့် တာဝန်ရှိသူများက မွန်ပြည်နယ်မှ ကဏ္ဍအလိုက် ထူးချွန်လူငယ်များဖြစ်သည့် ထူးချွန်လူငယ် ၂၂ ဦးနှင့် အားကစားသမားငါးဦး၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အထိမ်းအမှတ် စာစီစာကုံးပြိုင်ပွဲတွင် ဆုရရှိသူ ခြောက်ဦးနှင့် အားကစားပြိုင်ပွဲဆုရရှိသူ ၆၀ တို့အား ဂုဏ်ပြုဆုများ ပေးအပ်ကြသည်။

ထို့ပြင် ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြုဆုများ ပေးအပ်ခဲ့ပြီး ခန်းမအတွင်း ခင်းကျင်းပြသထားသည့် လူငယ်ရေးရာလှုပ်ရှားမှု မှတ်တမ်းဓာတ်ပုံများကို ကြည့်ရှုအားပေးကြကြောင်း သိရသည်။

စည်သူ(ပြန်/ဆက်)

## ရန်ကုန်တိုင်းဒေသကြီး၌ ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ် အခမ်းအနားကျင်းပ

ရန်ကုန် ဩဂုတ် ၁၂

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် အခမ်းအနားကို ယနေ့နံနက်ပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး သာကေတမြို့နယ် လူငယ်စင်တာ ခန်းမ၌ကျင်းပရာ ရန်ကုန်တိုင်း ဒေသကြီး လူငယ်ရေးရာကော်မတီ ဥက္ကဋ္ဌ ရန်ကုန်တိုင်းဒေသကြီး ဝန်ကြီးချုပ် ဦးအောင်နိုင်သူ တက်ရောက်အမှာစကားပြောကြားပြီး ထူးချွန်လူငယ်များအား ဂုဏ်ပြုဆုများ ပေးအပ်ချီးမြှင့်သည်။

အခမ်းအနားတွင် တက်ရောက်လာကြသူများက ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် အလံအား အလေးပြုကြပြီး အမျိုးသား ယဉ်ကျေးမှုနှင့်အနုပညာတက္ကသိုလ် (ရန်ကုန်)မှကျောင်းသားကျောင်းသူ များက သူငယ်တော် အက၊ ပုဂံ အကတို့ဖြင့် ဖျော်ဖြေတင်ဆက်ကြ သည်။

ထို့နောက် တိုင်းဒေသကြီး ဝန်ကြီးချုပ်က အမှာစကား ပြောကြားပြီး ရန်ကုန်တိုင်း ဒေသကြီး ပြန်ကြားရေး၊ ကယ်ဆယ်ရေးနှင့် သာသနာရေးဝန်ကြီးက ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် အခမ်းအနားသို့ ပေးပို့သည့် ကုလသမဂ္ဂအ ထွေထွေအတွင်းရေး မှူးချုပ်၏ သဝဏ်လွှာကို ဖတ်ကြား ကာ ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် လူငယ် ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်ချက် မှတ်တမ်း ဗီဒီယိုကို ပြသသည်။

အခမ်းအနား အပြီးတွင် တိုင်းဒေသကြီးဝန်ကြီးချုပ်သည် ခင်းကျင်းပြသထားသည့် ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ် များနေ့အထိမ်းအမှတ် ပြခန်းများ ကို လှည့်လည်ကြည့်ရှုအားပေးခဲ့ ကြောင်း သိရသည်။

ဇွဲထက်ကို(ပြန်/ဆက်)



## ၂၀၂၄ ခုနှစ်၊ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အထိမ်းအမှတ်အခမ်းအနား တောင်ကြီးမြို့၌ ကျင်းပ



တောင်ကြီး ဩဂုတ် ၁၂

၂၀၂၄ ခုနှစ် အပြည်ပြည် ဆိုင်ရာလူငယ်များနေ့ အထိမ်း အမှတ်အခမ်းအနားကို ယနေ့ နံနက်ပိုင်းတွင် တောင်ကြီးမြို့ မြို့တော်ခန်းမ၌ ကျင်းပရာ ရှမ်းပြည်နယ် စာကြည့်တိုက် များဖောင်ဒေးရှင်းအဖွဲ့မှ စာရေး ဆရာမ ငွေခြည်လင်းလက်က ဗလငါးတန်ဖြင့် အနာဂတ်ကို တည်ဆောက်ကြစို့ ခေါင်းစဉ်ဖြင့် လည်းကောင်း၊ MyanmarYouth Fellowship မှ MindSpecialist ဆရာ ဦးတင်နိုင်ထွန်းက လူငယ် များဗလငါးတန်ဖွံ့ဖြိုးရေးအတွက် လေးလေးနက်နက် စဉ်းစား တွေးခေါ်ခြင်း ခေါင်းစဉ်ဖြင့် လည်းကောင်း အသိပညာပေး ဟောပြောကြပြီး ဉာဏ်စမ်းပြိုင်ပွဲ ကျင်းပကာ ဆုလက်ဆောင်များ ချီးမြှင့်ပေးအပ်ကြသည်။

**အမှာစကားပြောကြား**

အဆိုပါ အခမ်းအနားတွင် ရှမ်းပြည်နယ် လူငယ်ရေးရာ ကော်မတီဥက္ကဋ္ဌ ပြည်နယ် ဝန်ကြီးချုပ် ဦးစိုင်းထိန်စိုးက အမှာစကား ပြောကြားခြင်း၊ ဖျော်ဖြေရေးအဖွဲ့များအား ဂုဏ်ပြု ချီးမြှင့်ငွေနှင့် အသိပညာပေး ဟောပြောသည့် ဆရာ ဆရာမများ အား အမှတ်တရလက်ဆောင် ပစ္စည်းများပေးအပ်ခြင်း၊ ပြည်နယ် မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးက ၂၀၂၄ ခုနှစ် အပြည်ပြည် ဆိုင်ရာလူငယ်များနေ့ အထိမ်း အမှတ်အခမ်းအနားသို့ ပေးပို့ သည့် ကုလသမဂ္ဂအထွေထွေ အတွင်းရေးမှူးချုပ်၏ သဝဏ်လွှာ ကိုဖတ်ကြားခြင်း၊ ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့ အထိမ်းအမှတ် လူငယ်ဘက်စုံ ဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်း ဆောင်ရွက်ချက် မှတ်တမ်းဗီဒီယို ကိုပြသခြင်းများ ဆောင်ရွက်ကြ ပြီး ပညာရေးဒီဂရီကောလိပ်မှ သင်တန်းသား သင်တန်းသူများ က လူငယ့်စွမ်းရည် လူငယ် ဂုဏ်ပြုတေးသီချင်း၊ ထာဝရသစ္စာ တေးသီချင်း၊ တိုင်းရင်းသားရိုးရာ ယဉ်ကျေးမှုအကဖြင့် ဖျော်ဖြေ တင်ဆက်ကြသည်။

အခမ်းအနားသို့ ပြည်နယ်လွှတ်တော်ဥက္ကဋ္ဌ၊ ပြည်နယ်တရားလွှတ်တော် တရားသူကြီးချုပ်၊ ပြည်နယ်ဝန်ကြီးများ၊ လွှတ်တော်ကိုယ်စားလှယ်များ၊ ပြည်နယ် အစိုးရအဖွဲ့ အတွင်းရေးမှူး၊ ပြည်နယ်၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများ၊ လူငယ်မောင်မယ်များ နှင့် တာဝန်ရှိသူများ တက်ရောက် ခဲ့ကြကြောင်း သိရသည်။

မောင်မောင်သန်း(တောင်ကြီး)

## ပုသိမ်မြို့၌ ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အခမ်းအနားကျင်းပ

ပုသိမ် ဩဂုတ် ၁၂

၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားကို ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့ မြို့တော်ခန်းမ၌ ယနေ့နံနက်ပိုင်းက ကျင်းပသည်။

**ချီးမြှင့်**

ဦးစွာ တိုင်းဒေသကြီးလုံခြုံရေးနှင့် နယ်စပ်ရေးရာဝန်ကြီးက အမှာစကားပြောကြားပြီး ကဏ္ဍအသီးသီးမှ ထူးချွန်ကျောင်းသား လူငယ်များအား ဂုဏ်ပြုမှတ်တမ်းလွှာနှင့် ဂုဏ်ပြုဆုများ၊ လေးထပ်ကွမ်း လူရည်ချွန်များအား ဂုဏ်ပြုဆုငွေချီးမြှင့်ပေးသည့် မြန်မာလူငယ်ဖွံ့ဖြိုး တိုးတက်ရေးအသင်းအား ဂုဏ်ပြုမှတ်တမ်းလွှာများကို တိုင်းဒေသကြီး ဝန်ကြီးများက ချီးမြှင့်ခဲ့ကြသည်။

ထို့နောက် တိုင်းဒေသကြီး စိုက်ပျိုးရေး၊ မွေးမြူရေးနှင့် ဆည်မြောင်း ဝန်ကြီးက ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အတွက် ပေးပို့သည့်သဝဏ်လွှာအား ဖတ်ကြားပြီး ၂၀၂၄ ခုနှစ် အပြည်ပြည်ဆိုင်ရာ လူငယ်များနေ့အထိမ်းအမှတ် လူငယ်ဘက်စုံဖွံ့ဖြိုးတိုးတက်ရေး လုပ်ငန်းဆောင်ရွက်ချက်မှတ်တမ်းအား ပြသခဲ့ကြောင်း သိရသည်။

တိုင်းဒေသကြီး(ပြန်/ဆက်)




○ **မြန်မာနေရှင်နယ်လိဂ်မှ**

ရတနာပုံအသင်းသည် သစ္စာအားမာန် အသင်းနှင့် ခြေစမ်းကစားရာ သုံးဂိုးပြတ်အနိုင် ရခဲ့သည်။ အသင်းပိုင်ရှင် ပြောင်းလဲပြီးနောက် နည်းပြချုပ်သစ်၊ ပြည်တွင်း၊ ပြည်ပကစားသမား သစ်များစွာ ခေါ်ယူအားဖြည့်ထားသည့် ရတနာပုံအသင်းသည် ရာသီကြိုခြေစမ်းပွဲတွင် ဂိုးပြတ်အနိုင်ရခဲ့ခြင်းဖြစ်သည်။

သစ္စာအားမာန်အသင်းမှာမူ ပြည်တွင်း ကစားသမားများဖြင့် ဖွဲ့စည်းထားခြင်းဖြစ်သည်။ ရတနာပုံအသင်းအတွက် အနိုင်ဂိုးများ ကို အသစ်ခေါ်ယူထားသည့် နိုင်ငံခြားသား ကစားသမားများက သွင်းယူပြီး ကျန်တစ်ဂိုး မှာမူ ပြိုင်ဘက်အသင်း ကိုယ့်ဂိုးကိုယ်သွင်းမိ ခဲ့ခြင်းဖြစ်သည်။

ရောဝတီယူနိုက်တက်အသင်းမှာမူ မြဝတီ အသင်းနှင့် ခြေစမ်းကစားရာ နှစ်ဂိုး-တစ်ဂိုးဖြင့် အနိုင်ရခဲ့သည်။ လာမည့်ရာသီ MNL အမှတ်ပေး ပြိုင်ပွဲ စတင်ကျင်းပရန် နီးကပ်လာပြီဖြစ် သောကြောင့် ကလပ်အသင်းများအနေဖြင့် ရာသီကြိုခြေစမ်းပွဲများကစားကာ ပြင်ဆင်မှု များ ပြုလုပ်လျက်ရှိသည်။

သတင်း - ညီမြတ်သော်တာ
ဓာတ်ပုံ - MNL

# AI နည်းပညာ ထွန်းကားလာတဲ့အချိန်မှာ အခွင့်အလမ်းတွေနဲ့အတူ စိန်ခေါ်မှုတွေပါ တွဲပြီးပါလာတာပါ။ ဒီစိန်ခေါ်မှုတွေကို ကျော်လွှားနိုင်ဖို့အတွက် လူငယ်တွေမှာ ကျွမ်းကျင်မှုစွမ်းရည်တွေ မရှိမဖြစ်လိုအပ်တယ်လို့ ထင်ပါတယ်

**မနီလာဝင်း (ကချင်ပြည်နယ် ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်)**

"နောက်ခံမတူပြား၊ ရည်မှန်းတူထား၊ လူငယ်အား" ဆောင်ပုဒ်ဖြင့် ၂၀၂၆ ခုနှစ် အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားကို ဩဂုတ် ၁၂ ရက် နံနက်ပိုင်းတွင် နေပြည်တော်ရှိ မြန်မာအပြည်ပြည်ဆိုင်ရာ ကွန်ဗင်းရှင်းဗဟိုဌာန(MICC-I)၌ ကျင်းပရာ အခမ်းအနားသို့ တက်ရောက်လာကြသည့် တိုင်းဒေသကြီးနှင့်ပြည်နယ်များမှ တာဝန်ရှိသူ၊ ပြခန်းတာဝန်ခံ၊ ထူးချွန်ဆုရရှိသူ၊ လူငယ်ကိုယ်စားလှယ်များ၏ စကားသံများကို ဖော်ပြလိုက်ရပါသည် -


မသော်တာဦး


မောင်သူရဟိန်းထက်


မလွန်းငမ်းညောင်


မမြမ္ဘူလှိုင်


မနီလာဝင်း


ဒေါ်သူဇာဝင်း


ဦးကျော်မင်းခိုင်


ဦးရဲရင့်

**မသော်တာဦး(ထူးချွန်ဆုရရှိသူ)**

ကျွန်မက ဂျပန်နိုင်ငံမှာကျင်းပတဲ့ (၂၇)ကြိမ်မြောက် အထက်တန်းကျောင်းသားများ အနုပညာပွဲတော်မှာ သွားရောက်ယှဉ်ပြိုင်ခဲ့ပြီး ဆုရရှိခဲ့တဲ့အတွက်ကြောင့် အခုလို လူငယ်များနေ့အထိမ်းအမှတ် အခမ်းအနားမှာ ဖိတ်ကြားလို့ ပါဝင်တက်ရောက်တာ ဖြစ်ပါတယ်။ ကျွန်မအနေနဲ့ အခုလို အပြည်ပြည်ဆိုင်ရာလူငယ်များနေ့အခမ်းအနားကို ပထမဆုံးအနေနဲ့ တက်ရောက်ရတာဖြစ်လို့ ဝမ်းသာဂုဏ်ယူမိပါတယ်။ တခြားပွဲတွေတော့ တက်ရောက်ဖူးပါတယ်။ ဒါပေမဲ့ အခုက သမ္မတကြီးကိုယ်တိုင် ပေးအပ်တဲ့ဆုကို လက်ခံရယူရတာမို့ ရင်ထဲမှာ အတိုင်းမသိဝမ်းသာပျော်ရွှင်မိပါတယ်။ လူငယ်တွေထဲမှာ ကျွန်မထက်တော်တဲ့လူငယ်တွေ အများကြီးရှိပါတယ်။ လူငယ်တွေအနေနဲ့ ဖွဲ့မလျှော့ဘဲ အမြဲကြိုးစားကြဖို့ တိုက်တွန်းအကြံပြုချင်ပါတယ်။

**မောင်သူရဟိန်းထက်**
**(ကယားပြည်နယ် ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်)**

ကျွန်တော်တို့ လူငယ်တွေအတွက် အခုလိုပွဲတွေ စီစဉ်ပေးတဲ့အခါမှာ တစ်နိုင်ငံလုံးမှာရှိတဲ့ လူငယ်တွေအတွက် လူငယ်ကွန်ရက်တစ်ခု တည်ဆောက်လာနိုင်မှာ ဖြစ်ပါတယ်။ ပြီးတော့ တစ်နိုင်ငံလုံးမှာရှိတဲ့ လူငယ်တွေရဲ့ မတူညီတဲ့အတွေးအခေါ်တွေ၊ အယူအဆတွေ၊ အခက်အခဲတွေကို အချင်းချင်းဖလှယ်လာနိုင်မယ်။ အခုလို လူငယ်တွေကို ဦးစားပေးတဲ့အတွက်ကြောင့် ကျွန်တော်တို့လူငယ်တွေရဲ့အသံကို နိုင်ငံတော်အဆင့်ထိရောက်အောင် ဖော်ထုတ်နိုင်မယ်လို့ ထင်မြင်မိပါတယ်။ ကျွန်တော်တို့လူငယ်တွေရဲ့ leadership skill တွေ၊ communication skill တွေလည်း ကောင်းလာမှာဖြစ်ပါတယ်။ အပြောသက်သက်မဟုတ်ဘဲ လက်တွေ့လုပ်ဆောင်နိုင်တဲ့ စိတ်ဓာတ်တွေကို ပိုင်ဆိုင်လာမယ်လို့ ကျွန်တော်ထင်မြင်မိပါတယ်။ လူငယ်တွေအတွက် ပညာရေးကဏ္ဍကို မြှင့်တင်ပေးသင့်တယ်လို့ ထင်မြင်မိပါတယ်။ ကိုယ်တိုင်လည်း လူငယ်တစ်ယောက်ဖြစ်တဲ့အတွက်ကြောင့် မဆုတ်မနစ်တဲ့ စိတ်ဓာတ်ခွန်အားနဲ့ ကိုယ့်ရဲ့ရည်မှန်းချက်၊ ကိုယ့်ရဲ့ပန်းတိုင်ရောက်ရှိလာဖို့ ကြိုးစားကြစေလိုပါတယ်။

**မလွန်းငမ်းညောင် (ချင်းပြည်နယ် ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်)**

ဒီနေ့အခမ်းအနားကို ပါဝင်တက်ရောက်တဲ့အခါ မတူညီတဲ့ တိုင်းရင်းသားတွေရဲ့ ယဉ်ကျေးမှုတွေနဲ့ သူတို့ဒေသတွေကနေ ထွက်ပေါ်လာတဲ့ စွန့်ဦးတီထွင်မှုပိုင်းဆိုင်ရာတွေကို လေ့လာခွင့်ရတယ်။ လူငယ်တစ်ယောက်အနေနဲ့ အကျိုးကျေးဇူးတွေ အများကြီးရရှိပါတယ်။ ကျွန်မအနေနဲ့ လူငယ်အကျိုးပြုလုပ်ငန်းတွေမှာ ပါဝင်ဆောင်ရွက်ခဲ့တယ်။ ဒီနေ့ ၂၁ ရာစုမှာ လူငယ်တွေ ရင်ဆိုင်နေရတဲ့ စိန်ခေါ်မှုတွေနဲ့ လူငယ်တွေအတွက် ရရှိနိုင်မယ့်အခွင့်အလမ်းတွေ အကြောင်းကို ပါဝင်ဆွေးနွေးသွားမှာဖြစ်ပါတယ်။ နိုင်ငံတော်အနေနဲ့ လူငယ်ကဏ္ဍဖွံ့ဖြိုးတိုးတက်ဖို့အတွက် ပညာရေးကဏ္ဍကို အဓိကထား ဆောင်ရွက်ပေးသင့်တယ်လို့ထင်ပါတယ်။ လူငယ်ဆိုတာ အနာဂတ်ရဲ့ အရင်းအမြစ်တွေဖြစ်တာမို့ တက်တက်ကြွကြွ စည်းစည်းလုံးလုံးနဲ့ ကြိုးစားကြမယ်ဆိုရင် ကျွန်မတို့နိုင်ငံက ဒီထက်မက ဖွံ့ဖြိုးတိုးတက်လာမယ်လို့ ယုံကြည်ပါတယ်။

**မမြမ္ဘူလှိုင် (ကယားပြည်နယ် ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်)**

ဒီနေ့ အခမ်းအနားမှာ တစ်နိုင်ငံလုံးမှာရှိတဲ့ သူငယ်ချင်းအသစ်တွေ တွေ့ဆုံခွင့်ရမယ်၊ လူငယ်တွေအားလုံးတွေ့ဆုံပြီး သူတို့ရဲ့ မတူညီတဲ့ အတွေ့အကြုံတွေကို သိခွင့်ရမယ်၊ လေ့လာခွင့်ရမယ်၊ ဒါကြောင့် ပါဝင်တက်ရောက်ခဲ့တာဖြစ်ပါတယ်။ ဆွေးနွေးပွဲမှာတော့ ကျွန်မသူငယ်ချင်းတွေ ပါဝင်ဆွေးနွေးဖို့ရှိပါတယ်။ ကျွန်မကတော့ ဆွေးနွေးမှုတွေ၊ အတွေ့အကြုံဝေမျှမှုတွေအပေါ်ကနေ သိချင်တာကို မေးမြန်းဆွေးနွေးသွားမှာဖြစ်ပါတယ်။ လူငယ်တစ်ဦးချင်းစီမှာ မတူညီတဲ့ အတွေးအခေါ်တွေရှိပါတယ်။ ဒီလိုပွဲမျိုးတွေလုပ်ပေးခြင်းအားဖြင့် လူငယ်တွေရဲ့ အတွေ့အကြုံတွေကို sharing လုပ်ခွင့်ရမှာ ဖြစ်ပါတယ်။ လူငယ်အချင်းချင်း ပွင့်ပွင့်လင်းလင်းဆွေးနွေးနိုင်မယ့် အခွင့်အရေးရရှိမှာဖြစ်ပါတယ်။ လူငယ်တွေအတွက် ပညာရေးကဏ္ဍကို မြှင့်တင်ပေးစေချင်ပါတယ်။ ကျွန်မတို့က နယ်ဘက်ကလည်း လာတာဖြစ်တဲ့အတွက် တချို့နေရာလေးတွေမှာ ပညာသင်ယူဖို့ အခက်အခဲလေးတွေရှိပါတယ်။ လူငယ်တွေကို ပြောချင်တာကတော့ အခုခေတ်က နည်းပညာတွေ တိုးတက်လာတာဖြစ်တဲ့အတွက် ပညာကိုဆက်တိုက် အဆက်မပြတ်သင်ယူပြီး နိုင်ငံအတွက် တတ်နိုင်တဲ့ဘက်က ဝိုင်းဝန်းကူညီပေးကြပါလို့ ပြောလိုပါတယ်။

**မနီလာဝင်း (ကချင်ပြည်နယ် ကိုယ်စားပြု လူငယ်ကိုယ်စားလှယ်)**

ကျွန်မက အခုလိုပွဲမျိုးကို ပထမဆုံးအကြိမ် တက်ရောက်ခွင့်ရတာ ဖြစ်ပါတယ်။ အခုလိုတက်ရောက်ခွင့်ရတဲ့အတွက် ဝမ်းသာဂုဏ်ယူမိသလို အတွေ့အကြုံကောင်းတွေလည်း ရရှိမှာဖြစ်တဲ့အတွက် ပါဝင်တက်ရောက်တာ ဖြစ်ပါတယ်။ လူငယ်တွေကြားမှာ Artificial Intelligence-AI နည်းပညာက ရေပန်းစားပါတယ်။ AI နည်းပညာ ထွန်းကားလာတဲ့အချိန်မှာ အခွင့်အလမ်းတွေနဲ့အတူ စိန်ခေါ်မှုတွေပါ တွဲပြီးပါလာတာပါ။ ဒီစိန်ခေါ်မှုတွေကို ကျော်လွှားနိုင်ဖို့အတွက် လူငယ်တွေမှာ ကျွမ်းကျင်မှုစွမ်းရည်တွေ မရှိမဖြစ်လိုအပ်တယ်လို့ ထင်ပါတယ်။

ဒီနေ့ အခမ်းအနားမှာ တိုင်းဒေသကြီးနဲ့ ပြည်နယ်တွေက လူငယ်ကိုယ်စားလှယ်တွေနဲ့ တွေ့ဆုံခွင့်ရပြီး လူငယ်တွေအချင်းချင်း အတွေးအမြင်တွေ၊ အတွေ့အကြုံတွေကို သိရှိဖလှယ်ခွင့်ရမှာမို့ ဝမ်းသာပါတယ်။ ဒီနေ့သိမြင်ရရှိမယ့် ဗဟုသုတတွေကို ကျွန်မတို့ ကချင်ပြည်နယ်ကို ပြန်ရောက်တဲ့အခါ ပြန်လည်ဆွေးနွေးမျှဝေပေးသွားချင်ပါတယ်။

**ဒေါ်သူဇာဝင်း**
**(တာဝန်ခံ၊ ကရင်ပြည်နယ်လူငယ်စွန့်ဦးတီထွင်သူများ၏ ပြခန်း)**

ဒီနေ့ကျင်းပတဲ့ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့မှာ ကရင်ပြည်နယ် လူငယ်လုပ်ငန်းရှင်တစ်ဦးအနေနဲ့ ပါဝင်တက်ရောက်ခွင့်ရတဲ့အတွက် ဝမ်းသာမိပါတယ်။ အပြည်ပြည်ဆိုင်ရာလူငယ်များနေ့ အခမ်းအနားကို စီစဉ်ကျင်းပပေးတဲ့ နိုင်ငံတော်အကြီးအကဲနဲ့ တာဝန်ရှိသူအားလုံးကိုလည်း ကျေးဇူးတင်ပါတယ်။ ကရင်ပြည်နယ်ပြခန်းမှာ ကရင်ရိုးရာ ဂျပ်ခုတ်အထည်တွေ၊ ဒေသခံ လုပ်ငန်းစွန့်ဦးတီထွင်လုပ်ငန်းရှင်တွေရဲ့ မျှစ်ချဉ်လုပ်ငန်း၊ စက်မှုကုန်ကြမ်းထုတ်ကုန်တွေကို အဓိကထားပြသွားမှာ ဖြစ်ပါတယ်။ ဒါ့အပြင် ကရင်ပြည်နယ် လှိုင်းဘွဲ့မြို့နယ် ထုံးအိုင်ဒေသနဲ့ ရွှေဂွန်း(ရွှေကွန်)ဒေသမှာရှိတဲ့ မြေပဲလှော်လုပ်ငန်းက မြေပဲတွေကိုလည်း ပြသသွားမှာ ဖြစ်ပါတယ်။ ကရင်ရိုးရာဂျပ်ခုတ်လုပ်ငန်းကို အစဉ်အဆက်ရိုးရာထိန်းသိမ်းတဲ့ အမွေအနှစ်တစ်ခုအနေနဲ့ ရေရှည်တည်တံ့ပြီး မပျောက်ပျက်အောင် ထိန်းသိမ်းစေချင်တဲ့စိတ်နဲ့ ကရင်ရိုးရာဂျပ်ခုတ်ကို လူငယ်စွန့်ဦးတီထွင်အနေနဲ့ အခုခေတ်နဲ့ကိုက်ညီတဲ့ ဒီဇိုင်းဖန်တီးမှုရေးဆွဲပြီး လာရောက်ပြသခြင်း ဖြစ်ပါတယ်။ ကရင်ပြည်နယ်ကထွက်တဲ့ ဝါဂွမ်းအပါအဝင် ပြည်နယ်နဲ့ တိုင်းဒေသကြီးတွေကနေထွက်တဲ့ ဝါချည်တွေကိုယူပြီး လက်ရက်ကန်းဂျပ်ခုတ်အနေနဲ့ ထုတ်လုပ်ထားတဲ့ ပဝါတွေ၊ စောင်တွေ၊ လုံချည်တွေ ပါဝင်ပါတယ်။

အဓိက ဒီပွဲတက်ရောက်တဲ့ မျှော်လင့်ချက်ကတော့ လူငယ်တွေရဲ့ အိပ်မက်တွေ၊ စိတ်ကူးတွေ၊ ဆန်းသစ်တီထွင်ချင်တဲ့စိတ်တွေကို ဒီပွဲကနေတစ်ဆင့် တစ်နိုင်ငံလုံးမှာရှိတဲ့ လူငယ်တွေနဲ့ တွေ့ပြီးတော့ အိုင်ဒီယာတွေ ဖလှယ်လို့ရတယ်။ ရိုးရာလုပ်ငန်းကနေ အခု Update ဖြစ်နေတဲ့ ဖန်တီးမှုတွေနဲ့ပေါင်းစပ်ပြီး ကမ္ဘာမှာရှိတဲ့ ကရင်တိုင်းရင်းသားတွေ၊ မြန်မာနိုင်ငံတစ်ဝန်းမှာရှိကြတဲ့ တိုင်းရင်းသားတွေအားလုံး မြင်အောင် ဖန်တီးလုပ်ဆောင်နိုင်လို့ ရတယ်ဆိုတာကို သိရှိသွားပါတယ်။

နိုင်ငံတော်အကြီးအကဲနဲ့တကွ တာဝန်ရှိသူတွေက လူငယ်တွေရဲ့ စီးပွားရေးကဏ္ဍတွေကို ဘက်ပေါင်းစုံကနေ တိုးတက်အောင်ဆောင်ရွက်ပေးနေတာကို မြင်တွေ့ခွင့်ရတယ်။ ဒီနေ့မှာ ကျွန်မတို့လိုပဲ မြန်မာတစ်နိုင်ငံလုံးမှာရှိတဲ့ စွန့်ဦးတီထွင်လုပ်ငန်းရှင်လူငယ်တွေရဲ့ လုပ်ငန်းသဘောသဘာဝကို သိမြင်ခွင့်ရတယ်၊ အချင်းချင်း တွေ့ဆုံဆွေးနွေးဖလှယ်ခွင့်ရတယ်။ လုပ်ငန်းတွေ ရှေ့ဆက်လုပ်ဖို့လည်း ခွန်အားတွေ၊ ကြိုးစားချင်စိတ်တွေ အများကြီးရပါတယ်။ လူငယ်တွေရဲ့ လိုအပ်ချက်တွေကို နိုင်ငံတော်က အထောက်အပံ့ပေးတဲ့ ပွဲတစ်ခုလို့ ထင်မြင်မိပါတယ်။

**ဦးကျော်မင်းခိုင်(လူမှုရေးရာဝန်ကြီး၊ ကချင်ပြည်နယ်အစိုးရအဖွဲ့)**

ကျွန်တော်တို့ ကချင်ပြည်နယ်ကနေ စွန့်ဦးလုပ်ငန်းရှင်သုံးယောက်၊ ပြခန်းပြမယ့် လူငယ်လုပ်ငန်းရှင်သုံးယောက်၊ လူငယ်စကားဝိုင်းတက်မယ့် လူငယ်လေးယောက်၊ အုပ်ချုပ်သူတွေနဲ့ အားလုံးစုစုပေါင်း ၁၃ ယောက်လာခဲ့တာပါ။ MSME လုပ်ငန်းလုပ်ကိုင်တဲ့ လူငယ်တွေကို ခေါ်ပေးတဲ့အတွက် နိုင်ငံတော်သမ္မတကြီးနဲ့ တာဝန်ရှိသူတွေကို ကျေးဇူးတင်ပါတယ်။ ဘာကြောင့်လဲဆိုတော့ လူငယ်တွေအနေနဲ့ အခုလိုပွဲတွေမှာ လာရောက်ပြသခြင်းအားဖြင့် သူတို့ရဲ့ ထုတ်ကုန်တွေကို ရဲဝံ့စွာနဲ့ ဖော်ထုတ်ပြသနိုင်မှာ ဖြစ်ပါတယ်။ နိုင်ငံတော်က လူငယ်တွေကို အလေးထားတယ်ဆိုတာ လူငယ်တွေ သိရှိခြင်းအားဖြင့် ပိုပြီး ကြိုးစားလာမယ်လို့ ကျွန်တော့်အနေနဲ့ မြင်ပါတယ်။ MSME ပြပွဲအပြင် လူငယ်တွေအတွက် ပြပွဲပြိုင်ပွဲတွေ ပြုလုပ်ပေးစေချင်ပါတယ်။ ဒါမှ လူငယ်ကဏ္ဍတွေ ပိုမိုတိုးတက်အောင်မြင်ပြီး နိုင်ငံတော်အတွက် ပိုမိုပါဝင်လာနိုင်မယ်လို့ ထင်မြင်မိပါတယ်။

စာမျက်နှာ ၁၄ သို့ ☆

# ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းတို့နှင့်စပ်လျဉ်း၍ ရှင်းလင်းဆွေးနွေးပွဲ ကျင်းပ

ဟားခါး ဩဂုတ် ၁၂

၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီးခန့်မှန်းခြေငွေစာရင်းတို့နှင့် စပ်လျဉ်း၍ ဘဏ္ဍာရေးဆိုင်ရာ စည်းမျဉ်း၊ စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်း၊ အမိန့် ညွှန်ကြားချက်များနှင့် စပ်လျဉ်း၍ ယနေ့တွင် ခေါင်းစဉ် တစ်ခုချင်းစီအလိုက် ရှင်းလင်းတင်ပြကြသည်။



**ပြောကြား**

အဆိုပါ ရှင်းလင်းဆွေးနွေးပွဲကို ဟားခါးမြို့ ချင်းပြည်နယ် လွှတ်တော်ရုံးရေးရာ ကော်မတီ ခန်းမဆောင်၌ ကျင်းပပြီး ချင်းပြည်နယ် လွှတ်တော် ဥက္ကဋ္ဌ ဦးကောလ်လျန်ထန်းက ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ချင်းပြည်နယ်၏ ဖြည့်စွက်ခွင့်ပြုငွေစာရင်း၊ ပြုပြင်ပြီး ခန့်မှန်းခြေငွေစာရင်းတို့နှင့် စပ်လျဉ်း၍ ပြည်နယ် လွှတ်တော်အစည်းအဝေးတွင် မဆွေးနွေးမီ အကြိုညှိနှိုင်း အစည်းအဝေးဖြစ်ကြောင်း အမှာစကားပြောကြားသည်။

ထို့နောက် ချင်းပြည်နယ် ရသုံးမှန်းခြေ ငွေစာရင်းဦးစီးဌာနနှင့် ပြည်နယ်စီမံကိန်းရေးဆွဲရေး ဦးစီးဌာနတို့မှ ပြည်နယ်ဦးစီးမှူးများ၊ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက် ရန်ပုံငွေတောင်းခံထားသည့် ချင်းပြည်နယ်လွှတ်တော်ရုံး၊ အထူးစုံစမ်းစစ်ဆေးရေး ဦးစီးဌာန၊ ဗဟိုစာရင်းအင်း ဦးစီးဌာန၊ ပြည်နယ် စည်ပင်သာယာရေးအဖွဲ့နှင့် လမ်းဦးစီးဌာနတို့မှ ပြည်နယ် ဦးစီးမှူးများက ဌာနအလိုက် ဖြည့်စွက်ရန်ပုံငွေ တောင်းရခြင်းနှင့် စပ်လျဉ်း၍ ရှင်းလင်းတင်ပြကြသည်။

တင်ပြချက်များအပေါ် ပြည်နယ်လွှတ်တော် ကိုယ်စားလှယ်များက ဆွေးနွေးမေးမြန်းကြပြီး သက်ဆိုင်ရာ ပြည်နယ်ဦးစီးမှူးများက ပြန်လည်ရှင်းလင်းဖြေကြားခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)

## လောပိတမြို့၌ နိုင်ငံသားစိစစ်ရေးကတ်များဆောင်ရွက်ပေး

လွိုင်ကော် ဩဂုတ် ၁၂

ကယားပြည်နယ် လောပိတမြို့ ရှမ်းရွာအခြေခံပညာအထက်တန်းကျောင်းတွင် လမင်းစီမံချက်ဖြင့် နိုင်ငံသားစိစစ်ရေးကတ်နှင့် UID များပေးအပ်ပွဲအခမ်းအနားကို ယနေ့နံနက်ပိုင်းက ကျောင်းခန်းမ၌ ကျင်းပသည်။

မြို့နယ်ဦးစီးမှူးနှင့် ဝန်ထမ်းများက နိုင်ငံသားစိစစ်ရေးကတ်နှင့်အတူ e-ID စနစ်ဖြင့် Biographic/ Biometric ကောက်ယူကာ Unique ID တစ်ပါတည်း ဆောင်ရွက်ပေးသည်။

ထို့နောက် ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်များနှင့် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန ကယားပြည်နယ်ဦးစီးမှူး ဦးသန်းထွန်းအောင်တို့က ကျောင်းသား ကျောင်းသူများအား နိုင်ငံသားစိစစ်ရေးကတ်ပြားများနှင့် UID များကို ပေးအပ်ခဲ့ကြောင်း သိရသည်။

မေစု(ပြန်/ဆက်)



## ပုသိမ်မြို့နယ်၌ ရေနုတ်မြောင်းများ ရှင်းလင်းဆယ်ယူ

ပုသိမ် ဩဂုတ် ၁၂

ဧရာဝတီတိုင်းဒေသကြီး ပုသိမ်မြို့နယ် စည်ပင်သာယာရေးကော်မတီမှ ရေနုတ်မြောင်းများ ရှင်းလင်းဆယ်ယူခြင်းကို ယနေ့နံနက်ပိုင်းက ပုသိမ်မြို့ အမှတ်(၅)ရပ်ကွက် ပြည်တော်သာလမ်းဘေး ရေနုတ်မြောင်းတွင် ဆောင်ရွက်ကြသည်။

ပုသိမ်မြို့နယ် စည်ပင်သာယာရေးကော်မတီမှ မတူးဖော်ရသေးသော ရေနုတ်မြောင်းများတူးဖော်ခြင်း၊ တူးဖော်ပြီးသော ရေနုတ်မြောင်းများတွင် အမှိုက်များ၊ ဒိုက်ပင်များ ပိတ်ဆို့မှုမရှိစေရေးအတွက် ရေနုတ်မြောင်းများ ရှင်းလင်းဆယ်ယူခြင်းများကို ဆောင်ရွက်လျက်ရှိရာ ယနေ့နံနက်ပိုင်းက ပြည်တော်သာလမ်းဘေး ရေနုတ်မြောင်းအား မြို့နယ် စည်ပင်သာယာရေးဝန်ထမ်းများက ဆောင်ရွက်ခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ကျော်ဟိန်း(ပြန်/ဆက်)





## မြောင်းမြမြို့၌ ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းများ ဆောင်ရွက်

မြောင်းမြ ဩဂုတ် ၁၂

ဧရာဝတီတိုင်းဒေသကြီး မြောင်းမြမြို့တွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့နှင့် ရပ်ကွက်နေပြည်သူများက ပူးပေါင်း၍ ယမန်နေ့နံနက်ပိုင်းက မြရတနာရပ်ကွက် အမက ခါတော်မီကျောင်းရှေ့မှ ဘုရားချောင်းတံတားထိပ်အထိ ရေမြောင်းတူးဖော်ခြင်းလုပ်ငန်းများကို ဆောင်ရွက်ခဲ့သည်။

ထိုသို့ဆောင်ရွက်ရာတွင် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီ ဥက္ကဋ္ဌ ဦးမောင်မောင်၊ မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဒုတိယညွှန်ကြားရေးမှူး ဦးမင်းဇော်နှင့် တာဝန်ရှိသူများက နဝရတ်လမ်းမကြီး လမ်းဘေးဝဲ၊ ယာတို့မှ ရေမြောင်းများတွင် မိုးတွင်းကာလ ရေကြီးရေလျှံမှု မဖြစ်ပေါ်စေရေးအတွက် စက်ယန္တရားများဖြင့် အနက်နှိုက်တူးဖော်ခြင်း၊ ရေမြောင်းအတွင်းမှ အမှိုက်သရိုက်များ ဆယ်ယူခြင်း ဆောင်ရွက်နေမှုကို လိုက်လံကြည့်ရှုအားပေးခဲ့ကြောင်း သိရသည်။

ဇေယျာ(ပြန်/ဆက်)

## မူဆယ်မြို့၌ လူငယ်စကားဝိုင်း ကျင်းပ

မူဆယ် ဩဂုတ် ၁၂

ရှမ်းပြည်နယ် (မြောက်ပိုင်း) မူဆယ်မြို့တွင် လူငယ်စကားဝိုင်းကို အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်းခန်းမ၌ ယမန်နေ့မွန်းလွဲပိုင်းက ကျင်းပသည်။

အဆိုပါလူငယ်စကားဝိုင်းတွင် ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မူဆယ်ခရိုင်ရုံးမှ လက်ထောက်ညွှန်ကြားရေးမှူး ဒေါ်ကေသွယ်ဟန်က လူငယ်စကားဝိုင်းများ ကျင်းပရခြင်း ရည်ရွယ်ချက်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ လူငယ်စကားဝိုင်းကို ကျင်းပရာ ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန မူဆယ်ခရိုင်ရုံးမှ ဦးစီးအရာရှိ ဦးသန်းဇော်ဦးက ဦးဆောင်ဆွေးနွေးသူအဖြစ် ဆောင်ရွက်ပြီး အထက(၂)မှ ကျောင်းသား ကျောင်းသူများက လူငယ်နှင့် အားကစား၊ လူငယ်နှင့် ပညာရေး၊ လူငယ်နှင့်စာပေ၊ လူငယ်နှင့်ယဉ်ကျေးမှု၊ လူငယ်နှင့်နည်းပညာ စသည့်ခေါင်းစဉ်များဖြင့် ဆွေးနွေးကြသည်။

ယင်းနောက် မြန်မာနိုင်ငံစာရေးဆရာအသင်း (မူဆယ်မြို့နယ်) ဥက္ကဋ္ဌ ဦးမျိုးခိုင်က အနှစ်ချုပ်သုံးသပ်ဆွေးနွေးခဲ့ကြောင်း သိရသည်။

ခရိုင်(ပြန်/ဆက်)



☆ စာမျက်နှာ ၁၃ မှ

**ဦးရဲရင့်**

**တွဲဖက်ဘဏ္ဍာရေးမှူး၊ မြန်မာလူငယ်ဖွံ့ဖြိုးတိုးတက်ရေးအသင်း**

ဒီပွဲမှာ လာရောက်ခင်းကျင်းပြသရတဲ့ ရည်ရွယ်ချက်ကတော့ ကျွန်တော်တို့ အသင်းဝင် လူငယ်တွေ စွန့်ဦးတီထွင်ပြီး ထုတ်လုပ်ထားတဲ့ ထုတ်ကုန်တွေကို အများပြည်သူတွေသိရှိပြီး ဈေးကွက်ထဲမှာ ကျယ်ကျယ်ပြန့်ပြန့် ထိုးဖောက်ဖြန့်ဝေနိုင်အောင်ဆိုတဲ့ ရည်ရွယ်ချက်နဲ့ လာရောက်ပြသခြင်း ဖြစ်ပါတယ်။ ကျွန်တော်တို့ ပြခန်းမှာဆိုရင် သောက်ရေသန့်၊ T-shirt အင်္ကျီတွေ၊ ကော်ဖီတွေနဲ့ ပျားရည်တွေကို ပြသထားပါတယ်။ ကျွန်တော်တို့အသင်းကို လူငယ်တွေနဲ့ စုစည်းဖွဲ့စည်းထားတာဖြစ်တဲ့အတွက် အသင်းထဲမှာ စီးပွားရေးကို ကိုယ်တိုင်ကိုယ်ကျ ထူးထူးချွန်ချွန် လုပ်နိုင်တဲ့ လူငယ်တွေ အများကြီးရှိတယ်ဆိုတာကို ပွဲကိုတက်ရောက်လာကြတဲ့ လူငယ်တွေသိရှိပြီး အတုယူကြိုးစားချင်စိတ်တွေ ဖြစ်ပေါ်လာအောင် ရည်ရွယ်ပြသတာ ဖြစ်ပါတယ်။

လူငယ်ကဏ္ဍနဲ့ပတ်သက်ပြီး ပြောရရင် လူငယ်တွေ လမ်းမှားမရောက်အောင်နဲ့ အသက်မွေးဝမ်းကျောင်းပညာရပ်တွေ တတ်ကျွမ်းပြီး နိုင်ငံတော်နဲ့ လူသားအရင်းအမြစ်ကောင်းကျိုးကို တစ်ထောင့်တစ်နေရာကနေ စွမ်းစွမ်းတမံ ပါဝင်လာနိုင်အောင် အသိပညာတွေ၊ အတတ်ပညာတွေ လေ့ကျင့်ပေးစေချင်ပါတယ်။ မြန်မာလူငယ် ဖွံ့ဖြိုးတိုးတက်ရေးအသင်းအနေနဲ့ သက်ဆိုင်ရာ ဝန်ကြီးဌာနတွေနဲ့ ပူးပေါင်းပြီး Forum တွေ၊ International Youth Day ပွဲတွေမှာ ပါဝင်ဆောင်ရွက်ခဲ့ပါတယ်။ ကျောင်းသားလူငယ်တွေအတွက် လိုအပ်တဲ့ ကျောင်းသုံးစာရေးကိရိယာတွေ လှူဒါန်းတာ၊ ထူးချွန်လူငယ်တွေကို ချီးမြှင့်တာတွေလည်း လုပ်ဆောင်ခဲ့ပါတယ်။ အသင်းစတင်တည်ထောင်တဲ့ ၂၀၁၈ ခုနှစ်ကနေ အခုလက်ရှိ ၂၀၂၆ ခုနှစ်အထိ ထူးချွန်တဲ့ အသင်းဝင်လူငယ် ၅၀ ကို International Youth Day တွေ၊ Youth Forum တွေနဲ့ Japan Youth Summit တွေကို စေလွှတ်ပေးနိုင်ခဲ့ပါတယ်။ လူငယ်တွေကို အားပေးစကားပြောချင်တာက လက်ရှိကာလမှာ အသိပညာ၊ အတတ်ပညာတွေကို ပိုပြီးကြိုးစားသင်ယူကြပါ။ အမှား အမှန်ကို ကိုယ်ပိုင်ဆင်ခြင်တုံတရားနဲ့ ဝေဖန်ပိုင်းခြားပြီး နိုင်ငံတော်နဲ့ လူသားအရင်းအမြစ် ဖွံ့ဖြိုးတိုးတက်ရေးကဏ္ဍတွေမှာ စွမ်းစွမ်းတမံ ပါဝင်ပေးကြပါလို့ ပြောချင်ပါတယ်။

တွေ့ဆုံမေးမြန်း - မျိုးဆက်သစ်
ဓာတ်ပုံ-လုလင်ငယ်

# အွန်လိုင်းလိမ်လည်မှုလုပ်ငန်းများအား ဆက်လက်စစ်ဆေးဆောင်ရွက်လျက်ရှိပြီး ပြည်ပနိုင်ငံသား ကိုးဦး ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ကာ ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့



နေပြည်တော် ဩဂုတ် ၁၂

နိုင်ငံတော်အစိုးရ အနေဖြင့် နယ်စပ်ဒေသများ၌ တရားမဝင်ဝင်ရောက်နေထိုင်ပြီး အွန်လိုင်းလောင်းကစားမှု၊ အွန်လိုင်းလိမ်လည်မှုအပါအဝင် ဒုစရိုက်မှုလုပ်ငန်းများတွင် ပါဝင်ဆောင်ရွက်ခဲ့ကြသည့် ပြည်ပနိုင်ငံသားများကို စုံစမ်းစစ်ဆေးဖော်ထုတ်၍ သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ၊ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးအပ်လျက်ရှိသည်။

ထိုသို့ ပြည်နှင်လွှဲပြောင်းပေးလျက်ရှိရာ ထိုင်းနိုင်ငံအပါအဝင် အိမ်နီးချင်းနိုင်ငံအချို့ကို တစ်ဆင့်ခံဖြတ်သန်း၍ ကရင်ပြည်နယ် မြဝတီမြို့ဝန်းကျင်ရှိ ဆိုက်များအတွင်းသို့ တရားမဝင် လမ်းကြောင်းမှ တစ်ဆင့် ဝင်ရောက်နေခဲ့သည့် အီသီယိုးပီးယားနိုင်ငံသား သုံးဦး၊ ယူဂန်ဒါနိုင်ငံသား နှစ်ဦး၊ တရုတ်နိုင်ငံသား နှစ်ဦး၊ ရဝမ်ဒါနိုင်ငံသား တစ်ဦးနှင့် ကင်ညာနိုင်ငံသား တစ်ဦး စုစုပေါင်း ပြည်ပနိုင်ငံသား ကိုးဦးတို့အား ထပ်မံဖော်ထုတ်ထိန်းသိမ်းနိုင်ခဲ့ပြီး ပြည်နှင်နိုင်ရေး စစ်ဆေးနိုင်ခဲ့သည်။

၂၀၂၅ ခုနှစ် ဇန်နဝါရီ ၃၀ ရက်မှ ၂၀၂၆ ခုနှစ် ဩဂုတ် ၁၂ ရက်အထိ မြဝတီမြို့နယ်အတွင်းသို့ တရားမဝင် ဝင်ရောက်လာသည့် ပြည်ပနိုင်ငံသား စုစုပေါင်း ၁၄၇၄၉ ဦး ထိန်းသိမ်းနိုင်ခဲ့ကြောင်းနှင့် ယင်းနိုင်ငံသားအားလုံးကို စစ်ဆေးပြီးစီးခဲ့ပြီး ၎င်းတို့အနက်မှ ၁၃၈၂၀ ကို ထိုင်းနိုင်ငံမှတစ်ဆင့် သက်ဆိုင်ရာနိုင်ငံများသို့ ဥပဒေ လုပ်ထုံးလုပ်နည်းများနှင့် အညီ စနစ်တကျ ပြည်နှင်လွှဲပြောင်းပေးခဲ့သည်။

လွှဲပြောင်းပေးအပ်ရန် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၉၂၉ ဦးတွင် မြန်မာနိုင်ငံ လူဝင်မှုကြီးကြပ်ရေး (လတ်တလော)ပြဋ္ဌာန်းချက်များ အက်ဥပဒေပုဒ်မ ၃(၁)/၁၃(၁) နှင့် မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာဥပဒေအရ အပြစ်ပေးအရေးယူခဲ့သည့် ပြည်ပနိုင်ငံသား ၇၁၃ ဦးရှိသည့်အတွက် ကျန်ရှိသည့် ပြည်ပနိုင်ငံသား ၂၁၆ ဦးတို့အား သက်ဆိုင်ရာနိုင်ငံများသို့ လွှဲပြောင်းပေးရန် အသင့်ဖြစ်နေပြီဖြစ်ကြောင်းနှင့် ၎င်းတို့ကို ကောင်းမွန်စွာ ထိန်းသိမ်းစောင့်ရှောက်ထားရှိသည်။

နိုင်ငံတော်အနေဖြင့် Online Scam Center လုပ်ငန်းများတွင် ပါဝင် ပတ်သက်နေသူများနှင့် နောက်ကွယ်မှ ကြိုးကိုင်သော နိုင်ငံခြားသားများကို ဖော်ထုတ်ဖမ်းဆီးပြီး ထိထိရောက်ရောက် ပြင်းပြင်းထန်ထန် အရေးယူနိုင်ရေး အိမ်နီးချင်းနှင့် ဒေသတွင်းနိုင်ငံများ၊ နိုင်ငံတကာအဖွဲ့အစည်းများနှင့် တက်ကြွစွာ ပူးပေါင်းဆောင်ရွက်လျက်ရှိသည့် အပြင် အကြောင်းအမျိုးမျိုးကြောင့် ဒုက္ခရောက်နေကြသော နိုင်ငံခြားသားများနှင့် လူကုန်ကူးခံရသည့် နိုင်ငံခြားသားများအား သက်ဆိုင်ရာနိုင်ငံများသို့ အမြန်ဆုံးပြည်နှင်လွှဲပြောင်းပေးနိုင်ရေး ထိရောက်စွာ ညှိနှိုင်းဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**

# ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၌ ရပ်ထားသည့်မော်တော်ယာဉ်အတွင်းမှ ငွေကျပ် သိန်း ၆၀၀ ခိုးယူသူအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ

ရန်ကုန် ဩဂုတ် ၁၂

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၌ ရပ်ထားသည့် မော်တော်ယာဉ်အတွင်းမှ ငွေကျပ် သိန်း ၆၀၀ ခိုးယူသူအား ဩဂုတ် ၉ ရက် ညပိုင်းတွင် ဖော်ထုတ်ဖမ်းဆီးရမိခဲ့ကြောင်း သိရသည်။

ဖြစ်စဉ်မှာ လှိုင်မြို့နယ် အမှတ်(၁၀)ရပ်ကွက်နေ ဒေါ်xxxx(၅၂) နှစ်သည် ဩဂုတ် ၅ ရက် မွန်းလွဲ ၁၂ နာရီ ၁၅ မိနစ်ခန့်တွင် ကမာရွတ်မြို့နယ် အမှတ်(၁) ရပ်ကွက် အင်းစိန်လမ်းမပေါ်ရှိ MAB Bank အနီးလမ်းဘေး၌ ၎င်းပိုင် YGN-8 2F-xxxx NISSAN MARCH ယာဉ်အား သော့ပိတ်ရပ်တန့်၍ MAB Bank အတွင်းသို့ ငွေအပ်နှံရန်အတွက် ၆ မိနစ်ခန့်သွားရောက်စုံစမ်းခဲ့ကြောင်း၊ ထို့နောက် ပြန်ရောက်လာပြီး ယာဉ်တံခါးဖွင့်၍ စစ်ဆေးစဉ် ယာဉ်၏ နောက်ခန်း၌ ထားရှိသော ငွေကျပ်သိန်း ၆၀၀ မှာ ပျောက်ဆုံးနေသဖြင့် ခိုးယူသွားသူအား ဖော်ထုတ်အရေးယူပေးပါရန် ကမာရွတ်မြို့မရဲစခန်းသို့ သွားရောက်တိုင်တန်းခဲ့သည်။

လုံခြုံရေးတပ်ဖွဲ့ဝင်များ၏ စုံစမ်းဖော်ထုတ်ချက်အရ ခိုးမှုကျူးလွန်သူ ဧရာဝတီတိုင်းဒေသကြီး ဟင်္သာတမြို့နယ် အုန်းကုန်းကျေးရွာနေ ဇော်လတ်(ခ) အောင်ဇော်လတ် (၃၈)နှစ်အား ဩဂုတ် ၉ ရက် ညပိုင်းတွင် ၎င်း၏နေအိမ်၌ ခိုးမှုကျူးလွန်ရာမှ ရရှိခဲ့သည့် ငွေကျပ် သိန်း ၁၄၀ နှင့်အတူ ဖမ်းဆီးရမိခဲ့သည်။



ဇော်လတ်(ခ)အောင်ဇော်လတ်၏ ထွက်ဆိုချက်အရ ဩဂုတ် ၅ ရက် နံနက် ၁၁ နာရီခွဲခန့်တွင် ကမာရွတ်မြို့နယ် (၁)ရပ်ကွက် အင်းစိန်လမ်းမပေါ်ရှိ MAB Bank အနီး လမ်းဘေး၌ ရပ်တန့်ထားသည့် YGN-8 2F-xxxx NISSAN MARCH အဖြူရောင်ယာဉ်ပေါ်မှ ပိုင်ရှင် အမျိုးသမီးဆင်းလာကာ ယာဉ်အားလော့ချစဉ် ၎င်းက ယာဉ်၏ ဝဲဘက်အနောက်တံခါးလက်ကိုင်ကွင်းအား လော့ချမရအောင် မ,တင်ထားခဲ့ကြောင်း၊ ထို့နောက် ယာဉ်ပိုင်ရှင် MAB Bank သို့ သွားရောက်နေစဉ် ငွေကျပ် သိန်း ၆၀၀ အား ခိုးယူခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

ထို့နောက် သက်သေခံပစ္စည်းများ သိမ်းဆည်းရမိရေး ဆက်လက်ဆောင်ရွက်ရာ ဩဂုတ် ၁၁ ရက် မွန်းလွဲပိုင်းတွင် ခိုးယူရရှိငွေဖြင့် ဝယ်ယူထားသည့် ရွှေလက်စွပ်နှစ်ကွင်းနှင့် ငွေကျပ်သိန်း ၁၀၀ အား ဆိပ်ကြီးခနောင်တိုမြို့နယ် ဆိပ်ကြီးအရှေ့ရပ်ကွက်ရှိ နေအိမ်မှလည်းကောင်း၊ ဆိပ်ကြီးခနောင်တိုမြို့နယ် အမှတ်(၅) ရပ်ကွက်ရှိ နေအိမ်မှ ငွေကျပ်သိန်း ၁၀၀ အားလည်းကောင်း သိမ်းဆည်းရမိခဲ့ကြောင်း နှင့် ဇော်လတ်(ခ) အောင်ဇော်လတ်အား ဥပဒေနှင့်အညီ ထိရောက်စွာ အရေးယူနိုင်ရေး ဆက်လက်ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။ **သတင်းစဉ်**



# မြောက်ဥက္ကလာပမြို့နယ် သန္တာရောင်းဝယ်ရေး သမဝါယမအသင်းနှစ်ပတ်လည် စည်းဝေး

ရန်ကုန် ဩဂုတ် ၁၂

ရန်ကုန်တိုင်းဒေသကြီး မြောက်ဥက္ကလာပမြို့နယ်အတွင်းရှိ သမဝါယမအသင်းများမှ သန္တာရောင်းဝယ်ရေး သမဝါယမအသင်းလီမိတက်၏ ၂၀၂၅-၂၀၂၆ ဘဏ္ဍာနှစ်အတွက် နှစ်ပတ်လည်အရပ်ရပ်ဆိုင်ရာ အစည်းအဝေးနှင့် အမှုဆောင်ရွေးချယ်ပွဲကို ယမန်နေ့မွန်းလွဲပိုင်းက (ဈ)ရပ်ကွက် မြို့နယ်အသင်းစုရုံး၌ ပြုလုပ်သည်။

ဦးစွာ မြောက်ဥက္ကလာပမြို့နယ် သမဝါယမဦးစီးဌာန ဦးစီးအရာရှိ ချစ်ကိုကိုဦးက အသင်းများအနေဖြင့် သမဝါယမအသင်းဥပဒေအရ အမှုဆောင်ရွေးချယ်တင်မြှောက်ရာတွင် လိုက်နာရမည့် စည်းကမ်းများ၊ လုပ်ထုံးလုပ်နည်းညွှန်ကြားချက်၊ ဝန်ကြီးဌာနနှင့် ဦးစီးဌာနက ဆက်လက်အကောင်အထည်ဖော်ဆောင်ရွက်မည့် လုပ်ငန်းစဉ်များကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ အသင်းမှ အမှုဆောင်အဖွဲ့အစီရင်ခံစာနှင့် နှစ်ချုပ်ဘဏ္ဍာရေးရှင်းတမ်းများကို အသင်းစာရင်းစစ် ဒေါ်စုစုလှိုင်က ဖတ်ကြားတင်ပြပြီး အသင်းသားများ၏ အတည်ပြုချက်များရယူကာ အမှုဆောင်ရွေးချယ်ကြသည်။ အဆိုပါအစည်းအဝေးသို့ အသင်းသား ၂၇ ဦး တက်ရောက်ပြီး အစုပေါ်အမြတ်နှင့် အသင်းသားများအား လက်ဆောင်ပစ္စည်းများ ပေးအပ်ခဲ့ကြောင်း သိရသည်။ **သက်လွင်စိုး(ပြန်/ဆက်)**

# သာစည်မြို့နယ်၌ လျှပ်စစ်မီတာအသစ်များကို အမြန်ဆုံးတပ်ဆင်ပေးသွားမည်

သာစည် ဩဂုတ် ၁၂

မန္တလေးတိုင်းဒေသကြီး သာစည်မြို့နယ်၌ ဩဂုတ် ၁၅ ရက်မှ စတင်ကာ online စနစ်ဖြင့်လျှောက်ထားနိုင်ပြီး သတ်မှတ်ချက်များ ပြည့်စုံပါက မီတာများ အမြန်ဆုံးတပ်ဆင်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်လျှပ်စစ်မန်နေဂျာ ဒေါ်မေသဇင်ထံမှ သိရသည်။

မီတာအသစ်လျှောက်ထားမှုများကို သက်ဆိုင်ရာ မန္တလေးလျှပ်စစ်ဓာတ်အားပေးရေးကော်ပိုရေးရှင်း (ရုံးချုပ်) က အဆက်မပြတ်စောင့်ကြည့်ပြီး မြို့နယ်လျှပ်စစ်မန်နေဂျာရုံးမှ သတ်မှတ်ချက်များအား ပြည့်စုံစွာ စိစစ်ဆောင်ရွက်ပြီးပါက အမြန်ဆုံးတပ်ဆင်နိုင်ရေး ဆောင်ရွက်သွားမည်ဖြစ်ကြောင်း သိရသည်။

အဆိုပါ online စနစ်ဖြင့် မစတင်မီ ယခင်စနစ်ဟောင်းပုံစံဖြင့်မြို့နယ်လျှပ်စစ်မန်နေဂျာရုံးတွင် သတ်မှတ်ကြေးပေးသွင်းပြီး လျှောက်ထားသော အိမ်သုံးမီတာများအား ထုတ်ယူတပ်ဆင်ပေးလျက်ရှိကြောင်း သိရသည်။ **ထွန်းထွန်း(သာစည်)**



# ဇလွန်မြို့၌ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေး ရေနုတ်မြောင်းများ ဖော်ထုတ်ရှင်းလင်း



ဇလွန် ဩဂုတ် ၁၂

ဧရာဝတီတိုင်းဒေသကြီး ဇလွန်မြို့နယ်စည်ပင်သာယာရေးအဖွဲ့က မြို့ပေါ်ရပ်ကွက်များတွင် မိုးရာသီကာလ၌ ရေကြီးရေလျှံမှုများ မဖြစ်ပေါ်စေရေးအတွက် ရေနုတ်မြောင်းများ ဖော်ထုတ်ရှင်းလင်းခြင်းကို ယနေ့နံနက်ပိုင်းတွင် ဆောင်ရွက်သည်။

ထိုသို့ဆောင်ရွက်ရာတွင် မြို့နယ်စည်ပင်သာယာရေးအဖွဲ့ အမှုဆောင်အရာရှိ ဦးသိန်းလွင် ဦးဆောင်သည့် ဝန်ထမ်းများက လမ်းမတော်မြောက်ရပ်ကွက် အဒါးလမ်းဘေးတစ်လျှောက်နှင့် မြို့တွင်းရေမြောင်းများဖြစ်သော ခပေါင်းလမ်း၊ စံပယ်(၂)လမ်း၊ စံပယ်(၃)လမ်း၊ ပုပ္ပါးလမ်း၊ စံပယ်(၄)လမ်း၊ စံပယ်(၅)လမ်း၊ စံပယ်(၆)လမ်းတို့၌ လမ်းဘေးဝဲယာတစ်လျှောက် မြက်ဖြတ်ခြင်း၊ မြောင်းတွင်းအမှိုက်များ၊ နုန်းများဆယ်ယူရှင်းလင်းခြင်းဆောင်ရွက်ခဲ့ကြောင်း သိရသည်။

**ဇလွန်(ပြန်/ဆက်)**

ညအချိန်အိပ်နေချိန်တွင် လျှပ်စစ်မီးများ ပိတ်ထားခြင်းဖြင့် လျှပ်စစ်ကို နေ့စဉ် ချွေတာသင့်ပါသည်

# တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ ကျင်းပ

ရန်ကုန် ဩဂုတ် ၁၂

တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီးလွှတ်တော် တတိယပုံမှန်အစည်းအဝေး ပထမနေ့ကို ယနေ့မွန်းလွဲပိုင်းတွင် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော်အစည်းအဝေးခန်းမ၌ ကျင်းပရာ တိုင်းဒေသကြီး လွှတ်တော်ကိုယ်စားလှယ်ကိုးဦး မေးမြန်းသည့် ကြယ်ပွင့်ပြမေးခွန်း ကိုးခုကို သက်ဆိုင်ရာ တိုင်းဒေသကြီးအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားကြသည်။



### တက်ရောက်

အစည်းအဝေးတွင် တိုင်းဒေသကြီး လွှတ်တော်ဥက္ကဋ္ဌက အစည်းအဝေး တက်ရောက်မှုအခြေအနေကို လွှတ်တော်သို့ တင်ပြပြီး အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာကာ အစည်းအဝေး တက်ရောက်မှုအခြေအနေကို အတည်ပြုချက်ရယူ မှတ်တမ်းတင်သည်။

ထို့ပြင် ရန်ကုန်တိုင်းဒေသကြီး ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် နောက်ထပ်ဘဏ္ဍာငွေ ခွဲဝေသုံးစွဲရေးလျာထားချက်ကို ရန်ကုန်တိုင်းဒေသကြီး အစိုးရအဖွဲ့ကိုယ်စား စီမံကိန်း၊ စီးပွားရေးနှင့် ဘဏ္ဍာရေးဝန်ကြီးက လွှတ်တော်သို့ တင်သွင်းခြင်းတို့ကို ဆောင်ရွက်ပြီး တတိယအကြိမ် ရန်ကုန်တိုင်းဒေသကြီး လွှတ်တော် တတိယ ပုံမှန်အစည်းအဝေး ပထမနေ့ကို ရပ်နားလိုက်ကြောင်း သိရသည်။

**တိုင်းဒေသကြီး(ပြန်/ဆက်)**

# မိုးညှင်းခရိုင်၌ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းဖွင့်

မိုးညှင်း ဩဂုတ် ၁၂

မိုးညှင်းခရိုင်၌ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှုသင်တန်းဖွင့်ပွဲကို ယမန်နေ့နံနက်ပိုင်းက ကျင်းပသည်။

ဦးစွာ စစ်ကိုင်းတိုင်းဒေသကြီး ဘေးအန္တရာယ်ဆိုင်ရာစီမံခန့်ခွဲမှု ဦးစီးဌာနမှ တိုင်းဒေသကြီးဦးစီးမှူး ဦးစိုးလှိုင်က အမှာစကား ပြောကြားပြီး စစ်ကိုင်းတိုင်းဒေသကြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူး ဒေါ်ယဉ်ယဉ်မေနှင့် မိုးညှင်းခရိုင်ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာနမှ ခရိုင်ဦးစီးမှူး ဒေါ်ဥမ္မာခင်တို့က သင်တန်းဖွင့်လှစ်ရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

သင်တန်းကို မိုးညှင်းခရိုင်အတွင်းရှိ မြို့နယ်များမှ သင်တန်းသားသင်တန်းသူ ၁၀ ဦး တက်ရောက်ပြီး သင်တန်းနည်းပြ နှစ်ဦးဖြင့် ဩဂုတ် ၁၁ ရက်မှ ၁၉ ရက်အထိ ခုနစ်ရက်ကြာ သင်ကြားပို့ချပေးမည်ဖြစ်ကြောင်း သိရသည်။

**ဖြိုးကျော်(ပုံတောင်မြေ)**



# မိုးညှင်းမြို့၌ ကျေးလက်လမ်း၊ တံတားလုပ်ငန်းများအတွက် လုပ်ငန်းညှိနှိုင်းစည်းဝေး

မိုးညှင်း ဩဂုတ် ၁၂

စစ်ကိုင်းတိုင်းဒေသကြီး မိုးညှင်းခရိုင် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ၂၀၁၇-၂၀၁၈ ဘဏ္ဍာနှစ်အတွင်း ဆောင်ရွက်မည့် ကျေးလက်လမ်း၊ တံတားလုပ်ငန်းများအတွက် လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို ယနေ့မွန်းလွဲ ၂ နာရီက မိုးညှင်းမြို့ရှိ တိုင်းဒေသကြီး ကျေးလက်လမ်း ဖွံ့ဖြိုးရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။



ဦးစွာ မိုးညှင်းခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီဥက္ကဋ္ဌကိုယ်စား ဒုတိယခရိုင်အုပ်ချုပ်ရေးမှူး ဦးလှမိုးဦးက အမှာစကား ပြောကြားသည်။

ယင်းနောက် ခရိုင်စီမံခန့်ခွဲရေးနှင့် အုပ်ချုပ်ရေးကော်မတီအဖွဲ့ဝင် ခရိုင်စီမံကိန်းရေးဆွဲရေး ဦးစီးဌာန ဒုတိယ ညွှန်ကြားရေးမှူး ဦးအေးလွင်က လုပ်ငန်းစီမံကိန်းများနှင့်ပတ်သက်၍ ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ ခရိုင်ကျေးလက်လမ်းဖွံ့ဖြိုးရေး ဦးစီးဌာန လက်ထောက် ညွှန်ကြားရေးမှူး (မြို့ပြ) ဒေါ်စန်းစန်းမြင့်စိန်က လွှတ်တော် ကိုယ်စားလှယ်များ၊ ဌာနဆိုင်ရာများနှင့် တွေ့ဆုံဆွေးနွေးမှုဝါဒညှိနှိုင်းပွဲ ကျင်းပရခြင်းနှင့်ပတ်သက်၍ ရှင်းလင်းဆွေးနွေးကာ မြို့နယ်ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနမှ မြို့နယ်တာဝန်ခံများက မြို့နယ်အလိုက် ကျေးလက်လမ်း/တံတားလုပ်ငန်း စီမံကိန်း လျာထားချက်များနှင့် ပတ်သက်၍ ရှင်းလင်းတင်ပြကြသည်။ ယင်းနောက် တက်ရောက် လာကြသော လွှတ်တော်ကိုယ်စားလှယ်များက အကြံပြုဆွေးနွေးခဲ့ကြောင်း သိရသည်။

**ခရိုင်(ပြန်/ဆက်)**

# သုံးခွမြို့နယ်၌ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်း ပြုလုပ်

သုံးခွ ဩဂုတ် ၁၂

ရန်ကုန်တိုင်းဒေသကြီး သုံးခွမြို့နယ် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် လွှတ်တော်ကိုယ်စားလှယ်များ၊ အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဌာနဆိုင်ရာများပူးပေါင်း၍ ကျေးလက်ဒေသဖွံ့ဖြိုးရေး ပြည်သူ့စကားဝိုင်းကို ဩဂုတ် ၁၁ ရက် နံနက်ပိုင်းက ရှမ်းစုကျေးရွာ ပြည်လုံးချမ်းသာဇမ္ဗူအေးမင်္ဂလာသုခဆုတောင်းပြည့်စေတီတော်ဓမ္မာရုံ၌ ကျင်းပသည်။

ဦးစွာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ဦးအောင်ကျော်မင်းနှင့် မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ဒုတိယမြို့နယ်အုပ်ချုပ်ရေးမှူး ဦးမျိုးမြင့်ကျော်တို့က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန ဦးစီးအရာရှိ ဒေါ်တင်တင်ထွေးက ပြည်သူ့စကားဝိုင်းပြုလုပ်ရခြင်း၏ ရည်ရွယ်ချက်ကို ပြောကြားသည်။ ယင်းနောက် လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူးရုံးမှ ဦးစီးအရာရှိ ဦးစသန့်ဖူးအောင်က e-ID စနစ်၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိ ဦးမျိုးသန်းက စိုက်ပျိုးရေးဦးစီးဌာန၏လုပ်ငန်းတာဝန်များ၊ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာနမှ ဒေါက်တာကျော်ကိုကိုခိုင်က မျိုးကောင်း မျိုးသန့်ပြောင်းလဲမွေးမြူရေး၊ ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်ခင်နှင်းချိုက ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း ဆောင်ရွက်မှုများကို ဆွေးနွေးပြောကြားခဲ့ကြောင်း သိရသည်။

**စည်သူလင်း(ပြန်/ဆက်)**



# မြိတ်မြို့နယ်ရှိ ကျေးရွာအဝင် သံကူကွန်ကရစ်တံတားနှင့် ကွန်ကရစ်လမ်းဆောင်ရွက်မည့် ကျေးရွာချင်းဆက်လမ်းအား ကြည့်ရှုစစ်ဆေး

မြိတ် ဩဂုတ် ၁၂

တနင်္သာရီတိုင်းဒေသကြီး မြိတ်မြို့နယ် ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာနက ဆောင်ရွက်ပြီးစီးခဲ့သည့် ကျေးရွာအဝင် သံကူကွန်ကရစ်တံတားနှင့် ကွန်ကရစ်လမ်းဆောင်ရွက်မည့် ကျေးရွာချင်းဆက်လမ်းအား ယနေ့နံနက်ပိုင်းက ကျေးလက်လမ်းဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)မှ အင်ဂျင်နီယာချုပ် ဦးထွန်းဝေ၊ တိုင်းဒေသကြီး ညွှန်ကြားရေးမှူး(မြို့ပြ) နှင့် တာဝန်ရှိသူများက ကွင်းဆင်းကြည့်ရှုစစ်ဆေးကြသည်။

ကွင်းဆင်းစစ်ဆေးရာတွင် အင်ဂျင်နီယာချုပ်နှင့် တာဝန်ရှိသူများသည် ၂၀၁၆ -၂၀၁၇ ဘဏ္ဍာနှစ် တိုင်းဒေသကြီး ငွေလုံးငွေရင်းရန်ပုံငွေဖြင့် ဆောင်ရွက်ပြီးစီးခဲ့သော စလွန်းကျေးရွာအဝင်လမ်းပေါ် ရှိ Box Culvert တစ်စင်းနှင့် ရှမ်းတောင်- စလွန်းလမ်းပေါ်ရှိ အလျား ၁၀ ပေ၊ အကျယ် ၂၄ ပေ တံတားတစ်စင်းကို ဒေသခံများနှင့်အတူ ကြည့်ရှုစစ်ဆေးသည်။



ထို့နောက် တိုင်းဒေသကြီးရန်ပုံငွေဖြင့် ကွန်ကရစ်လမ်း ဆောင်ရွက်မည့် ကျေးရွာချင်းဆက်လမ်းဖြစ်သော ရှမ်းတောင်-စလွန်းလမ်းတွင် ကွန်ကရစ်လမ်းခင်းခြင်းလုပ်ငန်း၏ အကြိုအင်ဂျင်နီယာလုပ်ငန်းများ ဆောင်ရွက်နေမှုကို သွားရောက်စစ်ဆေးပြီး လိုအပ်သည်များ မှာကြားခဲ့ကြောင်း သိရသည်။

**ခိုင်ထူး(ပြန်/ဆက်)**

# ကျိုက်ထိုမြို့၌ စာဖတ်ရှိန်မြှင့်တင်ရေး လူငယ်စကားဝိုင်းပြုလုပ်



ကျိုက်ထို ဩဂုတ် ၁၂

မွန်ပြည်နယ် ကျိုက်ထိုမြို့နယ်တွင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနနှင့် အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်း၍ စာဖတ်ရှိန်မြှင့်တင်ရေးလှုပ်ရှားမှုအဖြစ် လူငယ်/လူရွယ်များ ဗလငါးတန်ဖွံ့ဖြိုးရေး လူငယ်စကားဝိုင်းကို ယနေ့နံနက်ပိုင်းက ကျိုက်ထိုမြို့ အမှတ်(၂) အခြေခံပညာအထက်တန်းကျောင်း စိန်ပန်းခန်းမ၌ ပြုလုပ်သည်။

ဦးစွာ ကျောင်းအုပ်ဆရာကြီး ဦးဝင်းထွဋ်အောင်နှင့် စာပေချစ်သူများအသင်းအဖွဲ့ဝင် ဦးတင်ထွေးတို့က အမှာစကားပြောကြားပြီး ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ ဦးစီးအရာရှိ ဒေါ်သန်းသန်းမော်က လူငယ်စကားဝိုင်းပြုလုပ်ပေးရသည့် ရည်ရွယ်ချက်တို့ကို ဆွေးနွေးပြောကြားသည်။

ထို့နောက် အထက(၂)ကျောင်း Grade (12)မှ မသွန်းဝသန်မိုး၊ Grade(11)မှ မောင်ရန်နိုင်စိုး၊ မဝေဖူးနိုင်၊ မရွှန်းနဒီကျော်၊ မမိုးထက်မဒီတို့က "လူငယ်များကိုပျိုးထောင်ပေးပါ"၊ "ဘဝဆိုတာ အရှုံးပေးဖို့မဟုတ်ဘူး"၊ "လူအမျိုးမျိုးစိတ်အဖုံဖုံ"၊ "လောကဓံ" စသည့်ခေါင်းစဉ်တို့ဖြင့် ဆွေးနွေးကြသည်။

ယင်းနောက် တက်ရောက်လာကြသည့် ကျောင်းသား ကျောင်းသူများက သိလိုသည်များကို မေးမြန်းဆွေးနွေးကြရာ စကားဝိုင်းပါဝင်ဆွေးနွေးသူများက ပြန်လည်ရှင်းလင်းဖြေကြားပေးခဲ့ကြောင်း သိရသည်။

**ပြည့်ဖြိုး(ပြန်/ဆက်)**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်းမြို့နယ်၊ (၁၁)ရပ်ကွက်၊ ကံဘဲ့ဘူတာရုံလမ်း၊ ကံဘဲ့တာဝါအိမ်ရာ၊ တိုက်အမှတ်(အေ)၊ (၁၇-လွှာ)၊ အခန်းအမှတ်(၀၃)ဟုခေါ်တွင်သော အကျယ်အဝန်း (၈၂၄.၉၄၆)စတုရန်းပေရှိ ကွန်ဒိုတိုက်ခန်းနှင့်တကွ ယင်းကွန်ဒိုတိုက်ခန်းနှင့် သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဥပဒေနှင့်အညီ တရားဝင်လက်ရှိထားပိုင်ဆိုင်သူ ဒေါ်မေထက်အောင် [၁၂/ပဘတ(နိုင်)၀၃၃၁၂၇]က အဆိုပါ ကွန်ဒိုတိုက်ခန်းကို မိမိတစ်ဦးတည်းသာပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြုပြီး အပြီးအပိုင် ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် သဘောတူညီသောကြောင့် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေများအနက်မှ အချို့ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အထက်ပါ ကွန်ဒိုတိုက်ခန်းအား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တည်ဆဲဥပဒေများနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမြတ်မောင်ရှင်(LL.B, D BL, DIL, DML)**
**အထက်တန်းရှေ့နေ (စဉ်-၃၈၈၈၆)**
**အမှတ်-၅၆၇၊ မြေညီထပ်၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၇၇၈၅၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ရလပ-၂၅)၊ မြေကွက်အမှတ်(၃၂၃)၊ ဧရိယာ(၂.၀၀၂)ဧကရှိ နှစ်(၆၀)ဂရန်မြေ အမျိုးအစားမြေကွက်နှင့်ယင်းမြေကွက်ပေါ်တွင်ဆောက်လုပ်ထားသောအဆောက်အဦ အပါအဝင် ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေယာနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် Golden Lace Co.,Ltd ၏အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အဆိုပါမြေကွက်အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတော်၌ (၂-၆-၂၀၂၆)ရက်နေ့တွင် ချုပ်ဆိုသောစာချုပ်အမှတ်(၆၄၂၂/၂၀၂၆)အရ ဝယ်ယူပိုင်ဆိုင်သူ Arise Co.,Ltd ၎င်း၏ (၄-၈-၂၀၂၆)ရက်စွဲပါ ဒါရိုက်တာအဖွဲ့ အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် တာဝန်ပေးအပ်ခြင်းခံရသူ ဦးမျိုးမျိုးအောင် [၁၄/ဇလန(နိုင်)၀၀၃၂၅၇]က မိမိတစ်ဦးတည်းသာ ဥပဒေနှင့်အညီ လက်ရှိထားပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြုပြီး ရောင်းချရန် ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် သဘောတူညီသောကြောင့် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေများအနက်မှ အချို့ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အထက်ပါ မြေကွက်နှင့်အဆောက်အဦအား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသောစာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တည်ဆဲဥပဒေများနှင့်အညီပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။ **လွှဲအပ်ညွှန်ကြားချက်အရ**

**ဦးမြတ်မောင်ရှင်(LL.B, D BL, DIL, DML)**
**အထက်တန်းရှေ့နေ (စဉ်-၃၈၈၈၆)**
**အမှတ်-၅၆၇၊ မြေညီထပ်၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၇၇၈၅၀**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(ရလပ-၂၅)၊ မြေကွက်အမှတ်(၃၂၂)၊ ဧရိယာ(၁.၃၈၆)ဧကရှိ နှစ်(၆၀)ဂရန်မြေအမျိုးအစားမြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အဆောက်အဦအပါအဝင် ယင်းမြေကွက်နှင့်သက်ဆိုင်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့မှာ ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြမြေယာနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် Golden Lace Co.,Ltd ၏အမည်ဖြင့် အမည်ပေါက်မှတ်သားတည်ရှိပြီး အဆိုပါမြေကွက်အား ရန်ကုန်မြို့စာချုပ်စာတမ်းမှတ်ပုံတင်ရုံးတော်၌ (၂-၆-၂၀၂၆) ရက်နေ့တွင် ချုပ်ဆိုသောစာချုပ်အမှတ်(၆၄၂၃/၂၀၂၆)အရ ဝယ်ယူပိုင်ဆိုင်သူ Arise Co.,Ltd ၎င်း၏ (၄-၈-၂၀၂၆)ရက်စွဲပါ ဒါရိုက်တာအဖွဲ့အစည်းအဝေးဆုံးဖြတ်ချက်ဖြင့် တာဝန်ပေးအပ်ခြင်းခံရသူ ဦးမျိုးမျိုးအောင် [၁၄/ဇလန(နိုင်)၀၀၃၂၅၇]က မိမိတစ်ဦးတည်းသာ ဥပဒေနှင့်အညီ လက်ရှိထားပိုင်ဆိုင်ကြောင်း၊ ရောင်းချပိုင်ခွင့်နှင့် စီမံခန့်ခွဲပိုင်ခွင့်ရှိကြောင်း ဝန်ခံအဆိုပြုပြီး ရောင်းချရန်ကမ်းလှမ်းလာသဖြင့် ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန် သဘောတူညီသောကြောင့် အရောင်းအဝယ်ပြုလုပ်သည့် တန်ဖိုးငွေများအနက်မှ အချို့ကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ သို့ပါ၍ အထက်ပါမြေကွက်နှင့် အဆောက်အဦအား အရောင်းအဝယ်ပြုလုပ်ခြင်းနှင့်စပ်လျဉ်း၍ ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ယနေ့မှစ၍ (၁၄)ရက်အတွင်း ခိုင်လုံသော စာရွက်စာတမ်းအထောက်အထား(မူရင်း)များနှင့်တကွ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို တည်ဆဲဥပဒေများနှင့်အညီ ပြီးဆုံးသည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမြတ်မောင်ရှင်(LL.B, D BL, DIL, DML)**
**အထက်တန်းရှေ့နေ (စဉ်-၃၈၈၈၆)**
**အမှတ်-၅၆၇၊ မြေညီထပ်၊ ကုန်သည်လမ်းနှင့် မဟာဗန္ဓုလပန်းခြံလမ်းထောင့်၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း-၀၉-၅၀၇၇၈၅၀**

## ကန့်ကွက်နိုင်ကြောင်းကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ သန်လျင်မြို့နယ်၊ အောင်ချမ်းသာတိုးချဲ့၊ မြတ်ရတနာအိမ်ရာစီမံကိန်းအပိုင်း(၄)၊ မြေကွက်အမှတ်(၃၃၁)အား မူလအမည်ပေါက် ဦးဝင်းလွင် BPN-၀၁၆၂၅၈ ထံမှ စာချုပ်စာတမ်းများဖြင့် ဝယ်ယူထားသူ ဦးသိန်းနိုင် [၁၂/တမန(နိုင်)၀၅၂၆၁၆] က ၎င်း၏အမည်ဖြင့် မြေချပါမစ်ထုတ်ယူခွင့် လျှောက်ထားလာခြင်းအား ကန့်ကွက်လိုပါက ကြော်ငြာသည့်နေ့မှ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာဖွံ့ဖြိုးရေးဌာနခွဲ**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေးဦးစီးဌာန**

## ကြော်ငြာစာ

မန္တလေးမြို့၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအရှေ့ရပ်ကွက်၊ အကွက်အမှတ်(၅၈၄)၊ ဦးပိုင်အမှတ်(၁၃)၊ ၈၂ လမ်း၊ ၂၉x၃၀ လမ်းကြားရှိ ဘိုးဘမြေကွက်အမည်ပေါက်သူ ဒေါ်ခင်မော် (ခ) မော်လီ [၉/မရမ(နိုင်)၀၃၂၁၄၀]က ဘိုးဘစာအုပ်တင်ပြ၍ မှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသောအထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ**

## ငြင်းချက်ထုတ်ရန်ဆင့်စာ
## (တရားမကျင့်ထုံးဥပဒေ အမိန့် ၅၊ နည်းဥပဒေ ၂၀)
## မရမ်းကုန်းခရိုင်တရားရုံးတော်
## ၂၀၂၆ ခုနှစ်၊ တရားမကြီးမှုအမှတ် - ၁၃၉

| | | |
|---|---|---|
| Three Princess Co.Ltd | နှင့် | ၁။ ဒေါ်ချယ်ရီ |
| (ကုမ္ပဏီ၏ကိုယ်စား ဦးဝင်းလှ-မန်နေဂျာ) | | ၂။ ဒေါ်တင်ဦး |
| **တရားလို** | | **တရားပြိုင်များ** |

စစ်ကိုင်းတိုင်းဒေသကြီး၊ ဗန်းမောက်မြို့နယ်၊ စက်တောကျေးရွာအုပ်စု၊ အရှေ့ကုန်းရပ်ကွက်နေ (၁) တရားပြိုင်ဒေါ်ချယ်ရီ (ယခုနေရပ်လိပ်စာမသိသူ)နှင့် (၂) တရားပြိုင် ဒေါ်တင်ဦး (ယခုနေရပ်လိပ်စာမသိသူ)တို့ သိစေရမည်။

သင့်အပေါ်၌ တရားလိုမှ စက်ယန္တရား(၁)စီးလက်ရောက်ရလိုမှုနှင့် စက်ယန္တရားငှားရမ်းခ ကျန်ငွေ+နောက်ကျနစ်နာကြေးငွေ စုစုပေါင်းငွေ-၃၀၄,၁၀၁,၆၄၀ိ/- ကျပ် ရလိုကြောင်း လျှောက်ထားစွဲဆိုသည်ဖြစ်၍ သင်ကိုယ်တိုင်ဖြစ်စေ၊ ၎င်းအမှုနှင့် စပ်လျဉ်း၍ အရေးကြီးသည့်စကားအရပ်ရပ်တို့ကို ချေပပြောဆိုနိုင်သူ ကိုယ်စားလှယ်နှင့်ဖြစ်စေ၊ ရှေ့နေနှင့်ဖြစ်စေ၊ ၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၂၅ ရက် (၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း ၁၂ ရက်)နေ့ မွန်းမတည့်မီ (၁၀:၀၀)နာရီအချိန်တွင် အထက်အမည်ပါသူ တရားလို၏အဆိုလွှာကို ထုချေရှင်းလင်းရန် ရုံးတော်သို့ လာရောက်ရမည်။ ၎င်းပြင် အထက်ပါနေ့ရက်တွင် သင်မလာရောက်ပျက်ကွက်ခဲ့လျှင် သင့်မျက်ကွယ်တွင် ငြင်းချက်များကို ထုတ်ပေးလိမ့်မည်။ ၎င်းပြင် တရားလိုက ကြည့်ရှုလိုသည့် စာရွက်စာတမ်းများနှင့် သင်က ထုချေတင်ပြအမှီပြုလိုသည့် စာချုပ်စာတမ်း အစရှိသည်တို့ကို သင်နှင့်အတူ ယူဆောင်လာရမည်။ သို့မဟုတ် သင့်ကိုယ်စားလှယ်ရှေ့နေလက်တွင် ထည့်အပ်လိုက်ရမည်။ သင်က ထုချေလွှာတင်သွင်းလိုလျှင် အမှုမဆိုင်မီလေးရက်က တင်သွင်းရမည်။

၂၀၂၆ ခုနှစ်၊ ဩဂုတ်လ ၁၁ ရက်နေ့ ဤရုံးတံဆိပ်ရိုက်နှိပ်၍ ကျွန်ုပ်လက်မှတ်ရေးထိုး ထုတ်ပေးလိုက်သည်။

**(ကျော်ကိုကိုနိုင်)**
**ဒုတိယခရိုင်တရားသူကြီး(၄)**
**မရမ်းကုန်းခရိုင်တရားရုံး**

## ကန့်ကွက်နိုင်ပါကြောင်း ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ပန်းဘဲတန်းမြို့နယ်၊ (၉)ရပ်ကွက်၊ ဗိုလ်ဆွန်ပက်လမ်း၊ တိုက်အမှတ်(၇၄/၈၆)၊ အခန်းအမှတ်(၈)၊ ပထမထပ်ဟုခေါ်တွင်သော အခန်းအကျယ် ( ၃၀ ပေx ၆၀ ပေ) အကျယ်ရှိ တိုက်ခန်းနှင့် ယင်းတိုက်ခန်းနှင့်ပတ်သက်သော အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိပိုင်ဆိုင် ရောင်းချပိုင်ခွင့်ရှိသူဟု ဝန်ခံကတိပြုထားသည့် ဦးသန်းစိုး [၁၂/သလန(နိုင်)၀၈၃၉၂၄]ထံမှ ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေ ဦးကျော်မြင့်အောင်[၁၂/ပဘတ(နိုင်)၀၂၄၁၆၆]မှ တိုက်ခန်းတန်ဖိုးငွေ တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ သို့ဖြစ်ပါ၍ အဆိုပါတိုက်ခန်းနှင့်ပတ်သက်၍ အရောင်းအဝယ်အား ကန့်ကွက်လိုသူများရှိပါက ကျွန်ုပ်ထံသို့ တရားဝင်ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ဤသတင်းစာကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးအောင်ကျော်မြင့် LL.B., BSc. Engg (EC)**
**အထက်တန်းရှေ့နေ(စဉ်-၃၈၃၇၁)**
**အမှတ်(၆)၊ မြေညီ(ယာ)၊ ၁၆၁-လမ်း၊ တာမွေကြီး(က+ဂ)ရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း - ၀၉၄၂၀၁၀၅၁၈၁၊ ၀၁-၅၅၇၉၁၂**

## ကန့်ကွက်နိုင်ပါသည်

ရန်ကုန်တိုင်းဒေသကြီး၊ ရန်ကင်း မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်-(၈၅-ကံဘဲ့)၊ မြေကွက်အမှတ်(၄/၅ D) (က) နှင့် ၄/၅ D ) (ခ)၊ ပြည်တော်အေးရိပ်သာလမ်း ၊အကျယ်အဝန်း(၀.၀၃၈ ဧက)ရှိသော မြေကွက်နှစ်ကွက်သည် ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာနတွင် မြေပိုင်မြေအမျိုးအစားဖြစ်ပြီး အမည်ပေါက်သူဖြစ်သော ဒေါ်မိုးမိုးသူ [၁၂/ဗတထ(နိုင်)၀၁၄၄၃၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သော ဒေါ်ပေမာဝင်း [၁၃/လရန(နိုင်)၁၃၅၇၅၉]က အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်ကို ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်နှင့် မြေရှင်ထံသို့ ပိုင်ဆိုင်မှုအထောက်အထား စာရွက်စာတမ်းမူရင်းများကို ကိုင်ဆောင်၍ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ပြုလုပ်မည့်မြေကွက်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သန်းမြင့် ( LLB, WIPO, Switzerland )**
**တရားလွှတ်တော်ရှေ့နေ( စဉ် - ၁၂၇၇၄ )**
**၄၃၊ သီတာလမ်း၊ ရန်အောင်ရပ်ကွက်၊ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၉၆၇၆၈၃၂၀၄၊ ၀၉-၄၅၀၂၇၉၄၆၈**

## အများသိစေရန် ကြေညာခြင်း

ရန်ကုန်မြို့၊ တာမွေမြို့နယ်၊ မေတ္တာညွန့်ရပ်ကွက်၊ ဇာတိဂုဏ်လမ်း၊ အမှတ်(၁၃၂၈)၊ မြေညီထပ် (A)တိုက်ခန်းသည် ရောင်းချသူများဖြစ်သည့် ဦးစိန်ဝင်း [၁၂/တမန(နိုင်)၀၀၂၄၆၇]နှင့် ဦးရန်နိုင် [၁၂/တမန(နိုင်)၁၂၈၆၇၃]တို့မှ တရားဝင်လက်ရှိပိုင်ဆိုင်ထားပြီး၊ အရှုပ်အရှင်းကင်းရှင်းကြောင်း ဝန်ခံကတိပြုလျက် အပြီးအပိုင်လွှဲပြောင်းရောင်းချရန် ကမ်းလှမ်းခြင်းကို ကျွန်ုပ်တို့၏မိတ်ဆွေဖြစ်သူက အပြီးအပိုင်ဝယ်ယူရန် သဘောတူပြီး ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသဖြင့် ကန့်ကွက်ရန် ရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံသို့ ပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်း အပြည့်အစုံဖြင့် လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်ရန်မရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးမြောက်အောင်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန်ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးစိုးလွင် B.A (Law); LL.B** | **ဦးမျိုးညွန့်ဝင်း H.G.P, LL.B, D.M.L,** |
| | **Post Graduate Dip. in Global English** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၅၇၈၆/၁၉၉၁)** | **(စဉ်-၇၁၁၉/၂၀၀၂)** |

**အမှတ် (၅၈/၆၀)၊ ပထမထပ်၊ မဟာဗန္ဓုလပန်းခြံလမ်း၊**
**ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၄၅၀၀၀၁၇၈၄၊ ၀၉-၇၉၅၅၄၅၄၈၂**

## တစ်ဦးတည်း ဖြစ်ပါကြောင်း

ဒေါ်ကြည်ကြည်ဝင်း [၁၄/မအပ(နိုင်)၂၂၁၄၉၃] ၏ မိခင်အမည်မှာ ဒေါ်လှလှညိမ်း(ခ) ဒေါ်လှညိမ်းဟု ကွဲလွဲနေသော်လည်း လူပုဂ္ဂိုလ်တစ်ဦးတည်းဖြစ်ပါကြောင်း။

**ဒေါ်ကြည်ကြည်ဝင်း**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်မြို့နယ်၊ အမှတ်(၅)ရပ်ကွက်၊ အေးရိပ်မွန်အိမ်ရာ၊ တိုက်(၃၂)၊ အခန်း(၁၀၂)၏ မူလအမည်ပေါက် ဦးငွေးမြင့် ထံမှ ဒေါ်သန်းသန်းမေ [၁၂/ပဘတ(နိုင်)၀၀၆၃၆၂]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ် ပျောက်ဆုံးသွားပါသဖြင့် မိတ္တူမှန်ထုတ်ပေးခွင့်ပြုပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထားပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်၊

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာ**
**ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဗိုလ်တထောင်မြို့နယ်၊ အမှတ်(၃)ရပ်ကွက်၊ Time Square အိမ်ရာ၊ တိုက်(A-1)၊ အခန်း(၀၀၁)၏ အမည်ပေါက် ဦးဖုန်းမြတ်ကျော် [၁၃/လရန(နိုင်)၂၀၄၅၀၁] ထံမှ ဒေါ်ဝါဝင်းကြိုင် [၁၂/ဒဂန(နိုင်)၀၂၆၇၅၆] က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာ**
**ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)**
**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ အမှတ်(၈)ရပ်ကွက်၊ ကျန်စစ်မင်းအပိုင်း(၂) အိမ်ရာ၊ တိုက်(၂၂)၊ အခန်း(၃၀၁)၏ မူလအမည်ပေါက် ဒေါ်အေးမြမြမိုး [၁၂/သဃက(နိုင်)၀၂၁၀၈၀]ထံမှ ဒေါ်လင်းထက်ထက်ဦး [၁၂/တမန(နိုင်)၁၂၀၉၁၀]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင် အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊**
**မြို့ပြနှင့်အိမ်ရာဖွံ့ဖြိုးရေး**
**ဦးစီးဌာန(ရုံးချုပ်)၊ နေပြည်တော်၊**
**၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်း ကြော်ငြာ

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့နယ်၊ ပြည်လမ်းအရှေ့ရပ်ကွပ်၊ Grand Golden View အိမ်ရာ၊ တိုက်အမှတ် (Tower-2)၊ အခန်း(3B1)၏ မူလအမည်ပေါက် Dagon Internation Ltd; ထံမှ ဦးကိုဝင်း [၁၂/ဒဂန(နိုင်)၀၂၇၅၄၈]က စာချုပ်စာတမ်းဖြင့် ဝယ်ယူထားပြီး တိုက်ခန်းပိုင်ဆိုင်ခွင့်စာအုပ်တွင်အမည်ပြောင်းလဲပေးပါရန် လျှောက်ထားလာမှုအပေါ် ကန့်ကွက်လိုပါက ကြော်ငြာပါသည့်နေ့မှစ၍ (၁၅)ရက်အတွင်း အထောက်အထား ပြည့်စုံစွာဖြင့် တင်ပြကန့်ကွက်နိုင်ပါသည်။

**အိမ်ရာ(၂)၊ မြို့ပြနှင့်အိမ်ရာ**
**ဖွံ့ဖြိုးရေးဦးစီးဌာန(ရုံးချုပ်)၊**
**နေပြည်တော်၊ ၀၆၇-၃၄၀၇၅၄၇**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်မြို့၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်(၇၂)၊ ခွာညိုလမ်း၊ မြေကွက်အမှတ်(၂၈၂/က)၊ အကျယ်အဝန်း(၂၀x၆၀)ပေရှိ ပါမစ်မြေကွက်မှ အကျယ်အဝန်း(၁၀x ၆၀)ပေရှိ (မြေကွက်အမှတ်-၂၈၂/ခနှင့်ကပ်လျက်) မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့ကို တရားဝင်ပိုင်ဆိုင်ထားပြီး ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်ဇာနည်သိန်းထံမှ အပြီးအပိုင်ဝယ်ယူရန် ကျွန်ုပ်မိတ်ဆွေ ဦးခင်မောင်လွင်က ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ် ပေးချေထားပြီးဖြစ်ပါသည်။ စရန်ငွေပေးချေထားခြင်းနှင့် ပတ်သက်၍ မည်သူမဆို ကန့်ကွက်လိုပါက ယနေ့မှစ၍ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်းမူရင်းများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ကန့်ကွက်မည့်သူမရှိပါက ဥပဒေနှင့်အညီ အရောင်းအဝယ်စာချုပ်ကို ဆက်လက်ချုပ်ဆို၍ ဝယ်ယူသွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဦးမောင်မောင်မျိုးလှိုင်(LL.B)**
**တရားလွှတ်တော်ရှေ့နေ(စဉ်-၁၄၆၀၄)**
**အမှတ်(၁၂၁)၊ မြိတ်လမ်း၊ ၁၉-ရပ်ကွက်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၂၁၀၄၁၇၇၁၊ ၀၉-၇၉၉၈၉၆၀၉၃**

## နိုတြီကိုယ်စားလှယ်လွှဲစာအား
## ပြန်လည်ရုပ်သိမ်းကြောင်းကြေညာခြင်း

မန္တလေးတိုင်းဒေသကြီး၊ ချမ်းအေးသာဇံမြို့နယ်၊ မဟာဇေယျာဘုံရပ်ကွက်၊ ၂၆(ဘီ)လမ်း၊ (၅၈)လမ်းထောင့်၊ အမှတ်-၉၈ နေ ဒေါ်စန်းစန်းဝင်း (ဘ) ဦးသောင်းမြင့် [၉/မရမ(နိုင်)၀၁၀၈၀၉]မှ ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ ကျောက်မြောင်းရပ်ကွက်၊ ဒဂုံသီရိလမ်း၊ အမှတ်(၇၂)နေ ဦးကျော်ဇော (ဘ) ဦးမြင့်သိန်း [၁၂/တမန(နိုင်)၀၀၆၇၆၈] အား ပဲခူးတိုင်းဒေသကြီး၊ ပဲခူးမြို့နယ်၊ ဘောနက်ကြီးကျေးရွာအုပ်စု၊ ပန်းပင်အနောက်ကွင်း၊ ဦးပိုင်အမှတ်-၉၃(၁၂၀)(၁၁၅)(၁၁၆)၊ ဧရိယာ(၂၄.၈၉)ဧက၊ ကွင်းအမှတ်-ကြေးတိုင်ပြင်ကွင်းရှိ ဧက (၂၃၅.၀၀) ဧက စုစုပေါင်းဧရိယာ (၂၅၉.၈၉)အကျယ်အဝန်းရှိ မြေကွက်အတွက် လွှဲအပ်ထားသော နိုတြီကိုယ်စားလှယ်လွှဲစာအား ယနေ့သတင်းစာကြော်ငြာပါသည့်နေ့မှစ၍ ပြန်လည်ရုပ်သိမ်းကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးခွန်သူရိန်အောင် (LL.B)**
**အထက်တန်းရှေ့နေ(စဉ်-၅၅၆၃၄)**
**အမှတ်-၁၀/၁၂၊ (ပထမထပ်)(ဘီ-၂)၊ ၃၅-လမ်း (အောက်) ၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၄၅၈၀၄၂၆၃၅**

## နှစ်ဦးသဘောတူကွာရှင်းပြီးကြောင်း
## အများသိစေရန် ကြေညာခြင်း

မင်းကင်းမြို့နေ ဦးဇော်ဝေမင်း [၅/မကန(နိုင်)၀၆၄၄၈၈]နှင့် ရန်ကုန်မြို့နေ ဒေါ်ဖြူဖြူစိုး [၅/မကန(နိုင်)၀၆၅၀၆၇] တို့သည် (၂၀-၇-၂၀၂၁) ရက်နေ့က"နှစ်ဦးသဘောတူ အကြင်လင်မယားအဖြစ်မှ ကွာရှင်းပြတ်စဲခြင်းကတိစာချုပ်"ကို အသိသက်သေများရှေ့မှောက်၌ပြုလုပ်ချုပ်ဆိုခဲ့ကြပြီး အကြင်လင်မယားအဖြစ်မှ တရားဝင်ကွာရှင်းခဲ့ကြပြီးဖြစ်ပါသည်။ ထို့အပြင် ဦးဇော်ဝေမင်းနှင့် ပတ်သက်ဆက်နွယ်ခြင်းမရှိတော့သည်မှာ (၄)နှစ်ကျော်ခန့်ရှိပြီဖြစ်ပြီး တစ်ဦးနှင့်တစ်ဦး မည်သို့မျှ ပတ်သက်မှုမရှိတော့ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဖြူဖြူစိုး၏ လွှဲအပ်ညွှန်ကြားချက်အရ-**
**ဒေါ်ကေခိုင်မွန် (LL.B,DBL,DIL,DML)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၁၅၄၉၀)**
**အမှတ်(၃၈၁)၊ ထားဝယ်လမ်း၊ (၂၅)ရပ်တွက်၊**
**ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၂၃၀၃၆၃၀၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ လှိုင်သာယာမြို့နယ်၊ (၂၀)ရပ်ကွက်၊ ဗိုလ်ရန်အောင်လမ်း၊ အိမ်အမှတ် (၁၇၅၇/ခ) ဟုခေါ်တွင် သော အကျယ်အဝန်း (အလျား၂၀ ပေ x အနံ ၆၀ ပေ)၊ ဧရိယာ (၁၂၀၀) စတုရန်းပေရှိ ဦးခန်းဆောင် (TKA-၀၅၇၃၆၁) အမည်ပေါက် ပါမစ်အမျိုးအစားမြေနှင့် ယင်းမြေပေါ်တွင်ဆောက်လုပ်ထားသော နေအိမ်အဆောက်အအုံနှင့် လျှပ်စစ်မီတာ၊ ရေတိုင်ကင်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ပိုင်ဆိုင်ရောင်းချခွင့်ရှိသူများဖြစ်ကြသော ဦးမင်းမင်း [၁၄/လမန(နိုင်)၀၇၈ ၆၉၇] + ဒေါ်နန်းမေဘယ်(လ်)ချစ်ထွန်း [၁၂/ရပသ(နိုင်)၀၀၇၂၂၈] တို့ထံမှ ကျွန်ုပ်၏မိတ်ဆွေမှ အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသ ပေးချေထားပြီးဖြစ်ပါ၍ အိမ်ခြံမြေ ပိုင်ဆိုင်ခွင့်နှင့်ပတ်သက်ပြီး ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း စာရွက်စာတမ်းမူရင်းအထောက်အထားများနှင့်တကွ ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဦးကျော်လင်းထွန်း [၁၄/ဟသတ(နိုင်) ၂၇၇၅၉၂] ၏**
**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်အေးအေးသန့် (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်-၈၃၅၀/၁၃-၉-၂၀၁၂)**
**အမှတ်-၁၁(ပ-ထပ်)၊ ဝေဠုဝန်(၂)လမ်း၊ ၁၀/တောင်ရပ်ကွက်၊ စမ်းချောင်းမြို့နယ်၊ ရန်ကုန်မြို့။ ဖုန်း-၀၉-၅၀၆၁၀၅၃**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်ခရိုင်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ (၁၆၈)ရပ်ကွက်၊ ဗိုလ်ညီလမ်း၊ မြေကွက်အမှတ်(၁၆၈/၁-၉)၊ အကျယ်အဝန်း (၄၀x၆၀)ပေရှိ မြေကွက်သည် မြို့ရွာနှင့်အိုးအိမ်ဖွံ့ဖြိုးရေးဦးစီးဌာန၏ မြို့မြေစာရင်းတွင် ဒေါ်ရင်သိန်း (ဘ) ဦးစိန် [၁၂/အစန(နိုင်)၀၁၈၉၀၇] အမည်ပေါက်ပါမစ်မြေဖြစ်ပြီး မြေကွက်၏ စီမံခန့်ခွဲပိုင်ခွင့်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို ဆက်စပ်စာချုပ်ဖြင့် ဝယ်ယူပိုင်ဆိုင်ကြောင်း ပိုင်ဆိုင်မှုအရှုပ်အရှင်း တစ်စုံတစ်ရာမရှိ၍ လွတ်လပ်စွာ ပြန်လည်လွှဲပြောင်း ရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုပြောဆိုသူ ဦးဝင်းအောင် [၇/သပန(နိုင်)၀၃၇၆၅၉]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတွင်းခိုကျင် (ဘ) ဦးဆောင်းဇဒါလ်း [၄/တတန(နိုင်)၀၀၅၆၉၉] ကိုင်ဆောင်သူမှ ရောင်းဖိုးငွေ၏ တစ်စိတ်တစ်ဒေသကို စရန်ငွေအဖြစ်ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသော စာရွက်စာတမ်းမူရင်းများဖြင့် ယနေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မှုမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**ဦးတွင်းခိုကျင်၏ လွှဲအပ်ညွှန်ကြားချက်အရ -**
**ဒေါ်ကျိုန်ထိတ်ကိမ် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်-၅၅၇၀၁)**
**အမှတ်(၂၅)၊ သဇင်လမ်း၊ (၉၂)ရပ်ကွက်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း - ၀၉-၄၅၆၆၄၄၃၄၃**

## ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်အစိုးရ
## ပညာရေးဝန်ကြီးဌာန
## အခြေခံပညာဦးစီးဌာန
## နေပြည်တော်
## အိတ်ဖွင့်တင်ဒါ (Open Tender)ခေါ်ယူခြင်း

၁။ ၂၀၂၆-၂၀၂၇ ဘဏ္ဍာရေးနှစ်အတွင်း ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာနအောက်ရှိ အခြေခံပညာကျောင်းများတွင် တည်ဆောက်ရေးလုပ်ငန်း(၁၄)ခု ဆောင်ရွက်လိုပါသဖြင့် မြန်မာနိုင်ငံသားလုပ်ငန်းရှင်ကုမ္ပဏီများအား သတ်မှတ်ချက်များနှင့်အညီ အိတ်ဖွင့်တင်ဒါ (Open Tender) တင်သွင်းရန် ဖိတ်ခေါ်အပ်ပါသည်-

| | | |
|---|---|---|
| အိတ်ဖွင့်တင်ဒါပုံစံ စတင်ရောင်းချမည့်ရက်၊ အချိန် | - | ၁၃ - ၈ -၂၀၂၆ ရက် (၁၀:၀၀)နာရီ |
| အိတ်ဖွင့်တင်ဒါပိတ်မည့်ရက် ၊အချိန် | - | ၂၆ - ၈ -၂၀၂၆ ရက် (၁၆:၃၀)နာရီ |
| တင်ဒါဝယ်ယူရမည့်နေရာနှင့် တင်သွင်းရမည့်နေရာ | - | ရုံးအမှတ်(၁၃)၊ ပညာရေးဝန်ကြီးဌာန၊ အခြေခံပညာဦးစီးဌာန (ရုံးချုပ်)၊ နေပြည်တော် |

၂။ အိတ်ဖွင့်တင်ဒါတင်သွင်းရန် အသေးစိတ်အချက်အလက်များ သိရှိလိုပါက လူကိုယ်တိုင်ဖြစ်စေ ၊ တယ်လီဖုန်းနံပါတ်( ၀၆၇-၃၄၀ ၇၆၈၇၊ ၀၆၇-၃၄၀၇၆၉၄ နှင့် ၀၆၇-၃၄၀၇၁၁၅ )သို့ ရုံးချိန်အတွင်း ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**အိတ်ဖွင့်တင်ဒါ လက်ခံရေးနှင့်စိစစ်ရေးကော်မတီ**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ တောင်ဥက္ကလာပမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၇)၊ မြေကွက်အမှတ် (၇၈၇/က)၊ မြေပေအကျယ် (၂၀x၆၀)ပေ၊ ဧရိယာ (၁၂၀၀)စတုရန်းပေရှိ ဒေါ်ခင်စန်းမော် [၁၂/ ဥကတ (နိုင်) ၀၀၀၃၀၃]အမည်ပေါက် နှစ်(၆၀)ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အမှတ်(၇၈၇/က)၊ ရာဇာဓိရာဇ် (၂၁)လမ်း၊ (၇)ရပ်ကွက်၊ တောင်ဥက္ကလာပမြို့နယ်ဟုခေါ်တွင်သော နေအိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့ကို အမည်ပေါက်ထံမှ အရပ်ကတိစာချုပ်အရပ်ရပ်ဖြင့် တရားဝင် ဝယ်ယူပိုင်ဆိုင်၍ လွှဲပြောင်းရောင်းချခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်လှလှဌေး [၁၂/သဃက(နိုင်) ၁၀၂၈၉၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးအောင်ဇင်ထွန်း [၁၂/ဥကတ(နိုင်) ၁၆၁၃၀၀]က အပြီးအပိုင်ဝယ်ယူရန်အတွက် ရောင်းဖိုးငွေများအနက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။

သို့ပါ၍ အဆိုပါ မြေ၊ အိမ်အရောင်းအဝယ်နှင့်ပတ်သက်၍ အကျိုးသက်ဆိုင်ခံစားခွင့်ရှိပါက မည်သူမဆို အထောက်အထားမူရင်းများနှင့်တကွ ဤကြေညာစာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ ထိုသတ်မှတ်ရက်ကျော်လွန်ပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ပြီးဆုံးသည့်တိုင်အောင် ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်းကို အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဥမ္မာခင် (LL.B, D.I.L, D.M.L)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၄၄၄၅)**
**အမှတ်(၂၉၇/၂၉၉)၊ ၃လွှာ(C)၊ ဗညားဒလလမ်း၊ အရိုးကုန်းရပ်ကွက်၊ တာမွေမြို့နယ်၊ ရန်ကုန်တိုင်းဒေသကြီး။ ဖုန်း- ၀၉-၄၃၁၁၉၈၄၅၊ ၀၉- ၉၆၄၁၁၉၈၄၅**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ သဃ်္ဃန်းကျွန်းကြီးကျေးရွာအုပ်စု၊ သစ်ဆိမ့်ကုန်းရပ်ကွက်၊ မေခလမ်းနှင့်မလိခလမ်းထောင့်တွင်ရှိသော အမှတ်(၉) အကျယ်အဝန်း (၁၃၀ပေx ၁၅၀ပေ)ရှိ ရွာမြေအမျိုးအစားမြေကွက်၏ အကျိုးခံစားခွင့်ရပ်ရပ်တို့အား မိမိတစ်ဦးတည်းကသာ စာချုပ်အဆက်ဆက်ဖြင့် တရားဝင်ပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံသူ ဦးဝင်းထွန်းသန်း [၁၂/ရကန(နိုင်)၀၂၅၅၀၆]ထံမှ ကျွန်ုပ်၏မိတ်ဆွေဖြစ်သူ ဦးတက်တိုးအောင် [၁၂/မဂဒ(နိုင်)၀၁၅၁၅၁]မှ အပြီးအပိုင်ဝယ်ယူရန် စရန်ငွေတချို့တစ်ဝက် ပေးချေထားပြီးဖြစ်ပါသဖြင့် ၎င်းမြေကွက်အရောင်းအဝယ်ကိစ္စနှင့်ပတ်သက်၍ ကန့်ကွက်လိုသူရှိပါက ယခုကြော်ငြာပါသည့်နေ့မှစ၍ (၁၀)ရက်အတွင်း သက်သေအထောက်အထားမူရင်းများစုံလင်စွာဖြင့် ကျွန်ုပ်ထံသို့ ဆက်သွယ်ကန့်ကွက်နိုင်ပါကြောင်းနှင့် ကန့်ကွက်လိုသူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဦးတက်တိုးအောင်၏လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်မြမဥ္ဇူ (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၅၇၃၈)**
**တိုက်(၉/၁၁)၊ အခန်း(၂၀၅-E)၊ (၃၆)လမ်း(အောက်)၊**
**ကျောက်တံတားမြို့နယ်။ ၀၉-၄၀၁၆၀၁၇၉၇၊ ၀၉-၇၉၅၅၅၉၅၈၄**

## အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ အင်းစိန်မြို့နယ်၊ စော်ဘွားကြီးကုန်းရပ်ကွက်၊ (၁၀) မိုင်၊ ရန်ကြီးအောင်လမ်း၊ အမှတ်- ၇၂ တွင်နေထိုင်သူ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ကြည်ကြည်လှိုင် [၁၂/အစန (နိုင်) ၁၇၈၃၉၄]၏ လွှဲအပ်ညွှန်ကြားချက်အရ အောက်ပါအတိုင်းအသိပေးကြေညာအပ်ပါသည် -

ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ကြည်ကြည်လှိုင် အသုံးပြုလျက်ရှိသော Follower 150.9K, KyiKyi @knowledgable89 နှင့် Follower 15.6K, Ameliakyi@kyikyihlaing14 Tiktok Account တို့တွင် Tiktok Account- Sithu အမည်ဖြင့် @sithuver (Fake Account) အသုံးပြုသူမှ ဒေါ်ကြည်ကြည်လှိုင်အပေါ် ဂုဏ်သိက္ခာကျဆင်းစေရန်ရည်ရွယ်၍ မဖွယ်မရာ Comment များ ရေးသားခြင်း၊ ဒေါ်ကြည်ကြည်လှိုင်၏မိတ်ဆွေများ အသုံးပြုသည့် Tiktok Account များတွင်လည်း မဖွယ်မရာ Comment များရေးသားခြင်း၊ messagebox မှတစ်ဆင့် မဟုတ်မမှန်အကြောင်းအရာများကို message ရေးသားပေးပို့ခြင်းများကို အကြိမ်ကြိမ်ပြုလုပ်ခဲ့ကြောင်း သိရှိရပါသည်။

သို့ဖြစ်၍ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ကြည်ကြည်လှိုင်နှင့် ၎င်း၏မိတ်ဆွေများအသုံးပြုလျက်ရှိသည့် Facebook, Tiktok, Viber အစရှိသည့် Social Media များတွင် Comment ရေးသားခြင်း၊ message ပေးပို့ခြင်းများကို Sithu@sithuver (Tiktok Fake Account) ဖြင့်ဖြစ်စေ၊ အခြား Fake Account များဖြင့်ဖြစ်စေ ဒေါ်ကြည်ကြည်လှိုင်၏ ဂုဏ်သိက္ခာကျဆင်းစေရန် အသရေပျက်သည့် အရေးအသားများ ထပ်မံရေးသားပေးပို့ခြင်းမပြုရန်နှင့် ထပ်မံရေးသားပေးပို့ပါက သက်သေအထောက်အထားများနှင့်တကွ တည်ဆဲဥပဒေနှင့်အညီ အရေးယူဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း Sithu@sithuver (Tiktok Fake Account) အသုံးပြုသူနှင့်တကွ အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**

| | |
|---|---|
| **ဦးလေးလွင် (LL.B) (Ygn), DIHL (India)** | **ဒေါ်မေမြင့်သူအောင် (LL.B)** |
| **တရားလွှတ်တော်ရှေ့နေ** | **တရားလွှတ်တော်ရှေ့နေ** |
| **(စဉ်-၁၈၈၂၈)** | **(စဉ်-၁၇၈၆၁)** |
| **ဖုန်း - 09 250537191** | **ဖုန်း - 09 420226129** |
| **ဒေါ်ခိုင်ဇာလင်း (LL.B), D.B.L** | **ဒေါ်သီတာခိုင် (LL.B)၊** |
| **အထက်တန်းရှေ့နေ (စဉ်-၃၅၇၂၇)** | **အထက်တန်းရှေ့နေ (စဉ်-၅၂၅၁၄)** |
| **ဖုန်း- 09-428154815** | **ဖုန်း- 09-420047236** |

**အမှတ်-၈၀၊ ရာဇာဓိရာဇ်လမ်း၊ ဘိုခြံရပ်ကွက်၊ မင်္ဂလာဒုံမြို့နယ်၊ ရန်ကုန်မြို့။**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ကျွန်း/မြောက်ရပ်ကွက်၊ ဟသ်ာတလမ်း၊ အမှတ် (၄၅)၊ ၃-လွှာ၊ (၂၃ပေx ၄၈ပေ) အကျယ်အဝန်းရှိ Mini Condo တိုက်ခန်း (၁)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား လက်ရှိနေထိုင်ပိုင်ဆိုင်ဝယ်ယူထားသူ ဒေါ်ဆွေဆွေအောင် [၇/သရခ(နိုင်) ၀၉၅၁၅၈]ထံမှ ကျွန်ုပ် ဒေါ်ဒါရှီတောမ် [၁/ဝမန(နိုင်) ၀၅၅၅၉၈]က အပြီးအပိုင်ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသကို ပေးချေပြီးဖြစ်ပါသည်။ အထက်ဖော်ပြပါ အရောင်းအဝယ်ကို ကန့်ကွက်လိုပါက ကျွန်ုပ်ထံသို့ ခိုင်လုံသောပိုင်ဆိုင်မှုစာရွက်စာတမ်းမူရင်းအပြည့်အစုံဖြင့် ဤကြော်ငြာပါသည့် သက်မှတ်ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဒါရှီတောမ်**
**ဖုန်း- ၀၉-၂၅၆၄၈၈၉၇၃**

## အများသိစေရန် အသိပေးကြေညာခြင်း

ကျွန်ုပ်၏အမှုသည်ဖြစ်သူ ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်နေ ဒေါ်မို့မို့အေး (ဘ) ဦးအေးချို [၁၂/ရပသ(နိုင်) ၁၂၅၉၈၂]၏ လွှဲအပ်ညွှန်ကြားချက်အရ အများသိစေရန် အသိပေးကြေညာအပ်ပါသည်။ ကျွန်ုပ်၏အမှုသည်သည် ရွှေပြည်သာမြို့နယ်တွင် အမည်ပျက်မရှိဘဲ ဂုဏ်သိက္ခာရှိစွာ အလုပ်လုပ်ကိုင်နေသူဖြစ်ပါသည်။ ယခုအခါ မမိုးထားဝယ် TikTokAccount မှ ကျွန်ုပ်အမှုသည် ဒေါ်မို့မို့အေး၏ ဂုဏ်သိက္ခာထိခိုက်ကျဆင်းရန် ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ အသရေဖျက်ခြင်း၊ နှောင့်ယှက်ခြင်း၊ စိတ်ပြိုငြင်စေခြင်း၊ မဟုတ်မမှန် စွပ်စွဲခြင်းတို့ကို ပြုလုပ်နေကြောင်းသိရှိရပါသည်။ သို့ဖြစ်၍ ဒေါ်မို့မို့အေးနှင့်ပတ်သက်ပြီး အသရေပျက်ထိခိုက်နစ်နာစေသော မဟုတ်မမှန်သည့်ဖော်ပြချက်များကို ရေးသားဖြန့်ဝေခြင်း၊ နှောင့်ယှက်ခြင်းတို့ပြုလုပ်ထားသည်များကို ဤကြော်ငြာပါရှိသည့်ရက်မှ (၃)ရက်အတွင်း အပြီးတိုင်ဖျက်သိမ်းဖယ်ရှားပေးရန်နှင့် ထိုကဲ့သို့ပြုလုပ်မှုများ မည်သည့်အကောင့်ဖြင့်မဆို ဆက်သွယ်ရေးကွန်ရက်ကို အသုံးပြု၍ ထပ်မံမပြုလုပ်ရန် အသိပေးတားမြစ် လိုက်ပါသည်။ ထိုသို့ တားမြစ်ထားပါလျက် မရိုးမဖြောင့်သောသဘောဖြင့် မမိုးထားဝယ် TikTokAccount မှလည်းကောင်း၊ အခြားအမည်များဖြင့်လည်းကောင်း ထပ်မံပြုလုပ်ပါက ဥပဒေအရ အရေးယူဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် အသိပေးကြေညာအပ်ပါသည်။

**ဒေါ်မို့မို့အေး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်သဇင်အောင် (LL.B)**
**အထက်တန်းရှေ့နေ (စဉ်- ၃၉၀၇၀)**
**ဖုန်း- ၀၉-၆၇၉၅၆၀၀၈၀**

## ကန့်ကွက်နိုင်ကြောင်းအများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၃၄၊ မြေကွက်အမှတ်- ၇၀၊ အကျယ်အဝန်း (၄၀ပေx ၆၀ပေ)ရှိ ဒေါ်ခင်ခင်ဝင်း (TYT- ၀၀၃၇၉၁)အမည်ပေါက် ပါမစ်မြေကွက်နှင့် ယင်းမြေကွက်ပေါ်ရှိ အကျိုးခံစားခွင့်အရပ်ရပ်တို့အား စာချုပ်အဆက်ဆက်ဖြင့် တရားဝင်လက်ရှိထားဝယ်ယူပိုင်ဆိုင်ပြီး လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိကြောင်း ဝန်ခံကတိပြုသူ ဒေါ်မိမိမော် [၁၂/မရက (နိုင်) ၀၅၉၂၉၇]ထံမှ ကျွန်ုပ်မိတ်ဆွေက အပြီးအပိုင်ဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ ဖော်ပြပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ဤကြော်ငြာပါသည့်နေ့မှ (၇)ရက်အတွင်း ခိုင်လုံသောအထောက်အထား စာရွက်စာတမ်း(မူရင်း)များ ပြည့်စုံစွာဖြင့် ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ အကယ်၍ သတ်မှတ်ရက်အတွင်း ကန့်ကွက်ခြင်းမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ပြီးမြောက်သည်အထိ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**လွှဲအပ်ညွှန်ကြားချက်အရ -**
**ဦးကျော်ဆန်းဝင်း (LL.B)**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၀၈၉၁)**
**ရုံးခန်းအမှတ်(၅)၊ ပထမထပ်၊ Strand Condo ၊ အမှတ် (၃၃/၄၉)၊**
**မဟာဗန္ဓုလပန်းခြံလမ်း (ဘားလမ်း)၊ ကျောက်တံတားမြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း - ၀၉-၅၄၀၆၈၀၈**

## သားအဖြစ်မှစွန့်လွှတ်ခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ စမ်းချောင်းမြို့နယ်၊ ရှင်စောပုရပ်ကွက်၊ စမ်းချောင်းလမ်း၊ အမှတ်(၁၆၆)နေ အဖဦးသန့်ဇင် [၅/မရန(နိုင်) ၀၂၄၁၉၇]၊ အမိဒေါ်ညိုညိုအောင် [၅/ဒပယ(နိုင်) ၀၀၅၁၈၆]၏ သားဖြစ်သူမောင်သီဟသစ် [၁၂/စခန(နိုင်)၀၇၂၄၁၇] သည် မိဘများ၏ဆိုဆုံးမမှုကိုနာခံခြင်းမရှိဘဲ လွန်ခဲ့သော (၄)နှစ်ခန့်က အိမ်ပေါ်မှဆင်းသွားပြီး ယနေ့ထိပြန်လည်ဆက်သွယ်ခြင်းမရှိပါသဖြင့် သားအဖြစ်မှ စွန့်လွှတ်ကြောင်းနှင့် ၎င်းနှင့်ပတ်သက်သော မည်သည့်ကိစ္စကိုမဆို တာဝန်ယူဖြေရှင်းပေးမည်မဟုတ်ကြောင်း အသိပေးကြေညာအပ်ပါသည်။

**(အဖ) ဦးသန့်ဇင်နှင့် (အမိ) ဒေါ်ညိုညိုအောင်**

## ကန့်ကွက်နိုင်ပါကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ရွှေပြည်သာမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄၇)၊ (၁၉)ရပ်ကွက်၊ ယုဇနလမ်းသွယ် (၁)လမ်း၊ မြေကွက်အမှတ် (၇၀၅) ဟုခေါ်တွင်သော ရန်ကုန်မြို့တော်စည်ပင်သာယာရေးကော်မတီ၊ မြို့ပြနှင့် မြေစီမံခန့်ခွဲမှုဌာနတွင် ဒေါ်ဟိုင်လန်အမည်ဖြင့် မှတ်သားတည်ရှိသော အကျယ်အဝန်း (၄၀x၆၀)ပေရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့အား တရားဝင်လက်ရှိထားပိုင်ဆိုင်ကာ လွှဲပြောင်းရောင်းချပိုင်ခွင့်ရှိသူ အမည်ပေါက်ပိုင်ရှင် ဒေါ်ဟိုင်လန် [၁၃/လရန (နိုင်) ၁၆၇၈၀၅]မှ ရောင်းချရန် ကမ်းလှမ်းလာရာ ကျွန်ုပ်တို့၏မိတ်ဆွေ ဒေါ်ဝတ်ရည်ဝင်း [၁၂/ရပသ(နိုင်) ၀၈၇၉၉၈]မှ အပြီးအပိုင်လွှဲပြောင်းဝယ်ယူရန်အတွက် စရန်ငွေတစ်စိတ်တစ်ဒေသကို ပေးချေထားပြီးဖြစ်ပါသည်။ အဆိုပါ အရောင်းအဝယ်နှင့်ပတ်သက်၍ ကန့်ကွက်လိုသူများရှိပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများဖြင့် ဤကြော်ငြာပါသည့်နေ့မှစ၍ (၁၄)ရက်အတွင်း ကျွန်ုပ်တို့ထံ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်အတွင်း ကန့်ကွက်သူမရှိပါက ကျွန်ုပ်တို့၏မိတ်ဆွေဘက်မှ အရောင်းအဝယ်ပြီးဆုံးသည်အထိ ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်ဝတ်ရည်ဝင်း၏ လွှဲအပ်ညွှန်ကြားချက်အရ**

| | |
|---|---|
| **ဒေါ်ဖြူဝေဝေအောင် (LL.B)** | **ဒေါ်ယမင်းဖြူဖြူသိန်း [LL.B (Q)]** |
| **တရားလွှတ်တော်ရှေ့နေ(စဉ်-၁၈၂၅၀)** | **အထက်တန်းရှေ့နေ(စဉ်-၅၇၀၅၃)** |

**စုပေါင်းရုံးဝင်း၊ အင်းစိန်မြို့နယ်၊ ရန်ကုန်မြို့။**
**ဖုန်း- ၀၉-၇၇၇၂၉၁၇၇၅၊ ၀၉-၄၅၄၁၆၃၀၉**

## လှျပ်စစ်ဝန်ထမ်းဟောင်းများအသင်း
## ဝါဆိုသင်္ကန်းကပ်လှူပွဲ ဖိတ်ကြားလွှာ

လှျပ်စစ်ဝန်ထမ်းဟောင်းများအသင်း (၁၆)နှစ်ပြည့် အထိမ်းအမှတ်အဖြစ် ဝါဆိုသင်္ကန်း ကပ်လှူပူဇော်ပွဲအား အောက်ပါအစီအစဉ်အတိုင်း ကျင်းပမည်ဖြစ်၍ တာဝန်ထမ်းဆောင်ခဲ့သော ဝန်ထမ်းဟောင်းများနှင့် တာဝန်ထမ်းဆောင်ဆဲဝန်ထမ်းများ ကြွရောက်ကြပါရန် လေးစားစွာဖြင့် ဖိတ်ကြားအပ်ပါသည်-

| | | |
|---|---|---|
| ကျင်းပမည့်နေ့ရက် | - | ၂၀-၈-၂၀၂၆ (ကြာသပတေးနေ့) ၁၃၈၈ ခုနှစ်၊ ဝါခေါင်လဆန်း (၇)ရက် |
| ကျင်းပမည့်နေရာ | - | မင်းကွန်းတိပိဋကကျောင်း (ရွှေရတုခန်းမ)၊ အမှတ်(၁၆)၊ စကားဝါလမ်း၊ ဒဂုံမြို့နယ်။ |
| ကျင်းပမည့် အချိန် | - | နံနက် (၀၉:၀၀)နာရီတွင် တရားနာပါမည်။ နံနက် (၁၀း၀၀)နာရီတွင် သံဃာတော်များအား နေ့ဆွမ်းကပ်လှူပြီး ကြွရောက်လာသော ဧည့်သည်တော်များအား နေ့လယ်စာဖြင့် ဧည့်ခံပါမည်။ |

မှတ်ချက်။ ဝတ္ထုငွေနှင့် လှူဖွယ်ပစ္စည်းများ လှူဒါန်းလိုပါက အမှတ် (၁၉၇/၁၉၉)၊ အောက်ကြည့်မြင်တိုင်လမ်း၊ အလုံမြို့နယ်ရှိအသင်းရုံး ဖုန်း- ၀၉ ၄၄၉၅၄၆၃၇၄ သို့ ဆက်သွယ်လှူဒါန်းနိုင်ပါသည်။

**အမှုဆောင်အဖွဲ့**
**လှျပ်စစ်ဝန်ထမ်းဟောင်းများအသင်း**

## ပျောက်ဆုံးကြောင်း

ကျွန်တော် ဦးနိုင်ကိုကို CDC-68858 ကိုင်ဆောင်သူ၏ High Voltage Certificate (operational level) Certificate No. UT/HV 04-30/2016 မှာ ပျောက်ဆုံးသွားပါသဖြင့် တွေ့ရှိပါက အကြောင်းကြားပေးပါရန်။

**ဖုန်း-09-690821953**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ ရတနာပုံ(ဇ)ရပ်ကွက်၊ အကွက်အမှတ် (နန-၅)၊ ဦးပိုင်အမှတ်(၄၇ ခဲစင်း မြောက်ခြမ်း)၊ ၁၃၂x၁၃၃ ကြား၊ ၅၅x၅၆ လမ်းကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဒေါ်ခင်စောနွယ် [၉/မနမ(နိုင်) ၀၅၈၇၂၇]က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင် အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက်လိုပါက ခိုင်လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ကြော်ငြာစာ

မန္တလေးမြို့၊ ပြည်ကြီးတံခွန်မြို့နယ်၊ (ခ)ရပ်ကွက်၊ အကွက်အမှတ် (ဟ-၈)၊ ဦးပိုင်အမှတ် (၃၈ ခဲစင်း)၊ ၆၅x၆၇ ကြား၊ ၁၁၆x၁၁၇ ကြားရှိ ဂရန်မြေကွက် အမည်ပေါက်သူ ဦးခိုင်မင်းဦး [၇/တကန(နိုင်) ၀၂၄၄၀၂]၊ ဒေါ်မြင့်မြင့်အေး [၉/စကန (နိုင်) ၀၀၀၅၆၃]တို့၏ အထူးကိုယ်စားလှယ်လွှဲစာအမှတ် (၃၈၂၄/၂၀၂၀)ဖြင့် လွှဲအပ်ခြင်းခံရသူ ဒေါ်သက်မာဝင်း [၉/မနမ (နိုင်) ၁၁၆၉၅၇]က ဂရန်စာချုပ်တင်ပြ၍ ခဲစင်းပြမှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် ရေးကူးခွင့်ပြုပါရန် လျှောက်ထားလာပါသည်။ ကန့်ကွက် လိုပါက ခိုင် လုံသော အထောက်အထားများ၊ မှတ်ပုံတင်စာချုပ်စာတမ်းများ၊ တရားရုံးဒီကရီများဖြင့် (၁၄)ရက်အတွင်း ကန့်ကွက်နိုင်ပါသည်။

**မြို့ပြစီမံကိန်းနှင့်**
**မြေစီမံခန့်ခွဲမှုဌာန**
**မန္တလေးမြို့တော်**
**စည်ပင်သာယာရေးကော်မတီ**

## ရန်ကုန်တိုင်းဒေသကြီး၊ တာမွေမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ် (၄-ဒီ)၊ မြေကွက်အမှတ်(V-၁၁၁)၊ မြေအကျယ် (အလျား ၂၅ပေx အနံ ၄၂ပေ)၊ (၀. ၀၂၄၈ဧက) အကျယ်ရှိ နှစ်(၆၀) ဂရန်မြေကွက်နှင့် ၎င်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသော အမှတ်(၂၇)၊ ၁၃၇-လမ်း၊ တာမွေမြို့နယ်ဟုခေါ်တွင်သော (၂)ခန်းတွဲ (၂)ထပ်တိုက်၏ ပထမထပ် (ဘယ်/ညာ)တိုက်ခန်း (၂)ခန်းအပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်တို့နှင့်ပတ်သက်၍ ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

အထက်ဖော်ပြပါ မြေကွက်၊ တိုက်ခန်း(၂)ခန်းနှင့် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးတို့သည် ကျွန်ုပ်မိတ်ဆွေ ဖြစ်သူ ဒေါ်စန်းစန်းဦး [၁၂/မဂတ (နိုင်) ၁၁၅၂၈၁] မှ ဝယ်ယူပိုင်ဆိုင်လက်ဝယ်ထား အကျိုးခံစားလျက်ရှိသော မြေကွက်နှင့် တိုက်ခန်းများဖြစ်ပြီး အဆိုပါ မြေကွက်အား ကျွန်ုပ်မိတ်ဆွေအမည်သို့ မြေအမည်ပေါက်ပြောင်းလဲလျှောက်ထားဆောင်ရွက်မည်ဖြစ်ပါသောကြောင့် ကန့်ကွက်လိုသူများရှိပါက ပိုင်ဆိုင်မှုစာရွက်စာတမ်း အထောက်အထားမူရင်းနှင့်တကွ ဤကြော်ငြာပါသည့်ရက်မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံသို့ လာရောက်ကန့်ကွက်နိုင်ပါသည်။ သတ်မှတ်ရက်ပြည့်သည့်တိုင် ကန့်ကွက်သူမရှိပါက အရောင်းအဝယ်ကို ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ပါကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

**ဒေါ်စန်းစန်းဦး၏ လွှဲအပ်ညွှန်ကြားချက်အရ**
**ဒေါ်ဇင်မာမင်း LL.B, D.B.L, D.I.L**
**တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၁၆၅၁)**
**အမှတ် (၁၁၇)၊ ၄-လွှာ၊ အောင်မင်္ဂလာပတ်လမ်း၊**
**ကျောက်မြောင်းကြီးရပ်ကွက်၊ တာမွေမြို့နယ်။ ဖုန်း- ၀၉-၄၂၀၀၃၁၃၅၂**

## ကန့်ကွက်နိုင်ကြောင်း အများသိစေရန်ကြေညာခြင်း

ရန်ကုန်တိုင်းဒေသကြီး၊ ဒလမြို့နယ်၊ မြေတိုင်းရပ်ကွက်အမှတ်- ၃/မှော်စက်ရပ်ကွက်၊ မဟာဗန္ဓုလလမ်း၊ မြေကွက်အမှတ် (၈၆၅)၊ မြေအကျယ်အဝန်း (၄၀x၆၀)ပေ၊ (၀.၀၅၅)ဧက၊ (၂၄၀၀)စတုရန်းပေရှိသော (၁) ဦးထွန်းအောင် [၁၂/လသန(နိုင်) ၀၀၃၄၂၀]၊ (၂) ဦးဇော်ထွန်းအောင် [၁၂/ဗတထ (နိုင်) ၀၂၃၃၈၆]၊ (၃) ဦးကျော်ကျော်အောင် [၁၂/ဗတထ(နိုင်) ၀၂၃၃၈၇]၊ (၄) ဦးထွန်းထွန်းဦး [၁၂/ဗတထ(နိုင်) ၀၂၆၉၀၄]တို့၏ အမည်ဖြင့် အမှတ်အသားတည်ရှိသည့် နှစ်(၆၀) ဂရန်မြေကွက်နှင့် ယင်းမြေကွက်ပေါ်တွင် ဆောက်လုပ်ထားသည့် နှစ်ထပ်အိမ်အပါအဝင် အကျိုးခံစားခွင့်အရပ်ရပ်အားလုံးကို ၎င်းတို့ (၄)ဦးမှ ရောင်းချပိုင်ခွင့်ရှိကြောင်း၊ အရှုပ်အရှင်းကင်းကြောင်း ဝန်ခံကတိပြု၍ ရောင်းချရန်ကမ်းလှမ်းရာ ကျွန်ုပ်၏မိတ်ဆွေမှလည်း ဝယ်ယူရန် ရောင်းဖိုးငွေ၏တစ်စိတ်တစ်ဒေသအဖြစ် စရန်ငွေအား ပေးချေထားပြီး ဖြစ်ပါသည်။ သို့ဖြစ်ပါ၍ ယခုအရောင်းအဝယ်အား ကန့်ကွက်လိုပါက ခိုင်လုံသောစာရွက်စာတမ်း အထောက်အထားမူရင်းများနှင့်တကွ ဤကြော်ငြာပါသည့်နေ့မှစ၍ (၇)ရက်အတွင်း ကျွန်ုပ်ထံ လာရောက်ကန့်ကွက်နိုင်ပါကြောင်းနှင့် သတ်မှတ်ရက်အတွင်း ကန့်ကွက်မည့်သူမရှိပါက အရောင်းအဝယ်အား ဥပဒေနှင့်အညီ ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း အများသိစေရန် ကြေညာအပ်ပါသည်။

| | |
|---|---|
| **လွှဲအပ်ညွှန်ကြားသူ** | **လွှဲအပ်ညွှန်ကြားချက်အရ-** |
| **ဒေါ်အိနီသော်** | **ဒေါ်ချမ်းမြေ့မွန် (LL.B)** |
| **[၁၂/ဗတထ(နိုင်)၀၃၈၅၄၃]** | **တရားလွှတ်တော်ရှေ့နေ (စဉ်- ၁၇၅၁၀)** |
| | **အမှတ်(၁၅၈၇)၊ ကုမုဒြာလမ်း၊** |
| | **(၄၁)ရပ်ကွက်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်။** |
| | **ဖုန်း- ၀၉-၂၅၄၂၉၅၇၃၄** |

## ကန့်ကွက်နိုင်ကြောင်းကြေညာခြင်း

နေပြည်တော်၊ ပုဗ္ဗသီရိမြို့၊ ဝဏ္ဏာဒီပရပ်ကွက်၊ မြေတိုင်းရပ်ကွက်အမှတ်- ၁၂/ချင်းတွင်းအနောက်ရပ်၊ မြေဧရိယာ (၀.၁၁၀)ရှိ မြေကွက်အမှတ် (ပ-၂၃၇၁၈)ကို အမည်ပေါက် ဦးမိုးမင်းအောင် (ဘ) ဦးအောင်ဇင် နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၁၂/ရကန(နိုင်)၀၀၉၉၀၅]မှ ဦးအောင်ပြည့်စုံ (ဘ) ဦးတင်ငွေ နိုင်ငံသားစိစစ်ရေးကတ်ပြားအမှတ် [၉/ပမန(နိုင်)၁၂၂၇၁၇] နှင့် မှတ်ပုံတင်အရောင်းအဝယ်စာချုပ် ချုပ်ဆိုရန်အတွက် မြေပုံ၊ မြေရာဇဝင် လျှောက်ထားလာပါသဖြင့် ကန့်ကွက်လိုသူများအနေဖြင့် တရားဝင်ပိုင်ဆိုင်မှုစာချုပ်စာတမ်းများ၊ တရားရုံးအမိန့်ဒီကရီများ အထောက်အထားခိုင်လုံစွာတင်ပြ၍ မြို့ပြစီမံကိန်းနှင့် မြေစီမံခန့်ခွဲမှုဌာနသို့ ဤကြေညာချက်ပါရှိသည့်ရက်မှစ၍ (၁၅)ရက်အတွင်း နောက်ဆုံးထားပြီး လာရောက်ကန့်ကွက်နိုင်ကြောင်းနှင့် သတ်မှတ်ကာလအတွင်း ကန့်ကွက်သူမရှိပါက ဌာန၏လုပ်ထုံးလုပ်နည်းများနှင့်အညီ မြေပုံ၊ မြေရာဇဝင်လျှောက်ထားလာမှုအား ဆက်လက်ဆောင်ရွက်သွားမည်ဖြစ်ကြောင်း ကြေညာလိုက်သည်။

**မြို့ပြစီမံကိန်းနှင့်မြေစီမံခန့်ခွဲမှုဌာန**
**နေပြည်တော်စည်ပင်သာယာရေးကော်မတီ**

❖ နိုင်ငံတော် ရွှေသီးဖို့
ကုန်ထုတ်လုပ်မှု အားပေးစို့။

❖ နိုင်ငံတော် ဖွံ့ဖြိုးဖို့
ပညာရေးကို အားပေးစို့။

❖ နိုင်ငံတော် သာယာဖို့
သဘာဝပတ်ဝန်းကျင် ထိန်းကြစို့။

## ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ်များ ဆက်လက်ကျင်းပ ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ဗိုလ်လုပွဲ တက်ရောက်

နေပြည်တော် ဩဂုတ် ၁၂

အားကစားရေးရာဝန်ကြီးဌာန၊ အားကစားနှင့်ကာယပညာဦးစီးဌာနနှင့် မြန်မာနိုင်ငံဘောလုံးအဖွဲ့ချုပ်တို့ ပူးပေါင်းကျင်းပသည့် "၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲ" ကို ယနေ့ နံနက်ပိုင်းတွင် နေပြည်တော် ဝဏ္ဏသိဒ္ဓိအားကစားကွင်းရှိ ဖူဆယ်အားကစားရုံ၌ ဆက်လက်ကျင်းပပြီး ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲ (အမျိုးသား)

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ❂



## ၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲ (အမျိုးသား) ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနား MRTV မှ တိုက်ရိုက်ထုတ်လွှင့်မည်

နေပြည်တော် ဩဂုတ် ၁၂

၂၀၂၆ ခုနှစ် ဝန်ကြီးဌာနပေါင်းစုံ ဖူဆယ်ဘောလုံးပြိုင်ပွဲ (အမျိုးသား)ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ဩဂုတ် ၁၄ ရက် မွန်းလွဲ ၁ နာရီတွင် နေပြည်တော် ဖူဆယ်အားကစားပြိုင်ပွဲရုံ၌ ကျင်းပမည်ဖြစ်သည်။

ဗိုလ်လုပွဲ ပွဲစဉ်အဖြစ် ကာကွယ်ရေးဝန်ကြီးဌာနအသင်းနှင့် ဆောက်လုပ်ရေးဝန်ကြီးဌာနအသင်းတို့ ယှဉ်ပြိုင်ကစားကြမည်ဖြစ်ပြီး အဆိုပါ ဗိုလ်လုပွဲနှင့် ဆုချီးမြှင့်ပွဲအခမ်းအနားကို ယင်းနေ့ မွန်းလွဲ ၁၂ နာရီ ၄၅ မိနစ်မှ စတင်၍ MRTV HD Channel၊ MRTV Sports Channel နှင့် MRTV Entertainment Channel တို့မှ တိုက်ရိုက် (Live) ထုတ်လွှင့်ပြသမည်ဖြစ်သည်။ သတင်းစဉ်

## မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းများ၏ ရာသီကြိုခြေစမ်းပွဲတွင် ရတနာပုံနှင့် ရှေဝတီယူနိုက်တက်အသင်းတို့ အနိုင်ရ

ရန်ကုန် ဩဂုတ် ၁၂

၂၀၂၆-၂၀၂၇ ရာသီ MNL အမှတ်ပေးပြိုင်ပွဲအတွက် ပြင်ဆင်နေသည့် မြန်မာနေရှင်နယ်လိဂ်ကလပ်အသင်းများသည် ဩဂုတ် ၁၂ ရက်တွင် ရာသီကြိုခြေစမ်းပွဲများ ယှဉ်ပြိုင်ကစားရာ ရတနာပုံအသင်းနှင့် ရှေဝတီယူနိုက်တက်အသင်းတို့ အနိုင်ရခဲ့သည်။

စာမျက်နှာ ၁၂ ကော်လံ ၁ သို့ ❍



ရတနာပုံအသင်းနှင့် သစ္စာအားမာန်အသင်းတို့ ခြေစမ်းကစားစဉ်။

## (၃၉)ကြိမ်မြောက် ထိုင်းဘုရင့်ဖလား ISTAF WORLD SEPAKTAKRAW CHAMPIONSHIP ပြိုင်ပွဲတွင် ရွှေတံဆိပ်ဆု တစ်ခု၊ ငွေတံဆိပ်ဆု သုံးခု ဆွတ်ခူးရရှိခဲ့သည့် မြန်မာပိုက်ကျော်ခြင်းအသင်း ပြန်လည်ရောက်ရှိ

ရန်ကုန် ဩဂုတ် ၁၂

၂၀၂၆ ခုနှစ် ဩဂုတ် ၄ ရက်မှ ၁၁ ရက်အထိ ထိုင်းနိုင်ငံ ဗန်ကောက်မြို့၌ ကျင်းပခဲ့သည့် (၃၉)ကြိမ်မြောက် ထိုင်းဘုရင့်ဖလား ISTAF WORLD SEPAKTAKRAW CHAMPIONSHIP ပြိုင်ပွဲသို့ မြန်မာနိုင်ငံကိုယ်စားပြု မြန်မာ့လက်ရွေးစင် ပိုက်ကျော်ခြင်းအသင်း ဝင်ရောက်ယှဉ်ပြိုင်ခဲ့ရာ မြန်မာနိုင်ငံအတွက် ရွှေတံဆိပ်ဆု တစ်ခု၊ ငွေတံဆိပ်ဆု သုံးခု စုစုပေါင်း ဆုတံဆိပ်လေးခု ဆွတ်ခူးရရှိခဲ့သည်။

စာမျက်နှာ ၁၈ ကော်လံ ၁ သို့ ✧



### ယနေ့ ဖတ်စရာ


အသေးစား၊ အငယ်စားနှင့် အလတ်စား စီးပွားရေးလုပ်ငန်းရှင်များသို့ အသိပေးကြေညာချက် စာမျက်နှာ » ၇

သတ်မှတ်စစ်မှုထမ်းကာလပြည့်မြောက်ခဲ့သည့် ပြည်သူ့စစ်မှုထမ်းအမှတ်စဉ် (၄/ ၂၀၂၄)မှ ပြည်သူ့စစ်မှုထမ်းများအား ပြည်သူ့စစ်မှုထမ်းတံဆိပ်နှင့် ဂုဏ်ပြုမှတ်တမ်းလွှာများ ထိုက်တန်စွာချီးမြှင့်ပေးအပ် စာမျက်နှာ » ၉

ရန်ကုန်မြို့ ကမာရွတ်မြို့နယ်၌ ရပ်ထားသည့်မော်တော်ယာဉ်အတွင်းမှ ငွေကျပ်သိန်း ၆၀၀ ခိုးယူသူအား သက်သေခံပစ္စည်းများနှင့်အတူ ဖော်ထုတ်ဖမ်းဆီးရမိ စာမျက်နှာ » ၁၅


## တိုင်းဒေသကြီးနှင့်ပြည်နယ်များရှိ ဆင်စခန်းများ၌ ကမ္ဘာ့ဆင်များနေ့ အထိမ်းအမှတ်အခမ်းအနား ကျင်းပ




ညောင်ဦး ဩဂုတ် ၁၂

တိုင်းဒေသကြီးနှင့် ပြည်နယ်များရှိ ဆင်စခန်း ၂၀ တို့တွင် ဆင်စာကျွေးခြင်းဖြင့် ယနေ့ကျရောက်သည့် ကမ္ဘာ့ဆင်များနေ့ အထိမ်းအမှတ်အခမ်းအနားကို ကျင်းပပြီး ဆင်စာအဖြစ် နာနတ်သီး၊ ဖရဲသီး၊ ငှက်ပျောသီး၊ သခွားသီး၊ ရွှေဖရုံသီး၊ သရက်သီး၊ ကြံ၊ နေဗီယာမြက်၊ ကိုင်းမြက်၊ ဝါးရွက်၊ ပြောင်းဖူး စသည်တို့ကို ကျွေးမွေးခဲ့ကြကြောင်း သိရသည်။

ကမ္ဘာ့ဆင်များနေ့ကို ကမ္ဘာပေါ်ရှိ ဆင်များအား ကာကွယ်ထိန်းသိမ်းကြရန် ရည်ရွယ်ပြီး ၂၀၁၂ ခုနှစ် ဩဂုတ် ၁၂ ရက်နေ့မှ စတင်ကာ နှစ်စဉ်ကျင်းပခဲ့သည်။

စာမျက်နှာ ၁၈ ကော်လံ ၄ သို့ ★